ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ ခုနှစ် တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 20 March 2021 ၁၀၃၂၂

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး



ရန်ကုန် မတ် ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းအစီအစဉ်ကို ယနေ့ နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်း၌ ပြုလုပ်သည်။

ဆေးထိုးနှံခြင်းအစီအစဉ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ နှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင်သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃနာယက ဆရာတော်ကြီးများ စုစုပေါင်း ၄၅ ပါးတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးကြပြီး ဒုတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြသည်။

ထိုသို့ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဇော်ဝင်း နှင့်တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံ၏ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Fish Processing စီးပွားရေးဇုန်များ နယ်စပ်တွင် ထူထောင်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

**ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေ**

စာမျက်နှာ » ၆

**အမှန်တရားကို အစွဲမျက်မှန်ချွတ်၍ ရှာဖွေစေလိုပါသည်**

စာမျက်နှာ » ၁၅

# မန္တလေးခရိုင်အတွင်းရှိ နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းဝင်ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

မန္တလေး မတ် ၁၉

မန္တလေးခရိုင်အတွင်းရှိ နိုင်ငံတော်သံဃာ့အဖွဲ့အစည်းဝင်ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိပြီး ပထမအကြိမ်ထိုးနှံပေးပြီးသော ဆရာတော်ကြီးများအား ဒုတိယအကြိမ် ထိုးနှံပေးခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးမျိုးအောင်၊ ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများက ဆေးထိုးရန်ကြွရောက်လာသော ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ပြီး ကာကွယ်ဆေးထိုးနှံပေးမှုအားကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးရာတွင် မန္တလေးခရိုင်အတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ခုနစ်ပါး၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ်ဆရာတော်တစ်ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၁၄ ပါး စုစုပေါင်း ဆရာတော် ၂၂ ပါးအား ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ ဆက်လက်၍ ပထမ အကြိမ်ထိုးနှံပေးပြီးခဲ့သော ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိ တော်မူသည့် မန္တလေးခရိုင်အတွင်းရှိ ဆရာတော် ၃၇ ပါး၊ သီလရှင်ဆရာကြီး လေးပါး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ဆရာတော် ၁၁ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ကို မတ် ၂၀ ရက်တွင် ဒုတိယ အကြိမ်ထိုးနှံပေးခြင်း ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကြေးမုံ

# လုံခြုံရေးစိန်ခေါ်မှု ကြိုတင်မြော်တွေး ဂရုပြုဆောင်ရွက်

“ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper)” ဟူသည့် ယခုနှစ် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏ ဆောင်ပုဒ်အတိုင်း မိမိတို့အနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုအားလုံး၏ အန္တရာယ်ကို ကြိုတင်မြော်တွေး၍ ဂရုတစိုက် လေ့လာဆန်းစစ်ခြင်း၊ စိန်ခေါ်မှုများကို မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာသောရလဒ်များကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း မျှဝေခံစားခြင်းတို့ကို မလွဲမသွေ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအပါအဝင်ဖြစ်သည့် အာဆီယံဒေသကြီးသည် အင်အားကြီးနိုင်ငံများ အင်အားပြိုင်ဆိုင်မှု၊ ပထဝီအနေအထားအရ အချက်အချာကျမှုများကြောင့် လက်ရှိကာလတွင် သမားရိုးကျ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအပြင် ရာသီဥတုပြောင်းလဲမှု၊ အရင်းအမြစ်ရှားပါးလာမှု၊ သဘာဝဘေးအန္တရာယ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊ စားနပ်ရိက္ခာရှားပါးမှု၊ လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ သတင်းအချက်အလက်လုံခြုံရေး၊ ပင်လယ်ဓားပြမှု၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများအပါအဝင် အကြမ်းဖက်မှုနှင့် ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကဲ့သို့သော သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။

ထိုသို့ များပြားလှသော စိန်ခေါ်မှုအမျိုးမျိုးတို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကြိုတင်ပြင်ဆင်၍ အစဉ်အမြဲ ဂရုတစိုက် စီမံဆောင်ရွက်နေသည်။ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအနက် အကြမ်းဖက်ဝါဒနှင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံဒေသကြီးတစ်ခုလုံးကို အဓိကကြီးမားစွာ ခြိမ်းခြောက်နေသည့် ကိစ္စရပ်များဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် ဖြေရှင်းခြင်းထက် နိုင်ငံအများ စည်းလုံးညီညွတ်စွာ ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းခြင်းက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အားနည်းချက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည်။ ငွေကြေးဆိုင်ရာ စီးဆင်းမှုများကို စောင့်ကြည့်ကြပ်မတ်မှုများကို အပြည့်အဝမလုပ်ဆောင်နိုင်သေးပေ။ အကြမ်းဖက်သမားများ၏ အဓိကဝင်ငွေလမ်းကြောင်းဖြစ်သည့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများမှာ အာဆီယံဒေသအတွင်း ကျယ်ပြန့်စွာဖြစ်ပေါ်နေသည်။ အာဆီယံဒေသအတွင်း၌ အခြားသောဒေသများမှ လက်နက်အထောက်အပံ့များကို အများအပြားရရှိနိုင်မှု စသည့်အချက်များသည် အာဆီယံဒေသအတွင်း အကြမ်းဖက်ဝါဒများကို ဆန့်ကျင်တွန်းလှန်ရာတွင် ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အဓိက အတားအဆီးဖြစ်နေသည့်အချက်များ ဖြစ်သည်။

အာဆီယံနိုင်ငံများအနေဖြင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာတို့ကို ဆောင်ရွက်နေစဉ် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ဆက်တွဲရိုက်ခတ်မှုများကို လျှော့ချနိုင်ရန်နှင့် တားဆီးကာကွယ်ရေးအတွက် အာဆီယံတစ်နိုင်ငံချင်းအလိုက် ကျင့်သုံးလျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ လူမှုစီးပွားကဏ္ဍတွင် ထိခိုက်ခံစားရသူများ၏ လိုအပ်ချက်နှင့် ရပိုင်ခွင့်များကို ထိရောက်စွာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ အဆိုပါ ထိခိုက်ခံစားခဲ့ရသည်ကို ရေရှည်တွင် ပြန်လည်ကုစားကူညီပေးနိုင်ရေးအတွက် အစီအမံများနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ထားရန် သက်ဆိုင်ရာနိုင်ငံများက ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ၊ ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မြန်မာ့တပ်မတော်အနေဖြင့်လည်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိဖြစ်ပွားနေဆဲဖြစ်သော ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါသည် ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံခန့်၏ လူမှုဘဝများကို များစွာအပြောင်းအလဲဖြစ်ပေါ်စေခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံသားများ၏ လူမှုဘဝနေထိုင်မှုပုံစံသစ်များအတွက် များစွာထည့်သွင်းစဉ်းစား ဖန်တီးဖော်ဆောင်နေသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်နှင့် ဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ ယခုနှစ် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏ “ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper)” ဆောင်ပုဒ်ပါအတိုင်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအားလုံး၏အန္တရာယ်ကို ကြိုတင်ပြင်ဆင်မြော်တွေး၍ ဂရုတစိုက်လေ့လာဆန်းစစ်ကာ မျက်ခြည်မပြတ် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၉-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉, ၂၀၀ | ၉,၂၀၀ | ၅၄ | ၄၉၆,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၆၆ | ၅၇၃,၃၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁၂ | ၂၇၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၅ | ၁၂၃,၇၅၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၃၀ | ၉၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၅.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၉.၈၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၈၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၂၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၁၀.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆူပူဆန္ဒပြမှုများကို အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလအကြပ်အတည်း ထိန်းချုပ်မှု၊ တစ်ခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာ ဆောင်ရွက်လျက်ရှိကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရနာဂလိုဏ်ဂူပရိယတ္တိစာသင်တိုက် ထာဝရပစ္စည်းလေးပါးဆွမ်းပဒေသာပင် လှူဒါန်းခြင်းနှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရနာဂလိုဏ်ဂူပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ကလေးဝတောရပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသဂုရှင်သူမြတ်ထံ ထာဝရပစ္စည်းလေးပါး ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများက ဓမ္မာနုဂ္ဂဟဖြင့် ဆောင်ရွက်သကဲ့သို့ ဒါယကာများမှလည်း ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့လှူဒါန်းရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ယူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တစ်နိုင်ငံလုံးရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ အကြိမ် (၆၀)မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌမအစည်းအဝေးနှင့် သတ္တမအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်ပွဲ အခမ်းအနားကို တပေါင်းလပြည့်နေ့ မတ် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အထူးအလေးထား ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ရှိ Multimedia Room၊ Digital Library Room၊ Children Story Telling Room၊ Children Library Room၊ Special Reading Room၊ Data Center ၊ Exhibition Hall၊ စာအုပ်စင်ခန်းများနှင့် သင်တန်းခန်းမတို့၏ ခင်းကျင်းနေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှုရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလ၌ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတကာ စာကြည့်တိုက်များဖြင့် ချိတ်ဆက်၍ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဝန်ထမ်းများကို တွေ့ဆုံပြီး True University is collection of Books ဟုဆိုသည့်အတိုင်း စာကြည့်တိုက်သည် ဘဝအတွက် အသိပညာနှင့် ဗဟုသုတများရှာမှီးရန် ဘဝတက္ကသိုလ်ဖြစ်ကြောင်း၊ စာကြည့်တိုက်တွင် Self Learning လုပ်နိုင်ကြောင်း၊ လူတိုင်းသည် အတန်းပညာဖြင့် စာတတ်မြောက်ပြီးပါက စာဖတ်ရန်လိုအပ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်တတ်ရန်လိုကြောင်း၊ မိမိနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့်စာပေများကို ရွေးချယ်ဖတ်ရန်နှင့် အဆိပ်အတောက်ဖြစ်သည့်စာများကို မဖတ်မိရန်လိုကြောင်း၊ စာဖတ်ပါက အသိဉာဏ်ပြည့်ဝခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ စဉ်းစားတွေးခေါ်တတ်ခြင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှားအမှန် ခွဲခြားတတ်ခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်း၊ အလုပ်မှန်ကန်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက်မှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာ၍ စွမ်းအားပြည့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်လုပ်ငန်းသည် အသိပညာနှင့် ဗဟုသုတဆိုင်ရာ ဝန်ဆောင်မှုပြုလုပ်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အများပြည်သူဝန်ဆောင်မှုကို စေတနာထား ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာကြည့်တိုက်ဆိုင်ရာအခမ်းအနားများကို ကျင်းပနိုင်ခြင်း၊ အမျိုးသားစာကြည့်တိုက်တွင်ဖြစ်စေ၊ Library Portal တွင်ဖြစ်စေ ရယူအသုံးပြုနိုင်မည့် IG Publishing e-Books Database တစ်ခုစီကို စီစဉ်ဆောင်ရွက်ထားရှိပြီး အာရှဒေသတွင်းနိုင်ငံများဆိုင်ရာစာအုပ်များ၊ ကလေးစာပေဆိုင်ရာ Audio နှင့် e-Books စသည့် e-Resources များကို online မှရှာဖွေအသုံးပြုနိုင်ခြင်း၊ Multimedia Room တွင် ကျောင်းသား ကျောင်းသူများအတွက် e -Tekkaatho နှင့် ပညာရပ်ဆိုင်ရာ Database များ စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ Digital Library Room တွင် စုဆောင်းထားသော စာပေပစ္စည်းများ၏ ကက်တလောက်အချက်အလက်များကို အမျိုးသားစာကြည့်တိုက် Website ရှိ အွန်လိုင်းကက်တလောက်တွင် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်ခြင်း၊ ရှားပါးစာနယ်ဇင်းနှင့် ပေ၊ ပုရပိုက် စာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်းတို့ကို စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ မသန်စွမ်းသူများ စာဖတ်ခန်းတွင်လည်း အမြင်အာရုံချို့ယွင်းသူများ ဖတ်ရှုနိုင်ရန်အတွက် မျက်မမြင်စာဖြင့် ရေးသားထားသည့်စာအုပ်များ၊ မျက်မမြင်သုံး စာရေးကိရိယာများ၊ စာအုပ်ပါအကြောင်းအရာများကို နားထောင်နိုင်မည့် Audio Book ၊ MP3 Player နှင့် DVD Player များ စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ ကလေးများအတွက် ကလေးစာပေဆိုင်ရာစာအုပ်များ၊ ပုံပြောခန်းများ စီစဉ်ဆောင်ရွက်ပေးထားခြင်းအပြင် Audio Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဓလေ့ဆိုင်ရာ Documentary Film များ၊ အပတ်စဉ်/ လစဉ် ပြသမည့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေဆိုင်ရာ e-Resources များအား Website www.nlm.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Fish Processing စီးပွားရေးဇုန်များ နယ်စပ်တွင်ထူထောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Fish Processing စီးပွားရေးဇုန်များကို နယ်စပ်တွင် ထူထောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ရေလုပ်ငန်းသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ရေထွက်ပစ္စည်းလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးသာမက ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ အာဟာရပြည့်ဝရေးနှင့် စားသုံးသူ ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို အလေးပေး၍ ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ရေးနှင့် ပြည်တွင်း ပြည်ပ ဈေးကွက်နှစ်ခုလုံးအတွက် တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်မည့် Fish Processing စီးပွားရေးဇုန်များ ပေါ်ထွန်းလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညှိနှိုင်းကူညီ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းကုန်ကြမ်းများ တင်ပို့ရောင်းချသည့် အခြေအနေမှ တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်ရောင်းချသည့် နိုင်ငံအဖြစ် ပြောင်းလဲရပ်တည်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခက်အခဲများ ကျော်လွှားနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းဇုန်ကြီးများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ထူထောင်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက လိုအပ်သည့်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။


မြန်မာ့ရေလုပ်ငန်းကဏ္ဍအနေဖြင့် ကမ်းဝေးငါးဖမ်းရေယာဉ်အစင်း ၃၂၀၀၊ ကမ်းနီးငါးဖမ်းရေယာဉ် ၁၉၁၉၂ စင်း၊ ငါးသယ်ရေယာဉ် အစင်း ၂၆၀ တို့ဖြင့် ကမ်းရိုးတန်းဒေသများတွင် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များ၌ ငါး/ပုစွန်မွေးမြူရေးကန် ဧက ငါးသိန်းခန့်၊ စက်ရုံ ၁၂၄ ရုံဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့နှစ်စဉ်တင်ပို့နိုင်မှုကြောင့် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ အခြေအနေအရ နယ်စပ်ဖြတ်ကျော်တင်ပို့မှု အခက်အခဲများအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသဆိုင်ရာ ငါးလုပ်ငန်းအသင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနတို့က ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

**အဓိကစီးပွားရေးအဖြစ်**

ယခုအခါ တနင်္သာရီတိုင်းဒေသကြီး၌ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ကိုဗစ်-၁၉ ကဲ့သို့သော မမျှော်မှန်းနိုင်သည့် ဘေးဒုက္ခကြုံတွေ့ချိန်များတွင် ငါးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်နေသော ဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက်သို့ ပြောင်းလဲရေး၊ ရေခဲရိုက် ငါးကုန်ကြမ်းတင်ပို့မှုမှ ပြုပြင်ထုတ်လုပ်ပြီး ကုန်ချောတင်ပို့ရောင်းချနိုင်ရေးနှင့် မိမိတို့ နိုင်ငံသားများ၏ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိမှုကို အာမခံချက်ပေးနိုင်ရေးအတွက် Fish Processing ဇုန် ထူထောင်နိုင်ရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် မတ် ၁၉**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ဗီဒီယိုအစည်းအဝေး စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က လက်ရှိလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Content Provider များအနေဖြင့် အခွန်ငွေများ ပေးသွင်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ဆက်လက်၍ အစည်းအဝေး တက်ရောက်ကြသည့် FM ပုဂံ၊ ပတ္တမြား FM၊ ရွှေ FM၊ Forever Group Co.,Ltd၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Fortune Broadcasting Company Limited၊ KMA Tele Media Holdings Company Limited၊ My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် စက်မှုပိုင်းဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲများကို တင်ပြကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းတို့မှ တာဝန်ရှိသူများ အပါအဝင် အစည်းအဝေးတက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် မတ် ၁၉**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုပေးနိုင်ရေး၊ ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့မည့် ဟိုတယ်ဝန်ထမ်းနှင့် ဧည့်လမ်းညွှန်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး အမြန်ထိုးနှံပေးနိုင်ရေး၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားရှိသည့် Inya Lake Hotel အား ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်အတွင်း တည်းခိုနေသည့် နိုင်ငံခြားသားဧည့်သည်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် Inya Lake Hotel ၊ Ruby ခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခရီးသွားလုပ်ငန်းကို အမြန်ဆုံးပြန်လည်စတင်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရန် အထူးအလေးအနက်ထားမှာကြားခဲ့သည့်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်သူများ ကိုဗစ်-၁၉ ကာလအလွန် မွန်းကြပ်နေသော စိတ်ခံစားမှုများလျော့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာ အပန်းဖြေနိုင်ရေးအတွက် ခရီးသွားကန့်သတ်ချက်များ တစ်ပြေးညီ ဖြေလျှော့ပေးခြင်း၊ ဟိုတယ်/မိုတယ်များ ဖွင့်လှစ်ပေးခြင်းနှင့် အဝေးပြေး ခရီးသည်တင်ယာဉ်လိုင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဟိုတယ် နှင့် ခရီးသွားလုပ်ငန်းများ ကာလရှည်ကြာစွာ ရပ်ဆိုင်းထားရသဖြင့် လုပ်ငန်းရှင်များ အခက်အခဲများဖြစ်ပေါ်နေသည်ကို သိရှိရကြောင်း။

**ပြန်လည်ဖွင့်လှစ်နိုင်ရေး**

ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်များပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေးလုပ်ငန်းရှင်များမှ အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ ကိုဗစ်ကင်းစင်စွာဖြင့် ယုံကြည်စိတ်ချစွာ တည်းခိုနေထိုင် နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ချက်နှင့်အညီ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လွတ်လပ်စွာခရီးသွားလာနိုင်ပြီဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှလည်း လုပ်ငန်းရှင်များမှ ဆောင်ရွက်လိုသည့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားဧည့်သည်များနှင့် အဓိကထိတွေ့သည့် ဟိုတယ်ဝန်ထမ်းနှင့် ဧည့်လမ်းညွှန်များကိုလည်း ဦးစားပေး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် အပြည့်အဝကူညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အသင်းများမှ တာဝန်ရှိသူများနှင့် ခရီးသွားနယ်ပယ်အလိုက် လုပ်ငန်းရှင်များ၏ အသံကိုနားထောင်၍ အခြေအနေအမှန်ကိုသိရှိမှသာ လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ရင်ဆိုင်တွေ့ကြုံရသည့် ပကတိအခြေအနေအမှန်ကို ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြင့် ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းပြန်လည်ရှင်သန်နိုင်ရေး အသင်းများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ ကိုဗစ်-၁၉ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မှုနှင့် ထပ်မံရရှိနိုင်ရေးကိစ္စနှင့် ခရီးသွားကော်မတီများ ပြန်လည်ဖွဲ့စည်းမည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင် အသင်းများမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ချေးငွေဆိုင်းငံ့ထားရှိမှု၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များကို ကိုဗစ် ကာကွယ်ဆေးထိုးနှံပေးစေလိုမှု၊ အသင်းများမှ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် အမည်စာရင်းရရှိမှု၊ ဟိုတယ်များ အမြန် ဖွင့်လှစ်ပေးစေလိုသည့် အခြေအနေ၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ ခွင့်ပြုပေးနိုင်ရေး၊ တိုင်းဒေ သကြီး/ပြည်နယ်အားလုံးတွင် ပြည်တွင်း ဘုရားဖူးလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအခြေအနေနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်နိုင်ရေးတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေး ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ဘဏ်(World Bank)၏ ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁၉**

ကမ္ဘာ့ဘဏ်(World Bank)နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ချေးငွေနှင့် အထောက်အပံ့စီမံကိန်းများ၏ လက်ရှိဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် World Bank ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ဆဲ ချေးငွေစီမံကိန်းများနှင့် အထောက်အပံ့စီမံကိန်းများ၏ လက်ရှိစီမံကိန်းဆောင်ရွက်မှုအခြေအနေများ၊ ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အသီးသီးတင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးမည့် ကိစ္စရပ်များနှင့် စီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ စီမံကိန်းတာဝန်ခံအရာရှိများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေ

**ထွန်းထွန်း(ခရေရိပ်)**

**ကာလာမသုတ္တန်**

အင်္ဂုတ္တရနိကာယ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုတ္တန်တစ်ခု ဟောကြားထားပါတယ်။ ကာလာမသုတ္တန်လို့ ထင်ရှားပါတယ်။ သုတ္တန်ဖြစ်ပေါ်လာပုံကတော့ အခါတစ်ပါးမှာ မြတ်စွာဘုရားနဲ့ နောက်ပါသံဃာတို့ဟာ ဒေသစာရီ ကြွချီတော်မူရာ ကောသလတိုင်း ကေသမုတ္တမည်သော နိဂုံးရွာကြီးသို့ ရောက်တော်မူပါတယ်။

ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူတာကို သိကြကုန်သော ကေသမုတ္တနိဂုံးသား ကာလာမ အမျိုးကောင်းသားတို့က ဘုရားရှင်အား လာရောက်ဖူးမြော်ကြပါတယ်။ သင့်တင့်လျောက်ပတ်ရာ ထိုင်ကြပြီး ရှိခိုးဦးချကြကာ ဘုရားရှင်အား မေးလျှောက်ကြပါတယ်။

အရှင်ဘုရား အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ရောက်လာကြပါတယ်။

ထိုသမဏဗြာဟ္မဏတို့ဟာ ၎င်းတို့အယူဝါဒသာလျှင် အမှန်ဖြစ်တယ်၊ ကောင်းတယ်ဆိုကြပြီး သူတစ်ပါးအယူဝါဒကိုတော့ ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ မထီမဲ့မြင်ပြုကြပါတယ်။ တခြားသော သမဏဗြာဟ္မဏအချို့တို့ ကေသမုတ္တနိဂုံးသို့ ရောက်လာတော့လည်း ထိုသမဏ ဗြာဟ္မဏတို့က ၎င်းတို့အယူဝါဒကိုသာလျှင် မှန်ကန်ကောင်းမွန်ကြောင်း ပြောကြားကြပြီး သူတစ်ပါးအယူဝါဒကို ရှုတ်ချစော်ကားကြပါတယ်။

အရှင်ဘုရား ထိုသမဏဗြာဟ္မဏတို့မှာ ဘယ်သမဏဗြာဟ္မဏသည် မှန်သောစကားကို ဆိုပါသနည်း၊ အဘယ်သမဏဗြာဟ္မဏသည် မမှန်သောစကားကို ဆိုပါသနည်းဟု တပည့်တော်တို့မှာ ယုံမှားခြင်း၊ တွေးတောခြင်း ဖြစ်ခဲ့ပါတယ်လို့ လျှောက်ထားကြပါတယ်။

ထိုအခါ ဘုရားရှင်က ကာလာမတို့ သင်တို့အား ယုံမှားခြင်း၊ သံသယဖြစ်ထိုက်ပါပေတယ်။ ဘယ်သူမှန်တယ်၊ မှားတယ်ဆိုတာကို မိမိတို့ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချင့်ချိန်နိုင်အောင် ဆုံးမလမ်းညွှန်တော်မူခဲ့ပါတယ်။ ထိုကာလာမသုတ်ကို ကေသမုတ္တနိဂုံးရွာ၌ ဟောကြားတော်မူသောကြောင့် ကေသမုတ္တိသုတ် ဟူ၍လည်း အမည်တွင်ခဲ့ပါတယ်။

ကာလာမသုတ်တွင် မာ အနုဿဝေန - ပြောသံကြားရုံနဲ့လည်း မယုံနဲ့။ မာ ပရမ္ပရာယ - ရှေးရိုးစဉ်ဆက်စကားဖြစ်လို့လည်း မယုံနဲ့။ မာ တက္ကဟေတု- အဲဒီလိုဖြစ်ဖူးလို့လည်း မယုံနဲ့။ မာ နယဟေတု - ကိုယ့်ဘာသာ တွေးမိကြံမိတာလောက်လေးနဲ့လည်း မယုံနဲ့။ မာ ဘဗ္ဗရူပတာယ - ကိုယ့်ခံယူချက်နဲ့ တူတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ မာ ပိဋကသမ္ပဒါနေ - ပိဋကတ်စာပေကျမ်းဂန်ထဲမှာ ပါတယ်ဆိုရုံနဲ့လည်း မယုံနဲ့။ မာ သာမဏော နောဂရုတိ - ကိုယ်ယုံကြည်ရိုသေတဲ့သူရဲ့စကားဆိုပြီးတော့လည်း မယုံနဲ့ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

> **မြတ်ဗုဒ္ဓက အကြောင်းကိစ္စတစ်ခု၊ ပြဿနာတစ်ရပ်ကို အမှန်အမှားကို ဆုံးဖြတ်တဲ့အခါ ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကျိုးကြောင်းဆင်ခြင်လေ့လာပါ၊ မိမိတို့ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီး ဆင်ခြင်သုံးသပ်ဆုံးဖြတ်ကာ လိုက်နာကျင့်သုံးနိုင်အောင် လမ်းပြမြေပုံအဖြစ် ကာလာမသုတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားသူဟာ ပြဿနာတစ်ရပ်ကို အမှားအမှန် ကွဲကွဲပြားပြား သုံးသပ်အဖြေထုတ်နိုင်သလို ဖြေရှင်းဖို့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပိုင်ပိုင်နိုင်နိုင် ချမှတ်နိုင်မှာဖြစ်ပါတယ်။ လေ့လာဝေဖန်ပိုင်းခြားပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်ရင်၊ လိုက်နာကျင့်သုံးနိုင်ရင် အမှားကင်းပြီး ကောင်းကျိုးချမ်းသာသုခတွေကို ရရှိမှာ ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြုစေနိုင်မှာဖြစ်။**

**အကျိုးပြုစေနိုင်မှာဖြစ်**

မြတ်ဗုဒ္ဓက အကြောင်းကိစ္စတစ်ခု၊ ပြဿနာတစ်ရပ်ကို အမှန်အမှားကို ဆုံးဖြတ်တဲ့အခါ ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကျိုးကြောင်းဆင်ခြင်လေ့လာပါ၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားပြီး ဆင်ခြင်သုံးသပ်ဆုံးဖြတ်ကာ လိုက်နာကျင့်သုံးနိုင်အောင် လမ်းပြမြေပုံအဖြစ် ကာလာမသုတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားသူဟာ ပြဿနာတစ်ရပ်ကို အမှားအမှန် ကွဲကွဲပြားပြား သုံးသပ်အဖြေထုတ်နိုင်သလို ဖြေရှင်းဖို့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပိုင်ပိုင်နိုင်နိုင်ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ လေ့လာဝေဖန်ပိုင်းခြားပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်ရင်၊ လိုက်နာကျင့်သုံးနိုင်ရင် အမှားကင်းပြီး ကောင်းကျိုးချမ်းသာသုခတွေကို ရရှိမှာဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်း တစ်ခုလုံးကို အကျိုးပြုစေနိုင်မှာ ဖြစ်ပါတယ်။

> **နိုင်ငံ့ဝန်ထမ်းတွေကို လစာပေးဖို့ ရွှေတိဂုံဘုရားက ပိုက်ဆံတွေကို ယူတယ်လို့ ငရဲကျမယ့် လုပ်ကြံသတင်းရေးတဲ့သူက ရေးတယ်၊ နောက်ပို့စ်တစ်ခုကဆိုရင် သူလှူခဲ့တုန်းက ပိုက်ဆံနံပါတ်ကို မှတ်ထားခဲ့တာ လစာထုတ်တော့ အဲဒီပိုက်ဆံနံပါတ်အတိုင်း ပြန်ရတယ်ဆိုပြီး ပိုက်ဆံပုံနဲ့ တင်သူကတင်ပြန်ပါတယ်။ ဒါ့အပြင် နောက်ဆုံးတိုက်ပွဲပါ တောင့်ခံထားကြပါ။ UN က လာတော့မယ်၊ အမေရိကန်က လာတော့မယ်ဆိုတာတွေလည်း ပါသေးတယ်။ အဲဒါတွေကို ယုံတဲ့သူတွေက ယုံပြီး စိတ်တွေ ထကြွလာပါတယ်။ မိုက်ရူးရဲဆန်လာပါတယ်။ ကြမ်းတမ်းလာပါတယ်။ ဥပဒေမဲ့လုပ်ရပ်တွေအထိ မကြောက်မရွံ့ လုပ်ကိုင်လာကြပါတယ်။ ဆူပူအုံကြွမှုတွေ ပိုမိုကြီးထွားလာအောင်၊ အဖျက်အမှောင့်လုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာအောင်၊ ပြည်သူတွေအချင်းချင်း မေတ္တာတရားကင်းမဲ့ပြီး ရန်ပြုတိုက်ခိုက်ချင်အောင်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ ကျဆင်းလာပြီး မဟုတ်တာကို အဟုတ်ထင်အောင်၊ ယုံကြည်အောင် လှုံ့ဆော်လာကြ။**

ယနေ့ခေတ်မှာ လူတွေက အကြားအမြင်တွေ များလာကြပါတယ်။ ဟိုမှ၊ ဒီမှ၊ အင်တာနက်မှ စသည်ဖြင့် သတင်းအချက်အလက်တွေ ရရှိကြပါတယ်။ သတင်းနဲ့အတူ အတင်းအဖျင်းမျိုး (Gossip) နဲ့ ကြားဖူးနားဝ (Hearsay) တွေလည်း ပါလာတယ်။ အဲဒီလို သတင်းပုံစံနဲ့ လူမှုကွန်ရက်ပေါ်ရောက်လာတဲ့ အကြောင်းအရာတွေက နေ့စဉ်ဘဝမှာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့က စိန်ခေါ်မှုအသွင်နဲ့ ရှိနေပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်စာမျက်နှာကို အလွန်အမင်း အားကိုးသုံးစွဲလာကြပါတယ်။ သတင်းအချက်အလက်တွေကို လူမှုကွန်ရက်က ရယူပြီး တွေ့တဲ့အကြောင်းအရာမှန်သမျှကို အမှန်လို့ မျက်စိမှိတ်ယူဆကာ ဆုံးဖြတ်လုပ်ကိုင်လာကြပါတယ်။ အဲဒီထဲမှာ စာတွေအများကြီး သင်ထားပေမယ့် ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းတဲ့သူတွေတောင် ပါနေတာကို အံ့အားသင့်ဖွယ်တွေ့ရပါတယ်။

**စံနှုန်းတွေသတ်မှတ်**

တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပြောဆိုနိုင်ဖို့၊ သတင်းအချက်အလက်မျှဝေဖို့ လူမှုကွန်ရက်ကို ရည်ရွယ်သုံးစွဲခဲ့ပေမယ့် ယခုအခါ အသုံးချတဲ့ပုံစံက ပြောင်းလဲလာပါတယ်။ ကောင်းကျိုးထက် ဆိုးပြစ်ဘက်ကို ဦးတည်လာပါတယ်။ ကိုယ်ကျိုးအတွက် စည်းရုံးဖို့၊ ပုဂ္ဂိုလ်ရေးလှောင်ပြောင်သရော်ဖို့၊ အမုန်းစကားဖြန့်ဝေဖို့ဆိုတာတွေ ဦးတည်ဆောင်ရွက်လာတဲ့အတွက် ဖေ့စ်ဘွတ်က စံနှုန်းတွေ သတ်မှတ်ထုတ်ပြန်တားမြစ်ထားရတဲ့အဆင့် ဖြစ်လာပါတယ်။

နိုင်ငံကိုအရေးပေါ် အခြေအနေကြေညာပြီးနောက်ပိုင်း နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင် မသမာသူတွေက လှုံ့ဆော်ဖန်တီးကြိုးပမ်းနေတဲ့ အခုလို အချိန်အခါမှာ လူမှုကွန်ရက်ကို ပိုမိုမှီခိုလာကြပါတယ်။ ဆန္ဒပြမှုဆူပူမှုတွေ၊ သပိတ်မှောက်မှုတွေ၊ စီတန်းလှည့်လည်မှုတွေက လူမှုကွန်ရက်ကို အသုံးချပြီး အချိန်နှင့်အချက်ပြုလုပ်တာ၊ ဆက်သွယ်စည်းရုံးလှုံ့ဆော်တာကို လုပ်ဆောင်လာကြပါတယ်။

ဒါ့အပြင် လူတွေကို သွေးဆူအောင်၊ လမ်းပေါ်ထွက်အောင်၊ ဆူပူအကြမ်းဖက်ချင်လာအောင် သတင်းတွေကို ပုံဖျက်ရေးသားလာကြပါတယ်။ ဖားကန့်က မြေစာပုံပြိုလို့ သေတဲ့သူတွေရဲ့ပုံကို လှိုင်သာယာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကပစ်လို့ သေတဲ့ပုံလို့ ဖွကြပါတယ်။ အခြားလုပ်ကြံသတင်းတွေလည်း ပလူကိုပျံနေတာပါပဲ။

စာမျက်နှာ ၇ သို့ ❖

> **လူတစ်ဦးရဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းလျော့နည်းမှု၊ မဟုတ်သည်ကို အဟုတ်ထင်ယုံကြည်မှုတို့ဟာ သူတစ်ယောက်တည်းကိုသာ လောင်မြိုက်စေတာမဟုတ်ပါဘူး။ သူနဲ့ ဆက်စပ်ပတ်သက်နေတဲ့ လူ့အဖွဲ့အစည်း၊ နိုင်ငံကိုလည်း ဆင်းရဲဒုက္ခခံစားရစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မကောင်းတာတွေမဖြစ်ရအောင် မြတ်ဗုဒ္ဓရဲ့ ကာလာမသုတ္တန်အတိုင်း ဝေဖန်ပိုင်းခြားအမှားကင်းနိုင်ကြပြီး လိုက်နာကျင့်သုံးသူမှန်သမျှ ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေ ...**

# မြန်မာနိုင်ငံ စားသုံးသူရေးရာကော်မရှင်နှင့် ယှဉ်ပြိုင်မှုကော်မရှင်တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၉**

စားသုံးသူကာကွယ်ရေးဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေများအရ ဖွဲ့စည်းထားရှိသော မြန်မာနိုင်ငံ စားသုံးသူရေးရာကော်မရှင်နှင့် ယှဉ်ပြိုင်မှုကော်မရှင်တို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် စားသုံးသူရေးရာကော်မတီများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်၊ တိုင်းဒေသကြီး/ပြည်နယ် ကောင်စီများထံသို့ သွားရောက်၍ စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးရန်၊ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းစားသုံးမှုပုံစံများကို အဓိကထားပြောင်းလဲရန်၊ ဆီစားသုံးမှုလျှော့ချရေးအတွက် နေ့စဉ်ထုတ် သတင်းစာများ၊ သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်နှင့် ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေး ကြိုးပမ်းသွားရန်တို့ကို မှာကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေရေးဆွဲပြဋ္ဌာန်းမှု၊ စားသုံးသူရေးရာကော်မရှင်နှင့် ကော်မတီများဖွဲ့စည်းထားရှိမှု၊ စားသုံးသူရေးရာဆိုင်ရာအမှုကိစ္စများ ကိုင်တွယ်ဖြေရှင်းမှုများနှင့် မြန်မာနိုင်ငံတွင် စားအုန်းဆီတင်သွင်းမှုလျှော့ချရေး ဆောင်ရွက်ထားရှိမည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲမှ ယှဉ်ပြိုင်မှုဥပဒေရေးဆွဲပြဋ္ဌာန်းမှု၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းထားရှိမှု၊ ကော်မရှင်၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်မှုဆိုင်ရာ အမှုကိစ္စများ ကိုင်တွယ်ဖြေရှင်းမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံး တာဝန်ခံညွှန်ကြားရေးမှူးများ ဒုတိယအကြိမ်တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရှိ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က စာရင်းစစ်လုပ်ငန်းသည်ပြည်သူ့ဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲနိုင်ပြီး ပြည်သူ့အကျိုးစီးပွားရရှိနိုင်ရန် အဓိကထားပါကြောင်း၊ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုစစ်ဆေးခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများကို လိုက်နာမှု ရှိ/မရှိ၊ ကိုက်ညီမှုစစ်ဆေးခြင်းတို့ကို ယခုအခါ နိုင်ငံတကာစာရင်းစစ်စံများဖြစ်သည့် International Standards of Supreme Audit Institution (ISSAI) နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ စစ်ဆေးခြင်းများကို စစ်ဆေးခံဌာနအဖွဲ့အစည်းများသိရှိရန် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် Work Plan များ ရေးဆွဲချမှတ်၍ စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရုံးတွင်းလူ့စွမ်းအားဖွံ့ဖြိုးမှုအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကိုလည်း စတင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသည့် ဝန်ထမ်းနေရာများကို ဖြည့်ဆည်းပေးရန်အတွက် အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကျစ်လျစ်ထိရောက်မှုရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေစာရင်းများ စစ်ဆေးရေးလုပ်ငန်း၊ စီမံရေးရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရသုံးမှန်းခြေငွေစာရင်းအခြေအနေများ၊ အထွေထွေကိစ္စရပ်များကို တင်ပြရာတွင် အထူးကိစ္စအနေဖြင့် CDM ပြုလုပ်နေသည့် ဝန်ထမ်းများ ရုံးပြန်လည်တက်ရောက်လာမှုအခြေအနေကို တင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သနပ်ပင်မြို့နယ်ရှိ ကျေးရွာ ၂၀ ၌ လမ်းလုပ်ငန်းနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**သနပ်ပင် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သနပ်ပင်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ၁၈ ယူနစ် ၁၉ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀ ၌ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ကျေးရွာလူထုမှ ရွေးချယ်ထားသော လမ်းလုပ်ငန်း ၁၉ ခုနှင့် ရေပေးရေးလုပ်ငန်း နှစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မတ် ၁၈ ရက်တွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျိုက်ပဒိုင်လေးကျေးရွာ မြစိမ်းရောင်စီမံကိန်း သတ္တမအကြိမ်ထုတ်ချေးမှုအနေဖြင့် အသင်းသား ၆၇ ဦး၏ မွေးမြူရေးလုပ်ငန်းများအတွက် ပထမအရစ် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၂၀၀ အား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ပြီး ထုတ်ချေးရန်ကျန်ငွေများအား မတ်လ တတိယပတ်အတွင်း ထပ်မံထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သနပ်ပင်မြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း၊ ရေပေးရေးလုပ်ငန်း ၁၃ ခုတို့ကိုလည်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

❖ စာမျက်နှာ ၆ မှ

**ဥပဒေမဲ့လုပ်ရပ်**

နိုင်ငံ့ဝန်ထမ်းတွေကို လစာပေးဖို့ ရွှေတိဂုံဘုရားက ပိုက်ဆံတွေကို ယူတယ်လို့ ငရဲကျမယ့် လုပ်ကြံသတင်းရေးတဲ့သူက ရေးတယ်၊ နောက်ပိုစ့်တစ်ခုကဆိုရင် သူလှူခဲ့တုန်းက ပိုက်ဆံနံပါတ်ကို မှတ်ထားခဲ့တာ လစာထုတ်တော့ အဲဒီပိုက်ဆံနံပါတ် အတိုင်း ပြန်ရတယ်ဆိုပြီး ပိုက်ဆံပုံနဲ့ တင်သူက တင်ပြန်ပါတယ်။ ဒါ့အပြင် နောက်ဆုံးတိုက်ပွဲပါ တောင့်ခံထားကြပါ။ UN က လာတော့မယ်၊ အမေရိကန်က လာတော့မယ်ဆိုတာတွေလည်း ပါသေးတယ်။ အဲဒါတွေကို ယုံတဲ့သူတွေကယုံပြီး စိတ်တွေ ထကြွလာပါတယ်။ မိုက်ရူးရဲဆန်လာပါတယ်။ ကြမ်းတမ်းလာပါတယ်။ ဥပဒေမဲ့လုပ်ရပ်တွေအထိ မကြောက်မရွံ့ လုပ်ကိုင်လာကြပါတယ်။ ဆူပူအုံကြွမှုတွေ ပိုမိုကြီးထွားလာအောင်၊ အဖျက်အမှောင့်လုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာအောင်၊ ပြည်သူတွေအချင်းချင်း မေတ္တာတရားကင်းမဲ့ပြီး ရန်ပြုတိုက်ခိုက်ချင်အောင်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေ ကျဆင်းလာပြီး မဟုတ်တာကို အဟုတ်ထင်အောင်၊ ယုံကြည်အောင် လှုံ့ဆော်လာကြပါတယ်။

ပြင်ပမှ ဝေဖန်သူတွေကလည်း အဖြစ်မှန်ကို သေချာမလေ့လာဘဲ သို့မဟုတ် မြင်ချင်တဲ့အပိုင်းကိုသာမြင်ပြီး ဒီမိုကရေစီတောင်းခံနေတဲ့သူတွေကို အကြမ်းဖက်ချေမှုန်းတယ်လို့ ထင်ရာမြင်ရာ စွပ်စွဲဝေဖန်ကြပါတယ်။ တိုက်ခိုက်ကြပါတယ်။ ဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ အချက်တစ်ခုနဲ့ အမှန်တရားလို့ ဆုံးဖြတ်ကြပါတယ်။ အတွေ့အကြုံ၊ ထင်မြင်ချက်နဲ့ ကိုယ်တိုင်မေးခွန်းထုတ်၊ ကိုယ်တိုင်အဖြေပေး မကျေနပ်စရာအဖြေထွက်တော့ နိုင်ငံကို မငြိမ်သက်အောင် တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်းကို ရွေးချယ်လုပ်ဆောင်ကြပါတယ်။

လူတစ်ဦးရဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်း လျော့နည်းမှု၊ မဟုတ်သည်ကို အဟုတ်ထင်ယုံကြည်မှုတို့ဟာ သူတစ်ယောက်တည်းကိုသာ လောင်မြိုက်စေတာမဟုတ်ပါဘူး။ သူနဲ့ ဆက်စပ်ပတ်သက်နေတဲ့ လူ့အဖွဲ့အစည်း၊ နိုင်ငံကိုလည်း ဆင်းရဲဒုက္ခခံစားရစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မကောင်းတာတွေမဖြစ်ရအောင် မြတ်ဗုဒ္ဓရဲ့ ကာလာမသုတ္တန်အတိုင်း ဝေဖန်ပိုင်းခြား အမှားကင်းနိုင်ကြပြီး လိုက်နာကျင့်သုံးသူမှန်သမျှ ကောင်းကျိုးချမ်းသာသုခတွေ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါတယ်။ ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**
ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ခြောက်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ ရခိုင်ပြည်နယ် အမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ကရင်ပြည်နယ် မြဝတီမြို့နယ် သင်္ကန်းညီနောင်ကျေးရွာ သီရိရတနာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၉**
ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၉**
တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မိုးဗြဲမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ လင်းခေးမြို့၊ လွိုင်လင်မြို့၊ နမ့်စန်မြို့၊ မောက်မယ်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံး ဘုရားကျောင်းဆောင်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ကျုံပျော်မြို့၊ ရေကြည်မြို့နှင့် ငပုတောမြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးအား သတ်မှတ်နေရာ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လမ်းပိတ်အတားအဆီးများ ရှင်းလင်းနေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီက စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ် ဗဟိုလမ်းပေါ်တွင် နှောင့်ယှက်လိုသူများက ပိတ်ဆို့ထားသော အတားအဆီးများ ဖယ်ရှားရှင်းလင်းနေမှုကို မြေပြင်ကွင်းဆင်း၍ ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ရှင်းလင်းဖယ်ရှားရာတွင် ပိတ်ဆို့ထားသော သဲအိတ်များ၊ အုတ်ခဲကျိုးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အတူတကွပူးပေါင်းကာ စက်ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြု၍ ရှင်းလင်းဖယ်ရှားပေးခဲ့သည်။

အလားတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွှန့်ဖေသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ မောင်းမကန်ကမ်းသာယာလမ်း၊ ပင်လုံလမ်း၊ မြိတ်လမ်း၊ ရောဝတ်လမ်း၊ မင်းရဲကောင်းပုံလမ်း၊ လှော်ကားလမ်း၊ ကျန်စစ်သားလမ်း၊ စည်ပင်လမ်းတို့ရှိ ပိတ်ဆို့ထားသော အတားအဆီးများ ရှင်းလင်းရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယနေ့တွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၊ ယမုံနာ (၁) ရပ်ကွက်၊ သဘော်ကျင်းရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် ပေ ၈၀ လမ်းမပေါ်ရှိ ပိတ်ဆို့ထားသော အတားအဆီးများကို သိမ်းဆည်းခြင်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းရှိ အတားအဆီးများအား သိမ်းဆည်းခြင်း၊ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း (သမိုင်းလမ်းဆုံမှ ဘုရင့်နောင်လမ်းခုံးကျော်တံတား)အထိ အတားအဆီးများကို သိမ်းဆည်းခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း (သိမ်ဖြူလမ်းနှင့် အထက်ပန်းဆိုးတန်းလမ်း) ကြား၊ သိမ်ဖြူလမ်း (မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြား) အတားအဆီးများကို Loader ယာဉ် တစ်စီး၊ မော်တော်ယာဉ် ငါးစီးတို့ဖြင့် သယ်ယူခြင်း၊ သာကေတမြို့နယ် ရှုခင်းသာလမ်း (သာကေတအပိုင်းမှ ကမာကြည်တံတားအလယ်) အထိ အတားအဆီး ၁၀ ခုကို မြေသယ်ယာဉ် သုံးစီး၊ Backhole တစ်စီး၊ မော်တော်ယာဉ် ခြောက်စီးတို့ဖြင့် သိမ်းဆည်းခြင်း၊ ဗဟန်းမြို့နယ် အနောက်မျဉ်းပြိုင်ကွင်းလမ်း၊ ရေတာရှည်လမ်းဟောင်းနှင့် လမ်းသစ်တို့တွင် တားဆီးထားသော အတားအဆီးများကို မော်တော်ယာဉ် ခြောက်စီးဖြင့် သိမ်းဆည်းခြင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း၊ မင်းကြီးလမ်းရှိ အတားအဆီး ၂၁ ခုကို သိမ်းဆည်းခြင်း စသည်ဖြင့်ပိတ်ဆို့ထားသော အတားအဆီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ လမ်းအသုံးပြုသူပြည်သူများအနေဖြင့် ကျေနပ်ဝမ်းသာလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်ပန်းမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား ခြောက်ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ် ကလောမြို့နယ် အောင်ပန်းမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား ခြောက်ဦး သေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၉ နာရီခန့်တွင် အောင်ပန်းမြို့ အမှတ် (၁) ရပ်ကွက်၊ ဦးသန့်လမ်း၌ ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်မှ အများပြည်သူသွားလာသော လမ်းမပေါ်တွင် အတားအဆီးများ ပိတ်ဆို့ချထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က ရှင်းလင်းဖယ်ရှားစဉ် ဆူပူအကြမ်းဖက်သူများက ဟန့်တားနှောင့်ယှက်သဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား သုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း။

အထက်ဖော်ပြပါဖြစ်စဉ်မှ လူစုကွဲ၍ထွက်ပြေးသွားသော လူအုပ်စုသည် နံနက် ၁၀ နာရီခန့်တွင် ဗထူးလမ်းဆုံ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းလမ်းနှင့် ဈေးလမ်းဆုံတို့၌ အင်အား ၁၀၀၀ ခန့်ထပ်မံစုဖွဲ့ကာ အများပြည်သူသွားလမ်းမကြီးကို အတားအဆီးများဖြင့် ပိတ်ဆို့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုခဲ့သဖြင့် လူစုခွဲရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သတိပေးဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူလူအုပ်စုသည် လိုက်နာမှုမရှိသည့်အပြင် တူမီးသေနတ်၊ လေသေနတ်၊ မီးကွင်း၊ လောက်လွှဲစင်၊ လေးခွတို့ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြင်းထန်စွာ အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သည့်အပြင် ဝိုင်းဝန်းညှပ်ပိတ်လုံးထွေးကာ လုံခြုံရေးတပ်ဖွဲ့၏ လက်နက်များကို လုယူကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပြန်လည်ပစ်ခတ်လူစုခွဲခဲ့ရာ ဆူပူအကြမ်းဖက်လူအုပ်စု လူစုကွဲ၍ ပြန်လည်ဆုတ်ခွာသွားပြီး လူအုပ်စုအတွင်းမှ အမျိုးသား ခြောက်ဦးသေဆုံးကာ အမျိုးသား ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း၊ အထက်ပါဖြစ်စဉ် နှစ်ခုအတွင်း ဖမ်းဆီးရမိသော အမျိုးသား ၁၉ ဦးအနက် ၁၆ ဦးမှာ ဒဏ်ရာရရှိထားသဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မေတ္တာရပ်ခံ ပြည်သူ့ထံ

★ ဒီမိုကရေစီ ကျင့်စဉ်မှာ
လူတိုင်း ပိုင်ဆိုင်တာ။
လွတ်လပ်စွာ ပြောဆိုခွင့်
လုပ်ကိုင် နေထိုင်ခွင့်။

★ ကိုယ့်လွတ်လပ်ခွင့် သူ့တစ်ပါးမှာ
မထိပါး စေရပါ။
သူ့မှာလည်းပဲ သူ့အယူအဆ
မတားဆီး မထိပါးရ
ကွဲလွဲခွင့်ပေးမှ။

★ ယခုကာလ လူအချို့သည်
အုပ်စုဖွဲ့၍ ခြိမ်းခြောက်သည်။
ဒီမိုကရေစီ အကြောင်းပြု
လူ့အခွင့်အရေး အကြောင်းပြု
ဥပဒေကို ချိုးဖောက်မှု။

★ ပြည်သူလူထု ဘေးကင်းအောင်
နိုင်ငံတော်ကြီး ငြိမ်းအေးအောင်။
တရားဥပဒေ စိုးမိုးအောင်
ရှက်ဆောင်နေသည့် ခုကာလ
နှောင့်ယှက်မှုများ ဟန့်တားကြ။

★ တရားမျှတ လွတ်လပ်စေ
တန်းတူညီမျှ အေးချမ်းစေ။
ပြည်သူတွေရဲ့ မျှော်မှန်းချက်
ပြည့်ဝစေဖို့အတွက်။

★ နှောင့်ယှက်ဖျက်ဆီး လက်မခံ
ပူးပေါင်းလက်တွဲပယ်ရှားရန်။
ပြည်သူတို့ထံ အချိန်မနှောင်း
မေတ္တာရပ်ခံကြောင်း။ ။

**အောင်ကျော်ထွန်း (ရန်ကင်း)**

❖ ကျောဖုံးမှ

သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၉,၉၇၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၂၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၅၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်း တို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## (၂၇) ကြိမ်မြောက် Yamagata Banto Prize အတွက် အမည်စာရင်းပေးပို့နိုင်

နေပြည်တော် မတ် ၁၉

ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုကို နိုင်ငံတကာမှ ပိုမိုသိရှိနားလည်ရေး စွမ်းဆောင်ပေးနိုင်သည့် စာရေးဆရာများကို ပေးအပ်သည့်ဆုဖြစ်သော (၂၇) ကြိမ်မြောက် Yamagata Banto Prize အတွက် အမည်စာရင်းပေးပို့နိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဆုပေးအပ်ခြင်းမှာ နိုင်ငံတကာတွင် လူသိများသည့် ဂျပန်နိုင်ငံ အိုဆာကာဒေသမှ အဲဒိုခေတ် နှောင်းပိုင်းပညာရှင် Yamagata Banto ကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၈၂ ခုနှစ်မှစတင်၍ အိုဆာကာခရိုင် အစိုးရက The Osaks's International Cultural Awards အဖြစ် Yamagata Banto Prize အား နှစ်စဉ် နိုင်ငံတကာမှ ပညာရှင်များကို ရွေးချယ်၍ ပေးအပ်လျက်ရှိသည်။

ယင်း Yamagata Banto Prize အတွက် အဆိုပြုသူတစ်ဦးမှ စာရေးဆရာတစ်ဦး၏ အမည်နှင့် ၎င်း ရေးသားခဲ့သည့် စာအုပ်များနှင့်အတူ အဆိုပြုပါဝင်နိုင်သည်။ အဆိုပြုပါဝင်လိုသူများအနေဖြင့် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ bunka@sbox.perf.osaka.lg.jp သို့ ဆက်သွယ်ပေးပို့နိုင်ပြီး ဆုရရှိသူများ၏ စာရင်း ကို ၂၀၂၂ ခုနှစ် မတ်လတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၃၆၀၆၃၉ | ၂၂၅၂၃၈၀၃ | ၅၅၂၄၇၅ |
| ၂။ | ဘရာဇီး | ၁၁၇၈၇၆၀၀ | ၁၀၃၃၉၄၃၂ | ၂၈၇၇၉၅ |
| ၃။ | အိန္ဒိယ | ၁၁၅၁၄၃၃၁ | ၁၁၀၈၃၆၇၉ | ၁၅၉၄၀၅ |
| ၄။ | ရုရှား | ၄၄၃၇၉၃၈ | ၄၀၄၉၃၇၃ | ၉၄၂၆၇ |
| ၅။ | ဗြိတိန် | ၄၂၈၀၈၈၂ | ၃၅၉၃၁၃၆ | ၁၂၅၉၂၆ |
| ၆။ | ပြင်သစ် | ၄၁၈၁၆၀၇ | ၂၇၈၂၆၃ | ၉၁၆၇၉ |
| ၇။ | အီတလီ | ၃၃၀၆၇၁၁ | ၂၆၅၅၃၄၆ | ၁၀၃၈၅၅ |
| ၈။ | စပိန် | ၃၂၁၂၃၃၂ | ၂၉၄၅၄၄၆ | ၇၂၉၁၀ |
| ၉။ | တူရကီ | ၂၉၅၀၆၀၃ | ၂၇၇၀၆၃၈ | ၂၉၇၇၇ |
| ၁၀။ | ဂျာမနီ | ၂၆၂၈၆၂၉ | ၂၄၀၁၇၀၀ | ၇၄၈၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၅၀၁၃၂ | ၁၂၇၈၉၆၅ | ၃၉၃၃၉ |
| ၂။ | ဖိလစ်ပိုင် | ၆၄၈၀၆၆ | ၅၆၁၉၀၂ | ၁၂၉၀၀ |
| ၃။ | မလေးရှား | ၃၃၀၀၄၂ | ၃၁၄၄၅၇ | ၁၂၂၅ |
| ၄။ | မြန်မာ | ၁၄၂၂၂၇ | ၁၃၁၇၅၉ | ၃၂၀၄ |
| ၅။ | စင်ကာပူ | ၆၀၁၆၇ | ၆၀၀၁၄ | ၃၀ |
| ၆။ | ထိုင်း | ၂၇၅၉၄ | ၂၆၄၅၀ | ၉၀ |
| ၇။ | ဗီယက်နမ် | ၂၅၇၁ | ၂၁၉၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၅၇၈ | ၉၁၇ | ၂ |
| ၉။ | ဘရူနိုင်း | ၂၀၃ | ၁၈၆ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မတ် ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို



တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် အတွက်မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၀၉၆၅ ဦး၊ အတွင်းလူနာ ၄၀၉၇ ဦးကို တပ်မတော်မှ ပါရဂူ များ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများ အား ခွဲစိတ်ပေးခြင်း၊ ဆေးတက်ရောက်ကုသရန် လိုအပ်သော လူနာများကိုဆေးရုံတင်ကာ ကျန်းမာ ရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့် အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကို ပါ စီမံဆောင်ရွက်ပေးသည်။

**မွေးဖွားပေးနိုင်ခဲ့**

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၇၄၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၉၇၅ ဦး စုစုပေါင်း ၅၇၁၉ ဦး တို့ကို ခွဲစိတ်ကုသ ပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေး လျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက် အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော် ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၀၇၈ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ ကာ ၃၁၀၈ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၁၈၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေး နေမှုအခြေအနေများကိုသက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူ နေသောလူနာများအတွက် စားသောက်ဖွယ်ရာများ နှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီးချိုရောဂါ ကြိုတင်ကာကွယ်ပါ

**တက္ကသိုလ်မောင်သုလှိုင်**

ဆီးချိုရောဂါဟာ လူသားတွေအကြား တိတ်တဆိတ်တိုးဝင်လာရာကနေ ယနေ့ကာလမှာတော့ ဆီးချိုရောဂါကို လူအများ အတော်ရင်းနှီးလာကြပြီဖြစ်ပါတယ်။ ဒီရောဂါဟာ လူသားတွေအပေါ် ချက်ချင်းကြီး ဒုက္ခမပေးနိုင်ပေမယ့် ဖြစ်ပွားနေတာကို ကြာရှည်မသိရှိခဲ့ခြင်း၊ သိရှိသော်လည်း အချိန်မီ ကုသခြင်းမရှိဘူးဆိုရင် အဲဒီရောဂါဟာ ခန္ဓာကိုယ်ထဲက ကျောက်ကပ်၊ နှလုံး၊ သွေးကြောစတဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ထိခိုက်ပျက်စီးစေတဲ့အပြင် အနာမကျက်ခြင်းကြောင့် ခြေဖျက်ရခြင်း၊ အချို့ဆီးချိုကြောင့် မျက်စိကွယ်ရခြင်းအဆင့်အထိ နောက်ဆက်တွဲဝေဒနာဆိုးကျိုးတွေကို ခံစားရတတ်လေ့ရှိပါတယ်။

ဒါဆို ဒီရောဂါကို ကြိုတင်ကာကွယ်ဖို့ ဆေးရှိသလားလို့မေးရင် ကာကွယ်ဆေးဆိုတာ မရှိဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။ ဘယ်လိုကြိုတင်ကာကွယ်ရမလဲဆိုရင်တော့ လူသားတွေဟာ အသက်အရွယ်အလိုက် နေထိုင်စားသောက်မှုပုံစံကို ပြောင်းပြီး သတိပြုဆင်ခြင်ခြင်းဖြင့် ကာကွယ်ရမယ်လို့ပဲ ဆိုချင်ပါတယ်။

ဒါဆိုရင် ဆီးချိုရောဂါဖြစ်ပွားရင်ရောပျောက်ကင်းအောင် ကုသနိုင်သလားလို့မေးရင် ဒီရောဂါကို ပျောက်ကင်းအောင်တော့ ကုသလို့မရဘဲ ရောဂါကို ထိန်းနိုင်အောင်ပဲ ကုသလို့ရမယ်လို့ဆိုရပါမယ်။ ဒီလိုရောဂါကို ထိန်းနိုင်ပြီဆိုရင် သာမန်လူကောင်းတစ်ယောက်လိုပဲ သက်တမ်းစေ့နေနိုင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုရောဂါကို ထိန်းနိုင်အောင် အစားအစာ၊ဆေးဝါးတွေနဲ့ ထိန်းညှိတာ၊ သာမန်ဆေးဝါးတွေနဲ့ မရရင်တော့ အင်ဆူလင်ဆေးထိုးတာနဲ့ ထိန်းညှိသွားနိုင်ပါတယ်။

ယနေ့ကာလမှာ ဆီးချိုရောဂါဟာ လူအတော်များများမှာ ဖြစ်ပွားလာတာကို လေ့လာတွေ့ရှိရပါတယ်။ အဖြစ်များလာတဲ့အကြောင်းကလည်း လူတွေဟာ အဲဒီရောဂါကို အလေးထားမကာကွယ်ကြတာကြောင့်ပဲ ဖြစ်ပါတယ်။ မကာကွယ်တဲ့သူတွေကလည်း အဲဒီရောဂါရဲ့ ကြီးမားတဲ့ဆိုးကျိုးကို မခံစားရသေးလို့ဘဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီရောဂါကို ဆီးချိုရောဂါဆိုတာထက် ဆီးချိုသွေးချိုရောဂါလို့ဆိုရင် ပိုမှန်ပါမယ်။ အဲဒီရောဂါဖြစ်ရင် ဆီးရော၊ သွေးရော အချိုလွန်ကဲလို့ပဲ ဖြစ်ပါတယ်။ ဆီးချိုသွေးချိုရောဂါဖြစ်ရင် ဆီးကိုရော သွေးကိုပါ စစ်ဆေးစမ်းသပ်ပြီး ကုသကြရပါတယ်။

စာရေးသူဟာ ဆရာဝန်တစ်ယောက် မဟုတ်ပေမယ့် ဆီးချိုသွေးချိုရောဂါရဲ့ဆိုးကျိုးကို လေ့လာတွေ့ရှိတဲ့အချိန်ကစပြီး ဆရာဝန်တွေနဲ့ ပြသတိုင်ပင်ခဲ့ပါတယ်။ အဲဒီလိုပြသတိုင်ပင်တဲ့ အချိန်မှာပဲ စာရေးသူဟာ ဆီးချိုရောဂါစွဲကပ်ဝင်ရောက်နေတာ သိရှိရပြီး အခုဆိုရင် ဆီးချိုဖြစ်တာ ၁၅ နှစ်ဝန်းကျင်ရှိခဲ့ပါပြီ။ ဒီအတွေ့အကြုံအပေါ် အခြေခံပြီး စာဖတ်သူတွေကို မျှဝေသွားပါမယ်။

### ဆီးချိုအမျိုးအစားများ

ဆီးချိုအမျိုးအစား နှစ်မျိုးရှိပါတယ်။ ဆီးချိုအမျိုးအစား (၁) နဲ့ အမျိုးအစား (၂) တို့ပဲ ဖြစ်ပါတယ်။ အမျိုးအစား (၁)ကတော့ များသောအားဖြင့် သက်ငယ်ပိုင်းအရွယ်တွေ အဖြစ်များပြီး ရောဂါလက္ခဏာပြတတ်ပါတယ်။ ဆီးချိုအမျိုးအစား (၁) ဖြစ်စေတဲ့အကြောင်းရင်းကတော့ ခန္ဓာကိုယ်မှာရှိတဲ့ မုန့်ချိုအိတ် (ပန်ကရိယ) ကနေ အင်ဆူလင် မထုတ်နိုင်တော့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အင်ဆူလင်ဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ တစ်နည်းအားဖြင့် သွေးထဲမှာရှိတဲ့ အချိုဓာတ်ကို ပုံမှန်အနေအထားရှိအောင် ထိန်းပေးနိုင်ပါတယ်။ အင်ဆူလင်ထုတ်နိုင်မှုနည်းရင် သွေးထဲမှာ အချိုဓာတ်များပြားလာပြီး ဆီးရောသွေးပါ ချိုနေတတ်တာပဲ ဖြစ်ပါတယ်။ ဆီးချိုအမျိုးအစား (၁) ကို ကုသဖို့ဆိုရင် ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်စားသောက်မှုပုံစံ ပြောင်းရတဲ့အပြင် အင်ဆူလင်ထိုးဆေးကို သုံးရတော့တာပါပဲ။ ဒါပေမဲ့ ဆီးချိုအမျိုးအစား (၁) ဟာ အမျိုးအစား (၂) ထက် ဖြစ်ပွားမှုနည်းပါတယ်။

**ဈေးကွက်ထဲမှာ ယခုအခါ Ready Made အစားအစာတွေ အမြောက်အမြား ပေါ်ထွက်လာနေပြီ ဖြစ်ပါတယ်။ ဒီအစားအသောက်တွေ ရေရှည်ခံအောင် ဓာတုပစ္စည်းအချို့ ရောစပ်ပြုလုပ်ရပါတယ်။ အဲဒီဓာတုပစ္စည်းတွေဟာ ရောဂါကိုဖြစ်စေတာပါပဲ။ အချိုရည်တွေ များများသောက်ရင်၊ ချိုလွန်းတဲ့ အစားအစာတွေ များများစားရင် များသောအားဖြင့် ခန္ဓာကိုယ်ဝလာပြီး ကြာလာတော့ ဆီးချိုရောဂါဟာ တိတ်တခိုး ဝင်လာတော့တာပါပဲ။**

ဆီးချိုအမျိုးအစား (၂) ဟာ များသောအားဖြင့် အသက် ၄၀ ကျော်တာနဲ့ လူတိုင်းမှာ ဖြစ်နိုင်ခြေများလာပြီ ဖြစ်ပါတယ်။ အမျိုးအစား (၂) ဖြစ်ရတဲ့ အဓိကအကြောင်းရင်းက နှစ်ချက် ရှိပါတယ်။ ပထမအချက်က မျိုးရိုးကြောင့်ဖြစ်ပြီး ဒုတိယအချက်က နေထိုင်စားသောက်မှုပုံစံကြောင့်ပဲ ဖြစ်ပါတယ်။

### ဆီးချိုရောဂါလက္ခဏာများ

ဆီးချိုရောဂါဖြစ်ပြီဆိုတာနဲ့ လက္ခဏာတွေ ပြတတ်ပါတယ်။ အဲဒီလက္ခဏာတွေကတော့ (၁) ပုံမှန်အတိုင်း အစားအသောက်စားနေပေမယ့် ကိုယ်အလေးချိန်လျော့ကျလာခြင်း၊ (၂) ပင်ပန်းနွမ်းနယ်ခြင်း၊ (၃) ပုံမှန်ထက်ရေငတ်ခြင်း ၊(၄) ညဘက်တွင် ဆီးသွားသည့်အကြိမ် ပိုများခြင်း၊ (၅) အမြင်အာရုံလျော့ကျလာခြင်း၊ (၆) အနာများအကျက်နှေးခြင်း စတာတွေပဲ ဖြစ်ပါတယ်။

ဖော်ပြပါရောဂါလက္ခဏာတွေကို အချို့လူတွေ သတိမမူမိကြလို့ ရောဂါဖြစ်နေပြီး အချိန်ကြာမှ သိလာကြတာဖြစ်ပါတယ်။ ယနေ့ကာလမှာ မြန်မာနိုင်ငံမှာပဲကြည့်ရင် ဆီးချိုဖြစ်ပွားမှုနှုန်းဟာ တစ်နေ့တခြားများပြားလာပြီး နောက်ဆက်တွဲ ရောဂါတွေ ခံစားလာရသူတွေလည်းတိုးလာတယ်လို့ဆေးသုတေသနမှတ်တမ်းတွေက ဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဆိုခဲ့တဲ့အတိုင်း နေထိုင်စားသောက်မှုပုံစံကြောင့်ပဲ ဖြစ်ပါတယ်။ ယခုအခါ မိသားစုတစ်စုမှာ ငါးဦးရှိရင် အစားအသောက် မဆင်ခြင်ပါက အနည်းဆုံးတစ်ဦး ဆီးချိုရောဂါ ရှိနေတတ်ပါတယ်။

ဈေးကွက်ထဲမှာ ယခုအခါ Ready Made အစားအစာတွေ အမြောက်အမြား ပေါ်ထွက်လာနေပြီ ဖြစ်ပါတယ်။ ဒီအစားအသောက်တွေ ရေရှည်ခံအောင် ဓာတုပစ္စည်းအချို့ ရောစပ်ပြုလုပ်ရပါတယ်။ အဲဒီဓာတုပစ္စည်းတွေဟာ ရောဂါကိုဖြစ်စေတာပါပဲ။ အချိုရည်တွေ များများသောက်ရင်၊ ချိုလွန်းတဲ့ အစားအစာတွေ များများစားရင် များသောအားဖြင့် ခန္ဓာကိုယ်ဝလာပြီး ကြာလာတော့ ဆီးချိုရောဂါဟာ တိတ်တခိုးဝင်လာတော့တာပါပဲ။ စပြီးဖြစ်ခါစမှာ လက္ခဏာ ထူးထူးခြားခြားမပြပေမယ့် နှစ်နဲ့ချီမှ ရောဂါလက္ခဏာပြတတ်ပါတယ်။ အချို့လည်း အခြားရောဂါတစ်ခုခုနဲ့ ဆေးရုံသွားပြီး ဆေးအစစ်ခံမှသာ ဆီးချိုရောဂါပါရှိနေကြောင်း သိရတတ်ပါတယ်။

### ဆီးချိုရောဂါစတင်ဖြစ်ပွားခြင်း

စာရေးသူကိုရော ဆီးချိုရောဂါဘယ်လိုစဖြစ်သလဲလို့ မေးလိုကြသူရှိကြပါလိမ့်မယ်။ အစားအသောက်မဆင်ခြင်လို့ပဲလို့ ဆိုရပါမယ်။ စာရေးသူက ယခင်က အချိုရည်အလွန်ကြိုက်သူ ဖြစ်ပါတယ်။ ဆိုင်ထဲဝင်သွားရင် လီမွန်အချိုရည်၊ စပါကလင်တို့ကို နှစ်နှစ်ခြိုက်ခြိုက် မှာယူသောက်သုံးတတ်ပါတယ်။ တစ်ခါတစ်ရံ တစ်နေ့လုံး သုံးလုံးလောက်တောင် သောက်မိတဲ့အခါမျိုး ရှိပါတယ်။ သရက်သီးပေါ်ချိန်ဆိုရင်လည်း အားရပါးရ စားတတ်ပါတယ်။ ဒီထက်ဆိုးတာက စားတဲ့ဟင်းတွေထဲမှာ သကြားတွေ၊ အချိုမှုန့်တွေထည့်ပြီး စားတတ်တဲ့အလေ့အကျင့် နှစ်ရှည်ပြုမူခဲ့တာပဲ ဖြစ်ပါတယ်။ ပိုဆိုးတာက အချိုမှုန့်ပါပဲ။ နောက်ပိုင်းသတိထားမိတာက အချိုမှုန့်စားရင် ဆီးချိုတက်တော့တာပါပဲ။

ဆီးချိုအမျိုးအစား (၂) ဟာ များသောအားဖြင့် အသက် ၄၀ ကျော်လူကြီးတွေမှာ အများဆုံးဖြစ်လေ့ရှိပေမယ့် ယခုအခါမှာတော့ စားသောက်နေထိုင်ပုံတွေကြောင့် အသက် ၄၀ အောက်တွေမှာပါ အဖြစ်များလာတာ လေ့လာတွေ့ရှိရပါတယ်။

### ကြိုတင်ကာကွယ်ခြင်း

ဆီးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့ဆေးမရှိပါဘူး။ ဆရာဝန်တွေက ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေပဲပေးနိုင်ပြီး မိမိတို့ကိုယ်တိုင်ပဲ ကာကွယ်ရမှာ ဖြစ်ပါတယ်။ ဘယ်လိုကာကွယ်ရမလဲဆိုရင် အသက် ၃၀ ကျော် ၄၀ ဝန်းကျင်ဖြစ်လာရင် မိမိခန္ဓာကိုယ်မှာ ဆီးချိုရောဂါရှိ၊မရှိ ဦးစွာစမ်းသပ်ရပါမယ်။ ကနဦးမှာ ဆေးရုံသွားစမ်းသပ်ဖို့တောင် မလိုပါဘူး။ အိမ်မှာ ဆီးချိုတိုင်းစက် (Glucometre) တစ်လုံး ဆောင်ထားပြီး တိုင်းကြည့်ရုံပါပဲ။ မရှိသေးဘူးဆိုရင်တော့ ဝမ်းသာစရာပါ။ တစ်သက်လုံး ရောဂါမဖြစ်ဖို့ ကာကွယ်နိုင်ပါပြီ။ စားချင်တဲ့ အစားအသောက်မျိုးစုံကို ချင့်ချိန်ပြီး စားသောက်ရမှာဖြစ်ပါတယ်။ အလွန်အကျွံမဖြစ်ဖို့ဘဲ လိုပါတယ်။ အဝမလွန်အောင် သတိပြုရပါမယ်။ ကျန်းမာရေးလေ့ကျင့်ခန်းသို့မဟုတ် တစ်နေ့အနည်းဆုံး နာရီဝက်လမ်းလျှောက်ရမှာ ဖြစ်ပါတယ်။

### ကုသခြင်း

အဲဒီလို စမ်းသပ်စစ်ဆေးလို့ ဆီးချိုရောဂါရှိနေပြီဆိုရင်တော့ အမြန်ဆုံးကုသမှုခံယူပြီး နေထိုင်စားသောက်မှုပုံစံကို ပြောင်းရမှာဖြစ်ပါတယ်။ ကနဦးသိခါစ၊ ဖြစ်ခါစဆိုရင် ဆေးသောက်ဖို့မလိုသေးဘဲ အစားအသောက်ဆင်ခြင်ခြင်းဖြင့် ဆီးချိုကို ထိန်းနိုင်ပါတယ်။ ဆီးချိုရောဂါကို နောက်ကျမှသိတယ်ဆိုရင်တော့ မိမိကိုယ်တိုင် အများပြောတဲ့ လက်သင့်ရာဆေးကို မသောက်ဘဲ ဆရာဝန်ထံပြသပြီး ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်ဖို့လိုပါပြီ။

စာရေးသူဆီးချိုဖြစ်ကြောင်း စပြီးသိတဲ့အချိန်မှာ အစားအသောက်နဲ့ ထိန်းကြည့်ပါသေးတယ်။ ရောဂါစပြီးဖြစ်တဲ့အချိန်မှာ မသိလိုက်ဘဲ အခြားရောဂါတစ်ခုနဲ့ ဆေးရုံသွားပြပြီး စမ်းသပ်ရာမှ သိခဲ့တာဖြစ်တဲ့အတွက် အစားအသောက်နဲ့ ထိန်းကြည့်တာ နောက်ပိုင်းမှာမရတော့ ဆရာဝန်ဆီသွားရောက်ပြသခဲ့ရတာပဲ ဖြစ်ပါတယ်။

ကနဦးမှာတော့ ဆရာဝန်ပေးတဲ့ဆေးနဲ့ သက်သာသလိုရှိပေမယ့် နောက်ပိုင်းမှာ တစ်ခါတစ်ရံ ဆီးချို ၃၀၀ mg/dl အထိ တက်လာတာကြောင့် ဆရာဝန်ဆီပြန်ပြတော့ အစားအသောက်ကို ဆင်ခြင်ပါလို့ ညွှန်ကြားတာနဲ့ ထမင်းကို လျှော့စားပြီး အသီးအနှံကို များများစားဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် အချိုမှုန့်မစားပါနဲ့ဆိုတာနဲ့ အိမ်ရှင်မကို အိမ်ရဲ့မီးဖိုချောင်မှာ အချိုမှုန့်လုံးဝ မထားဖို့၊ မသုံးဖို့ ညွှန်ကြားလိုက်ရပါတော့တယ်။ အဲဒီတော့မှပဲ ဆီးချိုဟာ ၂၀၀ mg/dl အောက်ကို ရောက်သွားပါတော့တယ်။ တကယ်တော့ အစားအသောက်ပုံစံဟာ ဆီးချိုရောဂါသည်တွေအတွက် ဘယ်မျှအရေးကြီးကြောင်း သိလာရပါတော့တယ်။

နောင်မှာ အလျဉ်းသင့်ရင် စာရေးသူစားသောက်ခဲ့ရတဲ့ အစားအသောက်တွေနဲ့ ဆရာဝန်ညွှန်ကြားချက်နဲ့ ကုသခဲ့ရတဲ့ဆေးဝါးတွေအကြောင်းကို ထပ်မံမျှဝေရေးသားပါဦးမယ်။ ။

# ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် ဖိလစ်ပိုင်အတည်ပြု

**မနီလာ မတ် ၁၉**

ဖိလစ်ပိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုလိုက်ကြောင်း ဖိလစ်ပိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် အင်ရစ်ခ်ဒိုမင်ဂိုက ယနေ့ပြောကြားသည်။




"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သုံးစွဲတဲ့အခါ လတ်တလောအချိန်အထိ ဖြစ်လာနိုင်ခြေ အန္တရာယ်ထက် ဖြစ်နိုင်ခြေအကျိုးအမြတ်က ပိုပြီး အားသာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်" ဟု ဒိုမင်ဂိုက အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးကောင်းမွန်သော အသက် ၁၈ နှစ်နှင့်အထက်ရှိ လူတိုင်းတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်းငင်းက ထပ်မံပြောကြားသည်။

ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် လက်ရှိအချိန်အထိ ရုရှားထုတ် Sputnik V၊ အမေရိကန်နှင့် ဂျာမန်ဆေးဝါးကုမ္ပဏီထုတ် Pfizer၊ အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca နှင့် တရုတ်နိုင်ငံထုတ် Sinovac စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးမျိုးကို နိုင်ငံတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် အတည်ပြုမှုသည် စျေးကွက်အတွက် အတည်ပြုမှုမဟုတ်သလို ကာကွယ်ဆေးရောင်းချရေးအတွက် ထုတ်လုပ်ရေးမှတ်ပုံတင်လက်မှတ်အတွက်လည်း မဟုတ်ကြောင်း ဖိလစ်ပိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ရှင်းလင်းပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် ပြည်သူ သန်း ၇၀ ခန့်ကို ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဝင်ငွေနည်းပါးသော ပြည်သူများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၄၀၉၈၅ ဦးရှိပြီး ၎င်းတို့အနက် ၁၂၈၈၇ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း အစိုးရမှထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ခုနစ်သန်းခန့် ထိုးနှံခဲ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**နိုင်ရိုဘီ မတ် ၁၉**

အာဖရိကတိုက်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ခုနစ်သန်းနီးပါး ထိုးနှံပေးခဲ့ပြီး အဓိကအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖွယ်အန္တရာယ်များသော ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာဆရာမများနှင့် လုံခြုံရေးအရာရှိများကို ဦးစားပေးထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မတ် ၁၈ ရက်တွင် ပြောကြားသည်။

အာဖရိကတိုက်သည်အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှု နောက်ကျခဲ့သော်လည်း ယခုအခါ ဒေသတွင်း နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံမှုနယ်ပယ်၌ အာဖရိကတိုက်၏ ကျယ်ပြန့်သော အတွေ့အကြုံများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိထိရောက်ရောက် ထိန်းချုပ်ရန် ပြည်သူများနှင့် နိုင်ငံ့ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကြောင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း အာဖရိကဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် မတ်ရှီဒီဆိုက ပြောကြားသည်။

ယခုအခါ အာဖရိကရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်များက ဦးဆောင်သည့် COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၅ သန်းကျော် လက်ခံရရှိခဲ့ပြီး ယင်းတို့အနက် နိုင်ငံ ၃၀ တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

အာဖရိက ဆပ်ဆာဟာရဒေသမှ ဂါနာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်မားသည့် ဒေသများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးစားပေးထိုးနှံပေးခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၄၂၀၀၀၀ ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။ ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူထားသည့် အဆိုပါလူဦးရေသည် ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက သတ်မှတ်ထားသော လူဦးရေ၏ ဖ၀ ရာခိုင်နှုန်းကျော်ရှိသည်။



ထို့အပြင် မော်ရိုကိုနိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်ခုနစ်ပတ်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅ ဒသမ ၆ သန်းခန့် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အတူ အင်ဂိုလာနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်မှစ၍ ကျန်းမာရေးဝန်ထမ်း ၂၈၀၀၀ ခန့် အပါအဝင် ပြည်သူ ၄၉၀၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



ဩစတြေးလျနိုင်ငံသားတစ်ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူနေသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က ဝန်ကြီးချုပ် စကော့မော်ရီဆင် ကြည့်ရှုစစ်ဆေးနေစဉ်။

# ဩစတြေးလျနိုင်ငံရှိ နိုင်ငံသားအားလုံးကို အောက်တိုဘာလကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြီးထိုးနှံပေးသွားမည်

**ကင်ဘာရာ မတ် ၁၉**

ဩစတြေးလျနိုင်ငံရှိ နိုင်ငံသားအားလုံးကို အောက်တိုဘာလကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြီးထိုးနှံပေးသွားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖြန့်ချိရာတွင် နှောင့်နှေးမှုများရှိသော်လည်း အောက်တိုဘာလကုန်တွင် နိုင်ငံသားများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီး ဖြစ်စေရမည်ဟု ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ယနေ့ပြောကြားသည်။

နယူးဆောက်ဝေးလ်ပြည်နယ် ဝန်ကြီးချုပ် ဂလက်ဘီရာဂျေယာက ပြည်နယ်ရှိ ဒေသခံ ၁၆ သန်းကို အောက်တိုဘာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေးမှာ မဖြစ်နိုင်သေးကြောင်း ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရေး အစီအစဉ်များစတင်ရာတွင် နှောင့်နှေးသဖြင့် ဗဟိုအစိုးရသည် ဝေဖန်မှုများကို ကြုံတွေ့နေရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် -စိုးသူရ

# စီးပွားရေးပြန်လည်ထူထောင်ရန် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ကာလ ထိုင်းအစိုးရ လျှော့ချမည်

**ဗန်ကောက် မတ် ၁၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍနှင့် စီးပွားရေးလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုရန် နိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများ၌ မဖြစ်မနေ စောင့်ကြည့်မှုခံယူချိန်ကာလကို ၁၄ ရက်မှ ၁၀ ရက်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း ထိုင်းအစိုးရက ယနေ့ ကြေညာသည်။

သို့သော် လာမည့်ဧပြီ ၁ ရက်မှ စတင်အကျိုးဝင်မည့် အဆိုပါဖြေလျှော့မှုတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့်နိုင်ငံများမှလာသော ခရီးသည်များ ပါဝင်မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနက ပြောကြားသည်။

ထို့အပြင် ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ကိုယ်တိုင် ဦးဆောင်သည့်ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနသည် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းမရှိသည့် နိုင်ငံများမှလာသော ခရီးသည်များကိုလည်း ယခုနှစ် အောက်တိုဘာလမှစ၍ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးစင်တာများတွင် စောင့်ကြည့်မှုခံယူစရာမလိုဘဲ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန် သဘောတူခဲ့သည်။

ထို့အတူ ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူထားသည့် ပြည်ပခရီးသည်များအတွက် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်မှုခံယူချိန်ကာလကိုလည်း ၁၄ ရက်မှ ခုနစ်ရက်အထိ လျှော့ချရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ချမှတ်ထားသည့် အရေးပေါ်အမိန့်ကို ၁၁ ကြိမ်မြောက်အဖြစ် မေလကုန်အထိ ယနေ့ သက်တမ်းထပ်တိုးလိုက်သည်။

ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍမှ ရရှိသည့်ဝင်ငွေသည် နိုင်ငံစီးပွားရေး၏ ၁၅ ရာခိုင်နှုန်းကျော်ရှိပြီး ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်မှုခံယူချိန်ကာလ လျှော့ချခြင်းအားဖြင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်သော ခရီးသည်များကို ပိုမိုဆွဲဆောင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ခရီးသွားကဏ္ဍသည် ထိုင်းနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် သော့ချက်တစ်ခုပင်ဖြစ်သည်။




၂၀၁၉ ခုနှစ်က ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသည် သန်း ၄၀ ခန့်ရှိသော်လည်း ယမန်နှစ်တွင် ၆ ဒသမ ၇ သန်းအထိ ကျဆင်းခဲ့သည်။ အရှေ့တောင်အာရှတွင် စီးပွားရေးအင်အား ဒုတိယအကြီးမားဆုံးဖြစ်သည့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ရောဂါကြောင့် ယမန်နှစ်က ၆ ဒသမ ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ရာ ၁၉၉၈ ခုနှစ်မှစ၍ နိုင်ငံ၏ စီးပွားရေး ကျဆင်းမှုနှုန်း အများဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အင်ဒိုနီးရှားနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် စတင်အသုံးပြုမည်

**ဂျကာတာ မတ် ၁၉**

အင်ဒိုနီးရှားနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား လာမည့်ရက်သတ္တပတ်ကာလအတွင်း စတင်အသုံးပြုမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ယနေ့ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

### လက်ခံရရှိမည်

အင်ဒိုနီးရှားနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မတ် ၃ ရက်တွင် အလုံးရေ ၁ ဒသမ ၁ သန်း လက်ခံရရှိခဲ့ပြီး ဧပြီလနောက်ပိုင်းတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ သန်း လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။




အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

### ပြောကြား

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၇၉ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁ ဒသမ ၄၅ သန်းအထိ ရှိလာခဲ့ပြီး ပြီးခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၇ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၀၀၀ ကျော်အထိ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၄ ခုစလုံးတွင် ပျံ့နှံ့လျက်ရှိပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့် ရရှိသူ ၆၀၀၇ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံ တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၂၇၈၉၆၅ ဦးအထိရှိလာခဲ့ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ ဘေးကင်းလုံခြုံမှုရှိကြောင်း အီးယူဆေးဝါးအေဂျင်စီပြောကြား

**ဘရပ်ဆဲလ် မတ် ၁၉**

AstraZeneca ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိကြောင်းနှင့် ထိရောက်မှုရှိကြောင်း ဥရောပသမဂ္ဂ(အီးယူ) ဆေးဝါးအေဂျင်စီက ပြောကြားခဲ့သည်။

အဆိုပါ ဥရောပသမဂ္ဂ၏ သုံးသပ်ချက်သည် ဥရောပတစ်ဝန်း၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများတွင် သွေးခဲမှုပြဿနာတချို့ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း၌ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




ဂျာမနီနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အခြားသော ဥရောပနိုင်ငံတချို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးနောက် သွေးခဲမှုပြဿနာတချို့ရှိခဲ့ခြင်းကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဥရောပဆေးဝါးအေဂျင်စီက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ ကိုဗစ်-၁၉ ရောဂါအား တိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း ပြောကြားခဲ့ပြီးနောက် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံတို့သည်လည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြန်လည်စတင်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် သွေးခဲမှုပြဿနာအကြား မည်သည့်ချိတ်ဆက်မှုမျှ မရှိကြောင်း တွေ့ရှိခဲ့ရပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုရန် ကမ္ဘာ့နိုင်ငံအများအပြားအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂၂၄၉၁၁၆၆ ဦး

သေဆုံးသူ ၂၇၀၅၃၇၂ ဦး

ပြန်လည်ကျန်းမာလာသူ ၉၈၇၄၄၈၄၅ ဦး

# မြိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**
မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ည ၁၁ နာရီ ၅၅ မိနစ်တွင် မြိတ်မြို့နယ် မြိတ်-တနင်္သာရီ သွားကားလမ်း ဒလရှောင်ကျေးရွာအနီးတွင် နိုင်လင်း(ခ)လင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် အိုက်စ်သုည ဒသမ ၀၃၅ ကီလိုကို လည်းကောင်း၊ ကွင်းဆက်အရ မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာနေ အောင်ခင်စိုး(ခ) ကောင်ကြီး၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ငွေကျပ် ၁၀၁ သိန်းကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ရဲပြန်ကြား




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**
မတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၇၈ စီး၊ သွင်းကုန် ၁၁၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၉၄ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သော Safety Goggle (1196 Pcs)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့ နံနက် ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုရန် လက်နက်နှင့် လောင်စာဆီပုလင်းများ စုဆောင်းထားရှိကြောင်းသတင်းအရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ (၁၇)လမ်း အိမ်အမှတ်(၉၉၉/ခ)နေ ဝင်းမင်းသိုက်၏နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ရှာဖွေခဲ့ရာ နေအိမ်အတွင်း လှလှနွယ်(ခ) ဒေါ်လှလှ (၅၂)နှစ် (ဘ) ဦးလှမြင့်ကို တွေ့ရှိဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ နေအိမ်အတွင်း ဘီယာပုလင်းခွံများအတွင်း ဓာတ်ဆီများထည့်ပြီး ပုလင်းအဝတွင် အဝတ်စကို တိပ်ဖြင့်ပတ်လျက် ပြုလုပ်ထားသော ပုလင်းအလုံး ၂၀၊ ဓာတ်ဆီထည့်ထားသည့်ပုံး တစ်ပုံး၊ ၂x၁ သစ်သားချောင်းကို လေသေနတ်ပုံစံ ပြုလုပ်ရန်ပြင်ဆင်ထားသည့် အပြာနုရောင် ကော်ပိုက်လေအိုးတပ်ဆင်ထားသော လက်လုပ်လေသေနတ် တစ်လက်၊ အနံ တစ်ပေခွဲ အလျား သုံးပေခန့်ရှိ ငွေမင်ရောင်ခဲပတ်စက္ကူအပိုင်းအစ တစ်ခု၊ နွေဦးတော်လှန်ရေး "We Want Democracy Release Our Leaders" စာတန်းပါ အဝါရောင် ဆောက်လုပ်ရေးသုံးဦးထုပ် နှစ်လုံး၊ ဓာတ်ငွေ့ကာမျက်နှာဖုံး နှစ်ခု၊ လေကာမျက်မှန် နှစ်ခု၊ သားရေလက်အိတ် နှစ်စုံ၊ Fire Stop စာတန်းပါအနီရောင်မီးသတ်ဆေးဘူးတစ်ဘူး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် "စခန်းမီးရှို့ရန်" ဟု ရေးသားထားသည့် အလျား နှစ်ပေခွဲ၊ အနံ နှစ်ပေခန့်ရှိ အဖြူရောင် Whiteboard တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသော တရားခံကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

# လှိုင်မြို့နယ်၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ဆူပူအကြမ်းဖက်သူ အမျိုးသားခုနစ်ဦး ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၉**
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ လူစုလူဝေး ဖြစ်ပွားမှုအား ဖြိုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများနှင့် ဆူပူအကြမ်းဖက်သူ အမျိုးသားခုနစ်ဦး ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ လှိုင်မြို့နယ် ရွာမကျောင်းလမ်းနှင့် ဇေယျမေတ္တာလမ်းသွယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အများပြည်သူသွားလမ်းမကြီးကို ဆူပူအကြမ်းဖက်သူများက ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများကို ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဓာတ်ဆီပုလင်း၊ လေးခွများဖြင့် အကြမ်းဖက်ရန်ပြုလာရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ကာ ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား ခုနစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်ရာတွင် အသုံးပြုခဲ့သည့် ဓာတ်ဆီပုလင်း ၁၈ လုံး၊ သံဒိုင်း ၄၄ ခု၊ ကော်ဒိုင်း ၁၇ ခု၊ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်သေနတ် လေးလက်နှင့် လက်ကိုင်စကားပြောစက် နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သည့် အမျိုးသား ခုနစ်ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# အမှန်တရားကို အစွဲမျက်မှန်ချွတ်၍ ရှာဖွေစေလိုပါသည်

ကိုရေချမ်း

ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် သက်ဆိုင်သည့် အကြောင်းအရာတို့ကို ရှုထောင့်ပေါင်းစုံမှ ဘက်စုံထောင့်စုံ၊ အပြန်ပြန်အလှန်လှန် ရှုမြင်သုံးသပ်ဆင်ခြင်ပြီး အနီးစပ်ဆုံးဖြစ်နိုင်ခြေကို ဓမ္မဓိဋ္ဌာန်ကျကျ ကောက်ချက်ချ ယူရပါသည်။ ဤသို့ ကောက်ချက်ချသော်လည်း ဧကန်စင်စစ် အမှန်ပင်ဟု တထစ်ချဆွဲယူ၍ မရပါ။ အနီးစပ်ဆုံးဖြစ်နိုင်ခြေဟုသာ ဆိုကြပါသည်။ ကောက်ချက်ဆွဲကြပါသည်။

ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုသော်လည်းကောင်း၊ အကြောင်းကိစ္စတစ်ခုကိုသော်လည်းကောင်း ချဉ်းကပ်ရာ၌ တချို့က အစွဲကင်းသည်။ တချို့က အစွဲကပ်ပါလာသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ချဉ်းကပ်သည်ဖြစ်စေ၊ အကြောင်းအရာတစ်စုံတစ်ခုကို ရှုမြင်သည်ဖြစ်စေ အစွဲနှင့်ချဉ်းကပ်သူသည် အစွဲမျက်မှန်တပ်ထားသည်ဖြစ်၍ မိမိချဉ်းကပ်သော ပုဂ္ဂိုလ်၊ မိမိလေ့လာသောအကြောင်းအရာ၏ ပုံသဏ္ဌာန်အဖြစ်သနစ်ကို အရှိကိုအရှိအတိုင်း မြင်နိုင်စွမ်းအားမရှိပါ။ အစွဲကင်းသူကသာ မိမိချဉ်းကပ်သည့် ပုံရိပ်ကို အမှန်ကို အမှန်အတိုင်း မြင်နိုင်စွမ်းရှိပါသည်။

**အစွဲမျက်မှန်တပ်ပြီး ဖြေရှင်းမရ**

သတင်းစာပညာတွင်လည်း အစွဲကင်းစွာ ကျင့်သုံးရပါသည်။ အဖြစ်အပျက် အကြောင်းအရာတို့ကို အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ရပါသည်။ ပို၍လည်း မသုံးသပ်ရ၊ လို၍လည်း မသုံးသပ်ရပေ။ အကြောင်းအရာတစ်ခုကို ရှုမြင်သုံးသပ်ရာ၌ ဘက်စုံထောင့်စုံမှ ခိုင်ခိုင်မာမာ ရှုမြင်ဖွေရှာပြီး ရှုထောင့်ပေါင်းစုံမှ အမြင်များကိုချပြ၍ အကောင်းဆုံးဝေဖန် သုံးသပ်ရပါသည်။ အကြောင်းအရာတစ်ခု၊ အဖြစ်အပျက်တစ်ခုကို မှန်ကန်ကြောင်း သက်သေအထောက်အထားများ ခိုင်ခိုင်မာမာရယူထားရသည်။ တရားရေးဘက်တွင်လည်း ဤနည်းတူဖြစ်သည်။ သက်သေအထောက်အထားများ အားလုံးကို ခိုင်မာစွာရယူ တင်ပြကြရသည်။

အကြောင်းအရာတစ်ခုကို တင်ပြရာတွင်ဖြစ်စေ၊ သုံးသပ်ရာတွင်ဖြစ်စေ၊ ဖြေရှင်းရာတွင်ဖြစ်စေ အစွဲမျက်မှန်တပ်ပြီး သုံးသပ်ဖြေရှင်းတင်ပြ၍ မရနိုင်ပေ။ စာရေးဆရာတို့သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ စာရေးဆရာသည် လူ့အကြောင်း၊ လူ့အတ္ထုပ္ပတ္တိကို ရေးသားရာ၌ မိမိရေးသော အတ္ထုပ္ပတ္တိရှင်နှင့်ပတ်သက်၍ အစွဲမျက်မှန်တပ်ထားလျှင် မိမိရေးသားသော အတ္ထုပ္ပတ္တိရှင်၏ ပုံရိပ်သည် အရှိကိုအရှိအတိုင်း ပေါ်လာလိမ့်မည်မဟုတ်ပေ။ အစွဲမျက်မှန်တပ်မထားသော စာရေးဆရာ၏ အမြင်၌သာ သူရေးသော အတ္ထုပ္ပတ္တိရှင်၏ပုံရိပ်က အရှိအတိုင်း ပေါ်လာနိုင်သည်ဟု စာရေးဆရာကြီးပါရဂူက ရှင်းပြဖူးသည်။

**တစ်သံတည်း၊ တစ်မျိုးတည်းထွက်**

ထို့ကြောင့် အစွဲမျက်မှန်တပ်ထားလျှင် လူတို့နှင့်ပတ်သက်၍ဖြစ်စေ၊ အကြောင်းအရာတို့နှင့်ပတ်သက်၍ဖြစ်စေ ပြောဆိုရာ၌ “အားလုံးကောင်းပါသည်”၊ “အားလုံး မကောင်းပါ” ဟူ၍ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ တစ်သံတည်း၊ တစ်မျိုးတည်းထွက်လာတတ်သည်။ အဖြစ်အပျက်အကြောင်းအရာများသည် အစွဲမျက်မှန်တပ်ပြီး ကြွေးကြော်နေကြသော ပုဂ္ဂိုလ်များ၏ လက်ထဲရောက်သွားသောအခါ ဝေဖန်စရာ၊ ထောက်ပြစရာများဖြစ်လာ၍ ထောက်ပြရခြင်းဖြစ်ပါသည်။ အစွဲဟူသည် ပြင်ရ၊ ဖျက်ရအလွန်ခက်သော ကိစ္စဖြစ်၍ မှားယွင်းသော အစွဲကိုမစွဲမိရန် အလွန်အရေးကြီးပါသည်။ အစွဲဟူသည် သူ့အလိုလို ဖြစ်လာသည် မဟုတ်။ တစ်စုံတစ်ရာသော ပယောဂကြောင့် ဖြစ်လာရသည်။ ဥပမာ ကြည်လင်သန့်ရှင်းနေသော ရေကို အရောင်ဆိုးလိုက်သကဲ့သို့ မည်သို့မျှ အဖြူပြန်မဖြစ်သော အရောင်ပြောင်းသကဲ့သို့ပင် ဖြစ်သည်။

**မည်သို့အမှန်ကိုရှင်းပြရှင်းပြ လက်မခံ**

အားလုံးထက်ဆိုးသည့်အစွဲကြီးမှာ ယုံကြည်မှုဝါဒ ဖြစ်သည်။ ရှေးက မျိုးချစ်လူငယ်များသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နည်းလမ်းရှာကြံကြသောအခါတွင် ကွန်မြူနစ်ဝါဒကို လက်ခံခဲ့ကြသည်။ မြန်မာလူငယ်ခေါင်းဆောင်တချို့ ကွန်မြူနစ်ဝါဒစွဲဖြင့် လှုပ်ရှားမှုပြုလုပ်ကြရာ လွတ်လပ်ရေးအတွက် လက်တွဲမဆောင်ရွက်ဘဲ မြန်မာအချင်းချင်း တိုက်ခိုက်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကွန်မြူနစ်ခေါင်းဆောင်များကို ဖယ်ထုတ်ရသည့်သမိုင်းကို မှတ်သားမိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ လွတ်လပ်ရေးတိုက်ပွဲတွင် အတူလက်တွဲခဲ့သည့် ရဲဘော်သုံးကျိပ်အချို့သည်ပင် နှစ်ပေါင်းများစွာ တောခို၍ အစိုးရကို ပြန်လည်တော်လှန်ခဲ့သည်။ ရဲဘော်သုံးကျိပ်အချို့နှင့် အချို့သခင်များသည် ကွန်မြူနစ်ဝါဒကို သေသည့်တိုင်အောင် ကိုင်စွဲခဲ့ကြသည်။ နိုင်ငံရေး အန်တုခြင်း၊ အာဏာဖီဆန်ခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများပါမကျန် ဆန့်ကျင်ခြင်း၊ ရက်စက်ခြင်းပြုလုပ်ခဲ့ကြသော ကွန်မြူနစ်ဝါဒသည် မြန်မာ့သမိုင်းတွင် အမည်းစက်ကြီးများ စွန်းထင်းကျန်ခဲ့သည်။ မကောင်းမှန်းသိလျက်နှင့် ဝါဒမှိုင်းထဲတွင် နစ်မြုပ်နေကြသည်။ အမှန်တွင် ဝါဒထက် ခေါင်းဆောင်လုပ်သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အမြင်၊ အစွဲ၊ စရိုက်၊ ဉာဉ်ကြောင့်ဟုသာ ဆိုနိုင်သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အစွဲကြောင့်ဟု ဆိုရမည်ဖြစ်သည်။

**နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးဝါဒစွဲများ**

မည်သို့မျှလည်းပြင်မရ၊ မည်သို့မျှလည်း မပြင်ကြသည့် နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးဝါဒစွဲများ မျက်မှောက်ကာလတွင်လည်း ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ကွန်မြူနစ်တို့၏ လှုပ်ရှားမှုများကို လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှစ၍ ၁၉၈၈ ခုနှစ်ကုန်ပြီးသည်အထိ ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာလူမျိုးများသည် တစ်ခုခုကို ယုံကြည်သည်နှင့် အားလုံးလိုက်ယုံသည့် အစွဲအလမ်းကြီးသည်ဟု ဆိုရမလိုဖြစ်သည်။ ၁၉၈၈ ခုနှစ်အလွန် ကာလတွင် ကွန်မြူနစ်ဝါဒ ပျောက်ကွယ်သွားပြီဟုဆိုသော်လည်း ဒီမိုကရေစီအမည်ခံကာ အသွင်ပြောင်းနေသည်ဟုပင် ဆိုရမလိုဖြစ်နေသည်။ ရှေးလူကြီးသူမများ၏ ဆိုစကားအရ သံသရာတစ်ပတ်လည်တတ်သည်ဟု ဆိုသကဲ့သို့ ဖြစ်နေပြီလားပင် ထင်မှတ်ရသည်။ ၁၉၈၈ ခုနှစ်လွန်ကာလ နိုင်ငံရေးသမားနှင့် လူငယ်အချို့၏လုပ်နည်းလုပ်ဟန်များကို အကဲခတ်ကြည့်နိုင်ပါသည်။

လွန်ခဲ့သောကာလများက ဖြစ်ပျက်ခဲ့သော မြန်မာ့နိုင်ငံရေးအခြေအနေများအား မှန်ပါသည်/မှားပါသည်ဟု မပြောဆိုလိုတော့ပါ။ မှန်သည်ဟုပြောလျှင်လည်း လက်မခံ၊ မှားသည်ဟုပြောလျှင်လည်း လက်မခံ။ အာဏာရှင်ကို လက်မခံ၊ ဒီမိုကရေစီကိုသာ လိုလားသည်ဆိုပြီး မိမိတို့ အယူအဆသာမှန်သည်၊ မိမိတို့ဝါဒသာ မှန်သည်ဟု တရားသေစွဲထားသည်။ တရားသေဆုပ်ကိုင်ထားသော နိုင်ငံရေးလောကတွင် အမှန်တရားကို မည်သို့မျှ ရှင်းပြမရသည့် အနေအထားဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ဖြစ်စဉ်အမှန်များကို အစွဲမျက်မှန် မတပ်ဘဲ ရှုမြင်ကြရန် တိုက်တွန်းချင်ပါသည်။

> ❖ ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအပြောင်းအလဲနှင့် လက်ရှိဖြစ်ပေါ်နေသော တိုင်းပြည်အခြေအနေတို့အပေါ် ပြင်ပမှဝေဖန်သူများက အဖြစ်မှန်ကို သေချာစွာလေ့လာကြည့်ရှုခြင်းမပြုဘဲ တပ်ပြီးသားအစွဲမျက်မှန်ဖြင့် ရှုမြင်၍ တရားသေ၊ တစ်ဖက်သတ်စွပ်စွဲပြောဆိုနေကြ
>
> ❖ ပါတီကြီးအာဏာပြန်ရရေးကိုသာမြင်ပြီး ဥပဒေရှုထောင့်မှမမြင်ဘဲ “တောင်းတာ ဒီမိုကရေစီ၊ ပေးတာကျည်ဆန်”ဟု တောင်စဉ်ရေမရ ပရမ်းပတာပြောဆိုနေကြ
>
> ❖ ဖြစ်ချင်နေသည်၊ မြင်ချင်နေသည်တို့ကိုသာ ဇွတ်အတင်းပုံဖော်နေကြ
>
> ❖ ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ၊ မင်းမဲ့စရိုက်ဆန်စွာလုပ်ဆောင်မှုများ၊ မြို့ရွာများရှိလမ်းများပေါ်တွင် အတားအဆီးများပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့များအား ပြန်လည်တိုက်ခိုက်ကြသည့် လုပ်ဆောင်မှုများကို “လုံခြုံရေးတပ်ဖွဲ့များက အပြစ်မဲ့ပြည်သူတွေကို မတရားလုပ်နေပါတယ်”ဟူ၍ ဗီဒီယိုရိုက်ယူကြကာ လူမှုကွန်ရက်ပေါ်တွင် မျှဝေနေကြသည်မှာ အရောင်ဆိုးခံထားရသောအစွဲဖြင့် လုပ်ကိုင်နေကြခြင်းသာဖြစ်

**ကြီးမားသည့်ပြစ်မှုများကျူးလွန်**

မဲစာရင်းမမှန်ကန်မှု၊ မဲမသမာမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဖောက်ဖျက်မှုတို့ကြောင့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာသည်ကို လုံးဝလက်မခံဘဲ တရားသေဝါဒ ဆုပ်ကိုင်ထားသော နိုင်ငံရေးသမားများက ပြည်သူကိုခုတုံးလုပ်ကြသည်။ ဒီမိုကရေစီကို ခုတုံးလုပ်ကြသည်။ အာဏာရှင်ကို အကြောင်းပြကြသည်။ ဝါဒမှိုင်းတိုက်ခံထားရသူများ၊ အစွဲမျက်မှန်တပ်ခြင်းခံရသူများ၊ မသိနားမလည်သောပြည်သူများ၊ ပညာတတ်သိ နားလည်ပါလျက် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ စွဲနေသူများသည် ဖြစ်စဉ်အမှန်ကို မည်သို့မျှ လက်မခံကြပါ။ လက်မခံရုံသာမက ကွန်မြူနစ်များကဲ့သို့ အာဏာဖီဆန်ရေး၊ တော်လှန်ပုန်ကန်ရေး ကြီးမားသည့်ပြစ်မှုများကို ကျူးလွန်ရန်ပင် ကြံစည်လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

အခြေခံပြည်သူများ၏ စိတ်ရင်းမှာ အေးအေးချမ်းချမ်း ရှာဖွေလုပ်ကိုင်စားသောက် နေထိုင်နိုင်ရေးဖြစ်သည်။ ထမင်းတစ်ဝမ်းကို မပူမပင် ရှာဖွေစားသောက်လုပ်ကိုင်နိုင်ရေးဖြစ်သည်။ သို့သော် နိုင်ငံရေးသမား၊ အဟောင်း/အသစ်များ၊ ထိုမှ ပေါ်ထွက်လာသည့် နိုင်ငံရေးပါတီကြီးသည် ပြည်သူများအား အစွဲမျက်မှန်တပ်ပေးရေးကို ၁၉၈၈ ခုနှစ် ဆူပူလှုပ်ရှားမှုကာလမှ ယနေ့ကာလအထိ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည်။ အာဏာရှင် ဆန့်ကျင်ရေး၊ အနိုင်ကျင့်ဖိနှိပ်မှုတွန်းလှန်ရေးအတွေးများကို ပြည်သူများအား ရိုက်သွင်းပေးခဲ့သည်။ ဒီမိုကရေစီကို မျက်နှာဖုံးစွပ်ပြီး အာဏာတည်ဆောက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့သည်။ အမုန်းဇာတ်ခင်းကာ ပြည်သူများ၏ ထောက်ခံအားပေးမှုကို ရယူခဲ့သည်။

**အရောင်ဆိုးခံထားရသောအစွဲ**

ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအပြောင်းအလဲနှင့် လက်ရှိဖြစ်ပေါ်နေသော တိုင်းပြည်အခြေအနေတို့အပေါ် ပြင်ပမှ ဝေဖန်သူများက အဖြစ်မှန်ကို သေချာစွာလေ့လာကြည့်ရှုခြင်းမပြုဘဲ တပ်ပြီးသား အစွဲမျက်မှန်ဖြင့် ရှုမြင်၍ တရားသေ၊ တစ်ဖက်သတ် စွပ်စွဲပြောဆို နေကြသည်။ ပါတီကြီးအာဏာပြန်ရရေးကိုသာမြင်ပြီး ဥပဒေရှုထောင့်မှမမြင်ဘဲ “တောင်းတာ ဒီမိုကရေစီ၊ ပေးတာကျည်ဆန်”ဟု တောင်စဉ်ရေမရ ပရမ်းပတာပြောဆိုနေကြသည်။ ဖြစ်ချင်နေသည်၊ မြင်ချင်နေသည်တို့ကိုသာ ဇွတ်အတင်းပုံဖော်နေကြသည်။ ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ၊ မင်းမဲ့စရိုက်ဆန်စွာလုပ်ဆောင်မှုများ၊ မြို့ရွာများရှိ လမ်းများပေါ်တွင် အတားအဆီးများပြုလုပ်ကာ လုံခြုံရေးတပ်ဖွဲ့များအား ပြန်လည်တိုက်ခိုက်ကြသည့် လုပ်ဆောင်မှုများကို “လုံခြုံရေးတပ်ဖွဲ့များက အပြစ်မဲ့ပြည်သူတွေကို မတရားလုပ်နေပါတယ်”ဟူ၍ ဗီဒီယိုရိုက်ယူကြကာ လူမှုကွန်ရက်ပေါ်တွင် မျှဝေနေကြသည်မှာ အရောင်ဆိုးခံထားရသော အစွဲဖြင့် လုပ်ကိုင်နေကြခြင်းသာ ဖြစ်သည်။

ပြည်သူများအနေဖြင့် အစွဲမျက်မှန်တပ်ဆင်ရှုမြင်ကာ စိတ်ခံစားချက်ဖြင့် ဥပဒေဘောင်အပြင်ဘက်သို့ ရောက်မှန်းမသိရောက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိ ပကတိဖြစ်ပျက်နေသည်များကို တစ်ထိုင်တည်း ဆုံးဖြတ်ချက်မချဘဲ ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန်ရှုမြင်ပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ တပ်မတော်ကို အဆိုးဝါဒဖြင့် ရှုမြင်ရန်မသင့်ပေ။ တပ်မတော်အနေဖြင့် မဲမသမာမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ပြီး အာဏာရယူရေးဆောင်ရွက်မှုများကြောင့် မလွှဲမရှောင်သာ နိုင်ငံ့တာဝန်ရယူပြီး ဒီမိုကရေစီလမ်းကြောင်းကို တည့်မတ်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ဒီမိုကရေစီမှသွေဖည်မည်မဟုတ်**

နိုင်ငံတော်၏ လိုအပ်ချက်အရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသော်လည်း ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပြောကြားထားပြီး ဖြစ်သည်။ နိုင်ငံရေးပါတီကြီးသည်သာ ဒီမိုကရေစီလမ်းကြောင်းအတိုင်းမသွားဘဲ အာဏာရှင်လမ်းကြောင်းသို့ သွားနေသဖြင့် ပြန်လည်တည့်မတ်ပေးနေခြင်းဖြစ်သည်။ အစွဲမျက်မှန်မတပ်ဘဲ သေချာစွာ မြင်အောင်ကြည့်လျှင် မြင်နိုင်ပါသည်။ ရိုးသားစွာ နေထိုင်ခဲ့ကြသည့် ပြည်သူများမှာ အပြစ်မရှိပါ။ အချိန်ကာလရှည်ကြာစွာ ပြည်သူများအား အစွဲမျက်မှန်တပ်ပေးရေး ကြိုတင်စီမံဆောင်ရွက်ခဲ့သဖြင့် ပြည်သူများကိုတပ်ပေးခဲ့သော အစွဲမျက်မှန်ကို ပြန်လည်ချွတ်ယူရန် အတော်ခက်ခက်ခဲခဲ လုပ်ယူနေရပါသည်။ **စာမျက်နှာ ၁၆ သို့** ○

# သံယောင်လိုက်ပြီး လူမှုရေးကန့်သတ်မှုတွေလုပ်တာ၊ အကြမ်းဖက်တာတွေလုပ်ပြီး ရမ်းကားနေကြတာတွေကတော့ မင်းမဲ့စရိုက်ဆန်လွန်းပါတယ်

ကိုအေးကို

**CDM လှုပ်ရှားမှုဖြစ်စဉ်များနှင့်အတူ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ၊ ကောလာဟလများကြောင့် အေးချမ်းစွာ တာဝန်ထမ်းဆောင်လိုသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ လက်လုပ်လက်စား အခြေခံလူတန်းစားများတွင် စိုးရိမ်ပူပန်မှုများ၊ အခက်အခဲများ ကြုံတွေ့နေရပြီး တည်ငြိမ်အေးချမ်းမှုကို လိုလားလျက်ရှိကြောင်း ပြည်သူတို့၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။**

"ကျွန်တော်ကတော့ မြို့ပေါ်ဈေးက အသားငါး၊ ဟင်းသီးဟင်းရွက်တွေကို ဝယ်ယူပြီး ရွာတွေကို လိုက်ရောင်းတဲ့ ဈေးသည်တစ်ဦးပါ။ အရင်ကဆို မနက် ၃ နာခွဲ၊ ၄ နာရီဆို ဈေးကိုသွား၊ ဝယ်ခြမ်းပြီးတော့ ကျေးရွာတွေမှာ လိုက်ရောင်းပါတယ်။ မနက် ၆ နာရီ၊ ၇ နာရီ မနက်စာချက်ပြုတ်ဖို့အမီ အပြေးအလွှား သွားရောင်းရပါတယ်။ ညနေပိုင်းကျတော့ မုန့်ပဲသရေစာတွေဖြစ်တဲ့ ပြောင်းဖူးပြုတ်တို့၊ ငုံးဥပြုတ်တို့၊ မုန့်ဖက်ထုပ်တို့ကိုလည်း နီးစပ်ရာကျေးရွာတွေကို လိုက်ရောင်းဖြစ်ပါတယ်။ ပင်ပန်းပေမယ့် စီးပွားရေးအတော်အဆင်ပြေပါတယ်။ အမေ့အတွက် အိမ်လေးလည်းပြင်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတစ်လော ဆန္ဒပြတာတွေ၊ ဆူပူတာတွေနဲ့ လမ်းတွေပိတ်လို့ ဈေးသွားရတာလည်း အဆင်မပြေတော့ဘူး။ နောက်ပြီးတော့ မနက်အစောတို့၊ ညနေမိုးချုပ်တို့မှ ကိုယ်က အရောင်းအဝယ်ထွက်ရတာဆိုတော့ ဒလန်၊ သူလျှို သတင်းပေးလို့ စွပ်စွဲမှုတွေရှိလာတော့ အမေကလည်း မလွှတ်တော့ဘူး။ ကျွန်တော်ကလည်း အမှန်အတိုင်းပြောရရင် ကြောက်တာပေါ့ဗျာ။ အခုဆို နားထားတာ တစ်ပတ်လောက်ရှိနေပြီ။ ရေရှည်သာဆို မလွယ်ဘူးဗျာ။ ဒါကြောင့် အဲဒီလိုလုပ်ရပ်တွေကို အမြန်ဖြေရှင်းပေးစေချင်တယ်ဗျာ"ဟု ဈေးသည်တစ်ဦးဖြစ်သူ ကိုဆွေဝင်းက ပြောသည်။

"ကျွန်မကတော့ ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားပါတယ်။ အရင်က အရောင်းအဝယ်အေးတယ်ဆိုပေမယ့် ရောင်းတော့ရောင်းနေရသေးတယ်။ အခုတော့ ဆန္ဒပြသူတွေက အကြမ်းဖက်လုပ်ရပ်တွေပါ လုပ်လာကြတော့ ဈေးဝယ်တွေလည်း မလာကျတော့ဘူး။ ကျွန်မတို့လည်း ဈေးကို တစ်နေ့လုံး ထိုင်မရောင်းရဲတော့ဘူး။ ကိုယ့်ဆိုင်လေး ဖျက်ဆီးခံရမှာလည်း ကြောက်တယ်။ ဒါပေမဲ့ ရှိတာလေးတွေ ရင်းထားရတော့ မရောင်းလို့ကလည်း မဖြစ်ပြန်ဘူး။ အရင်ကလိုဆိုရင် ရွာတွေဘက်ဆင်းပြီး ပေါ်ပင်ပေါ်သီးတွေနဲ့ လဲလို့ရသေးတော့ တော်သေးတာပေါ့။ မြို့ပေါ်ပြန်ရောက်တော့ ရလာတဲ့အသီးအနှံတွေ ပြန်ရောင်းရင် ငွေကပြန်ပေါ်သေးတယ်။ အခုကျတော့ သီးနှံတွေရလာရင်တောင် ပြန်ရောင်းဖို့ ပွဲရုံတွေက အဆင်မပြေတော့ဘူး။ စိတ်ညစ်ပါတယ်ရှင်။ ဒီကိစ္စတွေ မြန်မြန်ပြီးမှ အေးမှာပါ။ မြန်မြန်ရှင်းပေးဖို့ပဲ မျှော်လင့်ပါတယ်"ဟု အထည်ဆိုင်ဖွင့်ထားသည့် မမိုးမိုးက ပြောသည်။

"ကျွန်တော်တို့မိသားစုကတော့ ရပ်ကွက်လမ်းထိပ်မှာ အကြော်ဆိုင်ဖွင့်ထားပါတယ်။ အရင်ကဆို မနက်မိုးလင်းကနေ မိုးချုပ်အထိ ရက်ကွက်ထဲက ဝန်ထမ်းတွေရော၊ ရပ်ကွက်သူ ရပ်ကွက်သားတွေရော၊ လမ်းသွားလမ်းလာတွေရော လာဝယ်ကြပါတယ်။ တစ်ခါတလေ အကြော်ရောင်းတာနဲ့တောင် မတူဘူး။ အလှူပေးနေသလိုပဲ။ ကိုယ်ကလည်း မလှူတတ်ရင် ဈေးရောင်းဆိုတဲ့စကားအတိုင်း ကုသိုလ်ဖြစ်ပေးတဲ့ အခါလည်း ပေးလှူပေါ့ဗျာ။ တအားပိုပိုလျှံလျှံတော့ မရှိပါဘူး။ ဒါပေမဲ့ အခုတစ်လောကျတော့ ဝန်ထမ်းတွေကလည်း CDM ဆိုလားဗျာ လုပ်သွားကြတယ်။ ဆန္ဒပြသူတွေကလည်း လမ်းတွေပိတ်ထားတော့ ဆိုင်မထွက်ရတာလည်း နှစ်ပတ်ကျော်လောက်ရှိနေပြီ။ အစောပိုင်းက ဒီလောက်မဆိုးဘူး။ အခုနောက်ပိုင်း တော်တော်ကြမ်းတမ်းလာတယ်ဗျာ။ ကျွန်တော်ကတော့ ကိုယ့်အကြော်ဆိုင်လေးကို ပြန်ဖွင့်ချင်တာပါပဲ။ သူတို့တွေ ဒီလိုလုပ်နေတာ ကျွန်တော်တို့လို အခြေခံပြည်သူတွေပဲ ဒုက္ခရောက်ရတာပေါ့ဗျာ။ ဒီလိုတွေသာဆက်ဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့မိသားစုတွေ ဒုက္ခရောက်ကုန်မှာဗျ။ အမြန်ဆုံး အေးချမ်းအောင် ဖြေရှင်းပေးပါလို့ပဲ တောင်းဆိုချင်ပါတယ်"ဟု အကြော်သည် ဦးမောင်ပုက ပြောသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိဘဲ ရပ်ကွက်ထဲတွင်နေရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးကလည်း သူ၏အခက်အခဲများ၊ စိုးရိမ်သောကများကို ယခုလို ရင်ဖွင့်ခဲ့ပါသည်။

"ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပါ။ ကျွန်တော်က ကိုယ့်ခံယူချက်အတိုင်း CDM မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ အခုချိန်မှာတော့ ရပ်ကွက်ထဲမှာ CDM မလုပ်လို့ဆိုပြီး ဝိုင်းပယ်ခြင်းကို ခံနေရတယ်။ ဈေးဝယ်တာကအစ CDM မလုပ်တဲ့သူတွေကို မရောင်းဘူးဆိုတော့ သိပ်အဆင်မပြေချင်တော့ဘူးဗျာ။ ကျွန်တော့်အမျိုးသမီးကလည်း ကိုယ်ဝန်ကြီးနဲ့မို့ သူမီးဖွားဖို့အတွက်လည်း တစ်ဖက်က စိတ်ပူနေရတယ်။ ဆေးရုံတွေ၊ ဆေးခန်းတွေကလည်း CDM လုပ်ပြီးပိတ်ထားတာဆိုတော့ ဘယ်လိုလုပ်ရမလဲ မသိတော့ပါဘူးဗျာ။ အပြင်ဆေးခန်းမှာ မွေးဖို့ကျတော့လည်း စရိတ်စကနဲ့ သွားဖို့လာဖို့က အဆင်မပြေပြန်ဘူးဗျာ။ ကျွန်တော်ကတော့ CDM လုပ်တာတွေကို ရှုတ်ချတယ်ဗျာ။ အဲဒါကို သံယောင်လိုက်ပြီး လူမှုရေးကန့်သတ်မှုတွေလုပ်တာ၊ အကြမ်းဖက်တာတွေ လုပ်ပြီး ရမ်းကားနေကြတာတွေကတော့ မင်းမဲ့စရိုက်ဆန်လွန်းပါတယ်ဗျာ။ ကိုယ်ကြိုက်တာကိုယ်လုပ်လို့ရပါတယ်။ ဒါပေမဲ့ သူတစ်ပါးကိုတော့ မထိခိုက်မနစ်နာစေသင့်ဘူးပေါ့ဗျာ။ ဒီလိုကိစ္စတွေကို မြန်မြန် အရေးယူဖြေရှင်းပေးဖို့ တောင်းဆိုချင်ပါတယ်။ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ ရုံးတက်ရင်း ကျွန်တော့်ရင်သွေးလေးကိုလည်း ရှောရှောရှူရှူ မွေးဖွားစေချင်တယ်ဗျာ"ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုအေးကိုက ပြောသည်။

တွေ့ဆုံမေးမြန်း - မေချိုးဖြူ

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## သတင်းစာကိုယ်စားလှယ်ဆီက သတင်းစာများ သိမ်းကျုံးဝယ်ပြီး မဖြန့်အောင်လုပ်နေသူများအား ဖမ်းဆီးအရေးယူပေးပါ

အယ်ဒီတာရှင့် -

ကျွန်မက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်မှာ နေထိုင်သူဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံး၊ လေးရက်လောက်ကစတင်ပြီး ကျွန်မတို့အိမ်ကို နိုင်ငံပိုင်သတင်းစာတွေ မရောက်လာပါဘူး။ ကျွန်မက နိုင်ငံပိုင်သတင်းစာ ကြေးမုံရော မြန်မာ့အလင်းပါ လပေးမှာယူဖတ်ရှုသူ ဖြစ်ပါတယ်။ အခု နှစ်စောင်စလုံးမရောက်လို့ စုံစမ်းကြည့်တော့ ကျွန်မတို့ ကိုယ်စားလှယ်ဆီကနေ လူတစ်စုက သတင်းစာတွေ ဆက်မဖြန့်စေဘဲ သိမ်းကျုံးဝယ်နေတယ်လို့ သိရပါတယ်။ နိုင်ငံပိုင်သတင်းစာက သတင်းတွေ၊ ဆောင်းပါးတွေက အစိုးရဆန့်ကျင်သူတွေရဲ့ ကောလာဟလကို ချေဖျက်တာ၊ ဆောင်းပါးတွေက အသိပညာရစေတာကို မလိုလားတဲ့ မသမာသူတွေက အခုလို လုပ်တာဖြစ်တယ်လို့ သိရပါတယ်။ ကျွန်မ မနေ့က စပြီး လမ်းထိပ်ကို လူလွှတ်ပြီး လက်ပွေ့ဆီကနေတစ်ဆင့် ဝယ်ဖတ်နေရပါတယ်။

အစိုးရကို ဆန့်ကျင်သူတွေအနေနဲ့ နိုင်ငံပိုင်သတင်းစာပါ သတင်းအကြောင်းအရာအမှန်တွေ၊ ပညာပေးဆောင်းပါးတွေကို ပြည်သူတွေ မသိစေချင်တာအမှန်ပါပဲ။ ဖတ်မိရင်၊ သိသွားရင် သူတို့အကြံအစည်တွေ ပေါ်မယ်၊ မိဘတွေအနေနဲ့ သူတို့သားသမီးတွေကို သွေးထိုးမြှောက်ပင့်တာတွေသိပြီး တားမြစ်ကြမယ်၊ နိုင်ငံရေးသမားတွေရဲ့ သွေးဆောင်ဖြားယောင်းမှုကို သိရှိရှုတ်ချလာမယ်၊ သူတို့နဲ့မပူးပေါင်းဘဲနေမယ်ဆိုတာ သူတို့ သိနေတာကိုး။ ဒါကြောင့် နိုင်ငံပိုင်ရုပ်သံနဲ့ မြဝတီတို့က သတင်းထုတ်လွှင့်တာကို မကြားစေချင်လို့ ညတိုင်း သတင်းလာချိန်တွေမှာ သံပုံးတွေတီးပြီး နှောင့်ယှက်နေတာလေ။ အခုလည်း သတင်းစာတွေကိုပါ မဖတ်စေချင်လို့ လုပ်နေကြပြန်ပါပြီရှင့်။

ဒါကြောင့် အယ်ဒီတာကြီးများက အခုလို သတင်းစာများကို မဖြန့်အောင် သိမ်းကျုံးဝယ်ယူနေသူတွေကို သက်ဆိုင်ရာကို အသိပေးပြီး ဖမ်းဖို့ဆီးဖို့ လုပ်ပေးစေချင်ပါတယ်ရှင့်။

မရမ်းကုန်းမြို့နယ်သူ

○ စာမျက်နှာ ၁၅ မှ

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများကို အင်အားသုံးကာ ပိတ်ပင်တားဆီးခြင်းမရှိပေ။ အရေးပေါ်ကာလဖြစ်၍ လုံခြုံရေးတပ်ဖွဲ့များက မေတ္တာရပ်ခံ နားလည်သဘောပေါက်အောင် ပြောကြားပေးနေသည်ကို ပြည်သူများ၏ ဗီဒီယိုမှတ်တမ်းများကို ပြန်ကြည့်လျှင် တွေ့နိုင်ပါသည်။ ဆူပူအကြမ်းဖက်မှုများ၊ လုယက်ဖျက်ဆီးမှုများ၊ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများ၊ လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုများကိုသာ အသက်သာဆုံးနည်းလမ်း၊ အင်အားအနည်းဆုံး ထိန်းသိမ်းမှုများဖြင့်သာ လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အပြစ်မရှိသော၊ ရောနှောလိုက်ပါလာကြသော ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား ခေတ္တထိန်းသိမ်းထားရာမှ မိဘရင်ခွင်သို့ စနစ်တကျ ပြန်လည်လွှတ်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

- **ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများကို အင်အားသုံးကာ ပိတ်ပင်တားဆီးခြင်းမရှိပေ။**
- **အရေးပေါ်ကာလဖြစ်၍ လုံခြုံရေးတပ်ဖွဲ့များက မေတ္တာရပ်ခံ နားလည်သဘောပေါက်အောင် ပြောကြားပေးနေသည်ကို ပြည်သူများ၏ ဗီဒီယိုမှတ်တမ်းများကို ပြန်ကြည့်လျှင်တွေ့နိုင်**
- **ဆူပူအကြမ်းဖက်မှုများ၊ လုယက်ဖျက်ဆီးမှုများ၊ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများ၊ လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကိုသာ အသက်သာဆုံးနည်းလမ်း၊ အင်အား အနည်းဆုံးထိန်းသိမ်းမှုများဖြင့်သာ လုပ်ဆောင်နေသည်ကို တွေ့ရမည်**
- **အပြစ်မရှိသော၊ ရောနှောလိုက်ပါလာကြသော ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအား ခေတ္တထိန်းသိမ်းထားရာမှ မိဘရင်ခွင်သို့ စနစ်တကျ ပြန်လည် လွှတ်ပေးနေသည်ကို တွေ့ရမည်**

**ပြည်သူများအား ကာကွယ်ပေးနေ**

တပ်မတော်အနေဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအကြမ်းဖက်၊ မီးရှို့ဖျက်ဆီးသူများ၊ ပြည်သူများအပေါ် အကြောင်းမဲ့ စွပ်စွဲတိုက်ခိုက်နေသူများ၊ လက်နက်စွဲကိုင် ရန်ပြုသူများအား တားဆီးနှိမ်နင်းနေခြင်းဖြစ်သည်။ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်တိုက်ခိုက်မှုများအား မည်သည့်နိုင်ငံမှ အားပေးထောက်ခံခြင်းမရှိပေ။ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သော မင်းမဲ့စရိုက်ဆူပူမှုများကို နိုင်ငံအစိုးရတိုင်းက ထိရောက်စွာ နှိမ်နင်းခဲ့ကြသည်ချည်းသာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်ဆူပူမှု နှိမ်နင်းရေးကို နိုင်ငံတကာစံနှုန်းများထက် လျော့နည်းစွာ ဆောင်ရွက်လျက်ရှိသဖြင့် ပျော့ညံ့သည်ဟုပင် ပြောဆိုမှုများ ရှိနေသည်ကို ကြားသိနေရသည်။

**သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေသူများသည် ထိပ်တိုက်တွေ့ဆုံသည့်ရှေ့တန်းတွင် မရှိပါ။ ပြည်ပနိုင်ငံများမှလည်းကောင်း၊ လုံခြုံသည့်နေအိမ်နေရာများမှလည်းကောင်း ဖန်တီးနေကြခြင်းဖြစ်သည်ကို မြင်အောင်ကြည့်ဖို့ လိုမည်ဖြစ်သည်။** လူငယ်များအနေဖြင့် ထိပ်တိုက်တွေ့ဆုံကြ၍ ရှေ့တန်းတွင် အသက်သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများရှိနေခြင်းသည် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ၊ ကြိုတင်အစွဲကပ်အောင် လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။ လူငယ်လူရွယ်များ လမ်းမများပေါ်သို့ထွက်ကာ ထိပ်တိုက်တွေ့အောင် ဖန်တီးပေးနေသူများအား အပြစ်တင်ရမည့်အစား တည်ဆဲအစိုးရအပေါ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်တင်မှုများ၊ အမုန်းပွားမှုများ ဖြစ်နေသည်မှာ မိမိတို့တွင် တစ်စုံတစ်ရာ အစွဲကပ်နေမှုကြောင့်ဖြစ်သည်ကို သတိပြုမိရန် လိုပါသည်။ ထိုအစွဲကို ခွာချရန် အရေးကြီးပါသည်။

ထို့ကြောင့် မိဘပြည်သူ ဆွေမျိုးအသိုက်အဝန်းများအနေဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပေါ်နေမှုများ အေးငြိမ်းစေရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးအတွက် မိမိတို့စိတ်တွင် ဖြစ်ပေါ်နေသော ဒေါသ၊ မောဟများနှင့် စိတ်ခံစားချက်များအား တတ်နိုင်သမျှလျှော့ချကာ လက်ရှိပကတိ ဖြစ်ပေါ်နေသော အမှန်တရားများ ကို အစွဲမျက်မှန်ကိုချွတ်ပြီး ရှာဖွေကြစေလိုပါကြောင်း။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ဒလမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဲရုံပေါင်း ၂၆ ရုံ | ၂၅၄၀၈ | ၃၁၄၄၉ | ၅၉၇ | ၁၂ | ၇၁၈ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မဲရုံပေါင်း ၅၂ ရုံ | ၈၁၇၇၅ | ၇၃၅၄၁ | ၅၀၆ | ၁၈ | ၂၂၂၈ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မဲရုံပေါင်း ၂၀၄ ရုံ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၂၅၈၃၆ | ၁၅၄ | ၆၀၂၄ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဲရုံပေါင်း ၁၆၁ ရုံ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၀၅၆၅ | ၂၁၇ | ၅၄၀၀ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မဲရုံပေါင်း ၁၈၂ ရုံ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၃၀၁၇၉ | ၄၃၃ | ၈၃၈၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ဒလမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၆၂၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၄၂၉၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၄၅၄၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၈၉၇၄၈၊ မြေပြင်လက်ကျန် ၁၇၃၃၇၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၁၉၃၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၅၅၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင်ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပန်းဘဲတန်းမြို့နယ် | ၂၆ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၂ | စမ်းချောင်းမြို့နယ် | ၅၂ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၃ | ခရမ်းမြို့နယ် | ၂၀၄ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၄ | ကော့မှူးမြို့နယ် | ၁၆၁ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၅ | ဒလမြို့နယ် | ၁၈၂ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| စုစုပေါင်း | | ၆၂၅ | ၅၂၄၂၉၃ | ၃၃၄၅၄၅ | ၁၈၉၇၄၈ | ၁၇၃၃၇၄ | ၂၁၉၃၀ | ၅၅၅၆ |

ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်တွင် ရပ်ကွက် ၁၁ ရပ်ကွက်၊ မဲရုံပေါင်း ၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၅၄၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၅၉၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၉၅၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၇၈၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -



မဲလက်မှတ်များ မြေပြင်စစ်ဆေးစဉ်။

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၆၀၅၃ | ၁၅၂၉၄ | ၁၀၇၅၉ | ၁၀၅၈၂ | ၂၆၃ | ၈၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၉၆ | ၂၉၆ | ၁၂၀၀ | ၁၂၀၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | | | | | | |
| စုစုပေါင်း | | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |

၆။ ပန်းဘဲတန်းမြို့နယ်၊ ရပ်ကွက် ၁၁ ရပ်ကွက်ရှိ မဲရုံ ၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၆၃ ပျောက်ဆုံးနေပြီး ၈၆ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၂၅၀၃ | ၁၂၄၇ | ၁၂၅၆ | ၁၂၆၁ | | ၅ |
| ၂ | အမှတ်(၂) ရပ်ကွက် | ၂ | ၂၀၁၀ | ၉၆၁ | ၁၀၄၉ | ၁၀၅၂ | | ၃ |
| ၃ | အမှတ်(၃) ရပ်ကွက် | ၃ | ၃၁၀၆ | ၁၇၈၂ | ၁၃၂၄ | ၁၃၂၆ | | ၂ |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂ | ၂၆၀၀ | ၁၅၆၂ | ၁၀၃၈ | ၁၀၅၁ | | ၁၃ |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၄၀၁ | ၁၃၂၀ | ၁၀၈၁ | ၁၁၀၁ | | ၂၀ |
| ၆ | အမှတ်(၆) ရပ်ကွက် | ၃ | ၂၃၇၁ | ၁၄၂၇ | ၉၄၄ | ၆၉၉ | ၂၄၅ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၃ | ၃၀၅၄ | ၁၉၉၈ | ၁၀၅၆ | ၁၀၄၈ | ၈ | |
| ၈ | အမှတ်(၈) ရပ်ကွက် | ၃ | ၃၁၀၃ | ၁၈၄၃ | ၁၂၆၀ | ၁၂၅၀ | ၁၀ | |
| ၉ | အမှတ်(၉) ရပ်ကွက် | ၂ | ၁၃၀၀ | ၉၁၂ | ၃၈၈ | ၄၀၄ | | ၁၆ |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၂ | ၂၀၀၀ | ၁၁၉၀ | ၈၁၀ | ၈၂၀ | | ၁၀ |
| ၁၁ | အမှတ်(၁၁) ရပ်ကွက် | ၂ | ၁၆၀၅ | ၁၀၅၂ | ၅၅၃ | ၅၇၀ | | ၁၇ |
| ရပ်ကွက်ချုပ်စုစုပေါင်း | | ၂၆ | ၂၆၀၅၃ | ၁၅၂၉၄ | ၁၀၇၅၉ | ၁၀၅၈၂ | ၂၆၃ | ၈၆ |
| မြို့နယ်မဲလက်ကျန် | | | ၁၄၉၆ | ၂၉၆ | ၁၂၀၀ | ၁၂၀၀ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |

စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၅၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၈၆၅၆၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၈၆၆၂ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၃၇၉၀၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၅၄၄ ရှက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၈၂၆၄၁ | ၄၆၉၉၀ | ၃၅၆၅၁ | ၂၈၂၉၄ | ၉၅၁၇ | ၂၁၆၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၂၂ | ၁၆၇၂ | ၂၂၅၀ | ၂၂၅၀ | | |
| စုစုပေါင်း | | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |

စာမျက်နှာ ၁၈ သို့ ☆

☆ စာမျက်နှာ ၁၇ မှ

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ စမ်းချောင်းမြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်၊ မဲရုံပေါင်း ၅၂ ရုံတွင် မဲလက်မှတ်အရေအတွက် ၉၅၁၇ ပျောက်ဆုံးနေပြီး ၂၁၆၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၆၇၂ အသုံးပြုထားပြီး ၂၂၅၀ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဝေဠုဝန်(မြောက်) ရပ်ကွက် | ၃ | ၃၈၈၀ | ၂၀၃၆ | ၁၈၄၄ | ၁၁၁၆ | ၇၂၈ | |
| ၂ | ဝေဠုဝန်(တောင်) ရပ်ကွက် | ၂ | ၂၄၁၀ | ၁၇၂၅ | ၆၈၅ | ၇၂၆ | ၂၈၈ | ၃၂၉ |
| ၃ | မုန့်လုပ်ဆောင်းကုန်း (မြောက်) ရပ်ကွက် | ၃ | ၃၃၉၀ | ၂၃၀၂ | ၁၀၈၈ | ၁၀၄၆ | ၄၂ | |
| ၄ | မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက် | ၄ | ၉၅၆၀ | ၄၂၈၁ | ၅၂၇၉ | ၂၈၂၁ | ၂၄၆၈ | ၁၀ |
| ၅ | သံတံတားရပ်ကွက် | ၂ | ၃၄၇၆ | ၂၂၁၅ | ၁၂၆၁ | ၁၅၂၇ | | ၂၆၆ |
| ၆ | လင်းလွန်း(မြောက်) ရပ်ကွက် | ၄ | ၅၉၆၀ | ၃၆၆၇ | ၂၂၉၃ | ၁၉၆၆ | ၄၅၃ | ၁၂၆ |
| ၇ | လင်းလွန်း(တောင်) ရပ်ကွက် | ၄ | ၅၂၉၅ | ၃၃၅၂ | ၁၉၄၃ | ၂၀၄၉ | ၁၆ | ၁၂၂ |
| ၈ | ကျွန်းတော(မြောက်) ရပ်ကွက် | ၂ | ၂၉၀၀ | ၁၇၄၆ | ၁၁၅၄ | ၁၁၀၀ | ၅၇ | ၃ |
| ၉ | ကျွန်းတော(အလယ်) ရပ်ကွက် | ၂ | ၃၇၈၀ | ၂၃၆၄ | ၁၄၁၆ | ၅၈၆ | ၈၃၀ | |
| ၁၀ | ကျွန်းတော(တောင်) ရပ်ကွက် | ၄ | ၆၀၅၅ | ၃၈၄၇ | ၂၂၀၈ | ၂၃၅၀ | ၆၈၅ | ၈၂၇ |
| ၁၁ | စမ်းချောင်း(မြောက်) ရပ်ကွက် | ၄ | ၆၂၉၅ | ၂၆၁၇ | ၃၆၇၈ | ၂၅၁၁ | ၁၂၈၈ | ၁၂၁ |
| ၁၂ | စမ်းချောင်း(တောင်) ရပ်ကွက် | ၃ | ၅၇၀၀ | ၃၄၈၉ | ၂၂၁၁ | ၂၁၁၁ | ၁၀၈ | ၈ |
| ၁၃ | ရှင်စောပုရပ်ကွက် | ၂ | ၂၆၅၀ | ၁၄၄၆ | ၁၂၀၄ | ၁၁၅၄ | ၁၅၀ | ၁၀၀ |
| ၁၄ | သီရိခေမာရပ်ကွက် | ၂ | ၃၁၆၀ | ၁၇၆၆ | ၁၃၉၄ | ၁၀၃၉ | ၃၅၅ | |
| ၁၅ | အောင်ချမ်းသာရပ်ကွက် | ၁ | ၁၉၈၀ | ၁၂၄၅ | ၇၃၅ | ၇၀၈ | ၂၇ | |
| ၁၆ | ဟုမ်းလမ်းဘူတာ ရပ်ကွက် | ၂ | ၂၇၇၅ | ၂၀၆၉ | ၇၀၆ | ၆၈၅ | ၂၅ | ၄ |
| ၁၇ | မြေနီကုန်း(မြောက်) ရပ်ကွက် | ၄ | ၆၆၄၅ | ၃၁၈၀ | ၃၄၆၅ | ၂၉၀၅ | ၈၀၄ | ၂၄၄ |
| ၁၈ | မြေနီကုန်း(တောင်) ရပ်ကွက် | ၄ | ၆၇၃၀ | ၃၆၄၃ | ၃၀၈၇ | ၁၈၉၄ | ၁၁၉၃ | |
| | **ရပ်ကွက်ချုပ်စုစုပေါင်း** | **၅၂** | **၈၂၆၄၁** | **၄၆၉၉၀** | **၃၅၆၅၁** | **၂၈၂၉၄** | **၉၅၁၇** | **၂၁၆၀** |
| | **မြို့နယ်လက်ကျန်မဲ** | | **၃၉၂၂** | **၁၆၇၂** | **၂၂၅၀** | **၂၂၅၀** | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | | **၈၆၅၆၃** | **၄၈၆၆၂** | **၃၇၉၀၁** | **၃၀၅၄၄** | **၉၅၁၇** | **၂၁၆၀** |

**ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၀။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၂၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄၉၂၆၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၀၄၉၉ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၄၈၇၆၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၅၄၃၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၄၀၁၆ | ၉၉၉၈၅ | ၃၄၀၃၁ | ၃၁၂၅၀ | ၅၂၅၈ | ၂၄၇၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၅၂၅၀ | ၅၁၄ | ၁၄၇၃၆ | ၁၄၁၈၇ | ၅၄၉ | |
| | **စုစုပေါင်း** | **၁၄၉၂၆၆** | **၁၀၀၄၉၉** | **၄၈၇၆၇** | **၄၅၄၃၇** | **၅၈၀၇** | **၂၄၇၇** |

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ခရမ်းမြို့နယ်၊ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု မဲရုံပေါင်း ၂၀၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၂၅၈ ပျောက်ဆုံးနေပြီး ၂၄၇၇ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၅၁၄ ရွက်ကို အသုံးပြုထားပြီး မြေပြင်လက်ကျန် ၁၄၇၃၀ ကျန်ရှိရမည်ဖြစ်သော်လည်း မြို့နယ်လက်ကျန်အဖြစ် ၁၄၁၈၇ ကိုသာ ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရသဖြင့် ၅၄၉ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | (၁) ရပ်ကွက် | ၃ | ၂၀၅၀ | ၁၅၈၈ | ၄၆၂ | ၄၆၂ | ၅၀ | ၅၀ |
| ၂ | (၂) ရပ်ကွက် | ၂ | ၁၈၀၀ | ၁၄၂၄ | ၃၇၆ | ၃၆၇ | ၅၀ | ၄၁ |
| ၃ | (၃) ရပ်ကွက် | ၆ | ၄၄၅၀ | ၃၅၁၆ | ၉၃၄ | ၇၃၄ | ၂၀၀ | |
| ၄ | (၄) ရပ်ကွက် | ၁ | ၆၅၀ | ၅၂၉ | ၁၂၁ | ၁၂၁ | | |
| ၅ | (၅) ရပ်ကွက် | ၂ | ၁၇၀၀ | ၁၃၄၄ | ၃၅၆ | ၄၄၁ | | ၈၅ |
| ၆ | (၆) ရပ်ကွက် | ၃ | ၁၅၅၀ | ၉၆၁ | ၅၈၉ | ၂၈၉ | ၃၅၀ | ၅၀ |
| ၇ | (၇) ရပ်ကွက် | ၄ | ၃၄၅၀ | ၂၇၄၆ | ၇၀၄ | ၁၁၁၄ | | ၄၁၀ |
| ၈ | (၈) ရပ်ကွက် | ၂ | ၁၆၅၀ | ၁၁၆၉ | ၄၈၁ | ၃၈၁ | ၁၀၀ | |
| ၉ | (၉) ရပ်ကွက် | ၃ | ၂၅၅၀ | ၂၀၆၈ | ၄၈၂ | ၅၀၅ | | ၂၃ |
| ၁၀ | (၁၀) ရပ်ကွက် | ၃ | ၁၇၀၀ | ၁၃၉၇ | ၃၀၃ | ၃၉၁ | ၁၀ | ၉၈ |
| ၁၁ | (၁၁) ရပ်ကွက် | ၄ | ၂၇၀၀ | ၂၁၉၉ | ၅၀၁ | ၅၀၁ | ၁၀၀ | ၁၀၀ |
| ၁၂ | (၁၂) ရပ်ကွက် | ၄ | ၃၆၀၀ | ၂၈၂၃ | ၇၇၇ | ၇၃၁ | ၄၆ | |
| ၁၃ | ကွမ်းမိုးဒိန်းရပ်ကွက် | ၂ | ၁၃၅၀ | ၁၁၁၁ | ၂၃၉ | ၂၃၉ | ၅၀ | ၅၀ |
| ၁၄ | ပေါက်ပင်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၂၀၆၃ | ၅၃၇ | ၄၈၇ | ၅၀ | |
| ၁၅ | ကမာမတ်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၈၇၅ | ၅၇၅ | ၄၂၅ | ၁၅၀ | |
| ၁၆ | မက္ကသန်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၈၀၀ | ၂၀၀ | ၂၀၃ | | ၃ |
| ၁၇ | ကျုံးကျုံးကျကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၆၂၁ | ၄၂၉ | ၃၈၅ | ၄၄ | |
| ၁၈ | အုပ်ဖိုကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၆၉၂ | ၃၀၈ | ၃၆၂ | | ၅၄ |
| ၁၉ | မောင်းမကျေးရွာအုပ်စု | ၅ | ၃၀၀၀ | ၂၃၁၂ | ၆၈၈ | ၆၉၈ | ၁၅၀ | ၁၆၀ |
| ၂၀ | ကြူတောကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၁၅၀ | ၄၅၀ | ၄၅၀ | | |
| ၂၁ | ကမာချိုက်ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၆၇၈ | ၆၇၂ | ၆၂၂ | ၁၀၀ | ၅၀ |
| ၂၂ | အလယ်ရွာကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၅၆၀ | ၂၉၀ | ၂၉၀ | | |
| ၂၃ | အေးရွာကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၉၄၉ | ၆၀၁ | ၄၅၅ | ၁၄၆ | |
| ၂၄ | စွယ်ကတော့ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၈၂ | ၄၁၈ | ၄၁၈ | | |
| ၂၅ | ပိန်းကန်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၁၆၃ | ၆၃၇ | ၅၉၀ | ၄၇ | |
| ၂၆ | လှဘီလူးကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၉၃ | ၆၀၇ | ၂၅၇ | ၃၅၀ | |
| ၂၇ | မကျီးကန်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၇၇ | ၃၂၃ | ၃၂၃ | | |
| ၂၈ | ရိုးကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၁၈ | ၄၃၂ | ၂၈၂ | ၁၅၀ | |
| ၂၉ | ကျုံတူးကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၃၃ | ၄၆၇ | ၃၆၇ | ၁၀၀ | |
| ၃၀ | တမံကြီးကျေးရွာအုပ်စု | ၅ | ၃၇၀၀ | ၂၈၁၃ | ၈၈၇ | ၉၈၅ | ၂ | ၁၀၀ |
| ၃၁ | ကမာကလုတ် ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၂၄၀ | ၇၁၀ | ၆၀၆ | ၁၀၄ | |
| ၃၂ | ကရင်ကန်ကျေးရွာ အုပ်စု | ၃ | ၂၁၅၀ | ၁၆၅၇ | ၄၉၃ | ၄၄၃ | ၅၀ | |
| ၃၃ | ကန်ညီနောင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၆၇ | ၁၈၃ | ၁၈၃ | | |
| ၃၄ | ကွဲတလင်းကျေးရွာအုပ်စု | ၅ | ၃၅၆၆ | ၂၆၃၂ | ၉၃၄ | ၈၃၄ | ၁၁၆ | ၁၆ |
| ၃၅ | သက္ကယ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၇၄ | ၅၂၆ | ၆၂၆ | | ၁၀၀ |
| ၃၆ | ခမတ်ကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၈၀၄ | ၅၉၆ | ၅၉၇ | | ၁ |
| ၃၇ | ကံဘဲကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၇၅ | ၄၇၅ | ၂၇၅ | ၂၀၀ | |
| ၃၈ | ညောင်ပင်ကွင်း ကျေးရွာအုပ်စု | ၇ | ၄၄၀၀ | ၃၄၅၆ | ၉၄၄ | ၈၉၄ | ၁၀၀ | ၅၀ |
| ၃၉ | ပုဂံတောင်ကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၂၂၅၆ | ၉၄၄ | ၆၉၄ | ၂၅၀ | |
| ၄၀ | ပန်းတောချောင် ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၆၄ | ၃၈၆ | ၃၈၆ | ၅၀ | ၅၀ |
| ၄၁ | ဒေးပေါက်ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၆၃၀ | ၇၂၀ | ၄၉၅ | ၂၅၀ | ၂၅ |
| ၄၂ | ကရင်စုကျေးရွာအုပ်စု | ၅ | ၂၂၅၀ | ၁၇၁၄ | ၅၃၆ | ၅၈၆ | | ၅၀ |
| ၄၃ | ဘုရားပျိုကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၈၆၉ | ၇၃၁ | ၆၇၄ | ၅၇ | |
| ၄၄ | ကွင်းလျားရှည် ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၂၇ | ၅၂၃ | ၄၂၃ | ၁၅၀ | ၅၀ |
| ၄၅ | ထရကန်ကျေးရွာအုပ်စု | ၅ | ၂၄၀၀ | ၁၃၉၄ | ၁၀၀၆ | ၇၄၃ | ၄၀၀ | ၁၃၇ |
| ၄၆ | သပြုကန်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၉၈ | ၂၅၂ | ၂၈၅ | | ၃၃ |
| ၄၇ | ပလူကန်ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၈၁၂ | ၆၃၈ | ၆၃၇ | ၅၁ | ၅၀ |
| ၄၈ | တကောကန်ကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၃၈၈ | ၈၆၂ | ၆၇၃ | ၂၃၉ | ၅၀ |
| ၄၉ | ကျီနီချောင်ကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၂၅၈ | ၆၄၂ | ၄၃၂ | ၂၆၀ | ၅၀ |
| ၅၀ | ပျဉ်းမကုန်းကျေးရွာအုပ်စု | ၅ | ၂၂၅၀ | ၁၅၈၂ | ၆၆၈ | ၆၆၈ | | |
| ၅၁ | ကြာကန်ကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၄၇၉ | ၅၇၁ | ၅၂၁ | ၅၀ | |
| ၅၂ | ပလူကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၃၆၀ | ၈၄၀ | ၆၁၁ | ၂၂၉ | |
| ၅၃ | အောင်ချမ်းသာကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၄၅ | ၄၅၅ | ၄၅၃ | ၂ | |
| ၅၄ | ဘိုကလေးကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၇၁ | ၃၇၉ | ၃၇၉ | | |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅၅ | ဆင်ကျွန်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၄၂ | ၂၀၈ | ၁၀၈ | ၁၀၀ | |
| ၅၆ | ကံကောင်းကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၄၉ | ၁၀၁ | ၁၀၁ | | |
| ၅၇ | ရေကျော်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၂၃ | ၅၂၇ | ၅၂၇ | | |
| ၅၈ | အုန်းပင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၄ | ၃၂၆ | ၂၆၈ | ၁၀၉ | ၅၁ |
| ၅၉ | ညောင်လန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၂ | ၁၆၈ | ၁၆၈ | | |
| ၆၀ | ဆင်မင်းအိုင်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၁၀ | ၂၉၀ | ၂၉၀ | | |
| ၆၁ | ကင်မွန်းခြံကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၄၀၇ | ၉၄၃ | ၉၃၇ | ၆ | |
| ၆၂ | ဇီးဖြူပင်ကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၆၁ | ၅၃၉ | ၅၈၉ | | ၅၀ |
| ၆၃ | ကျုံကန်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၁၁၂၁ | -၂၂၁ | ၂၁၉ | | ၄၄၀ |
| ၆၄ | ညောင်ပင်သာ ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၇၄ | ၃၇၆ | ၂၈၆ | ၉၀ | |
| ၆၅ | စခန်းကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၀၆ | ၃၄၄ | ၂၉၄ | ၅၀ | |
| ၆၆ | ကံသာကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၈၀ | ၅၇၀ | ၄၇၀ | ၁၀၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၀၄ | ၁၃၄၀၁၆ | ၉၉၉၈၅ | ၃၄၀၃၁ | ၃၁၂၅၀ | ၅၂၅၈ | ၂၄၇၇ |
| | မြို့နယ်လက်ကျန်မဲ | | ၁၅၂၅၀ | ၅၁၄ | ၁၄၇၃၆ | ၁၄၁၈၇ | ၅၄၉ | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |

**ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၃။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၆၂ အုပ်စု၊ မဲရုံပေါင်း ၁၆၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၄၈၂၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၈၂၆၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၆၅၅၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၂၅၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၀၈၀၇၅ | ၇၇၇၂၂ | ၃၀၃၅၃ | ၂၉၁၃၃ | ၁၇၆၉ | ၅၄၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၅ | ၅၄၆ | ၂၇၉ | ၃၂၆ | | ၄၇ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၉၂၂ | | ၅၉၂၂ | ၅၈၀၀ | ၁၂၂ | |
| | စုစုပေါင်း | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |

၁၄။ ကော့မှူးမြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ၆၂ အုပ်စုရှိ မဲရုံ ၁၆၁ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၇၆၉ ပျောက်ဆုံးနေပြီး ၅၄၉ ပိုနေသည်ကို တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်အနေဖြင့် ထုတ်ပေးထားသည့်အရေအတွက်ထက် ၄၇ ပိုနေပြီး မြို့နယ်လက်ကျန် မဲလက်မှတ်အရေအတွက် ၁၂၂ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မပိုင်းရပ်ကွက် | ၁၃၅၀ | ၉၇၈ | ၃၇၂ | ၁၂၂ | ၂၅၀ | |
| ၂ | မြို့သစ်ရပ်ကွက် | ၁၅၅၂ | ၁၁၆၂ | ၃၉၀ | ၄၈၈ | | ၉၈ |
| ၃ | မကျီးတန်းရပ်ကွက် | ၇၅၀ | ၅၇၅ | ၁၇၅ | ၁၇၅ | | |
| ၄ | တာလမ်းသစ်ရပ်ကွက် | ၁၀၅၀ | ၈၄၀ | ၂၁၀ | ၂၁၀ | | |
| ၅ | ပြည်တော်သာရပ်ကွက် | ၈၅၀ | ၆၇၂ | ၁၇၈ | ၁၇၈ | | |
| ၆ | တောင်ပိုင်းရပ်ကွက် | ၁၀၇၀ | ၇၉၄ | ၂၇၆ | ၂၀၆ | ၇၀ | |
| ၇ | ဘုရားလမ်းရပ်ကွက် | ၁၆၅၀ | ၁၂၃၄ | ၄၁၆ | ၄၁၆ | | |
| ၈ | မကျီးကန်ကျေးရွာအုပ်စု | ၃၂၅၀ | ၂၄၆၁ | ၇၈၉ | ၆၈၉ | ၁၀၀ | |
| ၉ | နတ်စင်ကုန်းကျေးရွာအုပ်စု | ၅၄၀၀ | ၃၈၄၇ | ၁၅၅၃ | ၁၃၀၃ | ၂၅၀ | |
| ၁၀ | အဖျောက်ကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၆၃ | ၇၈၇ | ၇၃၇ | ၅၀ | |
| ၁၁ | ထမ္မနိုင်ကျေးရွာအုပ်စု | ၂၃၅၀ | ၁၆၅၈ | ၆၉၂ | ၇၄၅ | | ၅၃ |
| ၁၂ | မဝန်းကျေးရွာအုပ်စု | ၁၁၅၀ | ၈၂၂ | ၃၂၈ | ၃၂၈ | | |
| ၁၃ | ကျွဲလူးအိုင်ကျေးရွာအုပ်စု | ၇၀၀ | ၅၅၅ | ၁၄၅ | ၁၄၅ | | |
| ၁၄ | ဖရုံချောင်ကျေးရွာအုပ်စု | ၇၀၀ | ၅၄၆ | ၁၅၄ | ၁၅၄ | | |
| ၁၅ | ကန်သုံးကန်ကျေးရွာအုပ်စု | ၆၀၀ | ၄၃၉ | ၁၆၁ | ၁၆၁ | | |
| ၁၆ | ကိုးတောင်ကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၂၉ | ၅၇၁ | ၆၂၁ | | ၅၀ |
| ၁၇ | ရေဖြူတွင်းကျေးရွာအုပ်စု | ၁၃၅၀ | ၉၈၁ | ၃၆၉ | ၃၆၉ | | |
| ၁၈ | ကြာကန်ကျေးရွာအုပ်စု | ၁၂၀၀ | ၈၇၆ | ၃၂၄ | ၃၂၄ | | |
| ၁၉ | မျက်ဆံနီကျေးရွာအုပ်စု | ၉၅၀ | ၆၈၀ | ၂၇၀ | ၂၇၀ | | |
| ၂၀ | ရွာတန်းရှည်ကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၅၆ | ၃၄၄ | ၃၄၄ | | |
| ၂၁ | ညောင်ပင်သာကျေးရွာအုပ်စု | ၂၂၅၀ | ၁၅၃၁ | ၇၁၉ | ၇၁၉ | | |
| ၂၂ | ဘို့ဒင်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၅၁ | ၂၉၉ | ၂၉၉ | | |
| ၂၃ | ပျားမွတ်ကျေးရွာအုပ်စု | ၈၅၀ | ၅၆၃ | ၂၈၇ | ၂၈၇ | | |

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၂၄ | ဝါးဘလောက်သောက် ကျေးရွာအုပ်စု | ၃၆၀၀ | ၂၆၂၄ | ၉၇၆ | ၉၇၇ | | ၁ |
| ၂၅ | ခရိုက်ခနိကျေးရွာအုပ်စု | ၁၂၀၀ | ၈၀၃ | ၃၉၇ | ၃၉၇ | | |
| ၂၆ | ကမာကနီးကျေးရွာအုပ်စု | ၉၅၀ | ၄၇၄ | ၄၇၆ | ၃၇၆ | ၁၀၀ | |
| ၂၇ | ထန်းတပင်ကျေးရွာအုပ်စု | ၁၅၀၀ | ၉၀၉ | ၅၉၁ | ၄၉၁ | ၁၀၀ | |
| ၂၈ | ကျုံဒရယ်ကျေးရွာအုပ်စု | ၁၈၀၀ | ၁၂၂၈ | ၅၇၂ | ၆၇၂ | | ၁၀၀ |
| ၂၉ | သခွတ်ပင်ကျေးရွာအုပ်စု | ၂၉၀၀ | ၂၁၀၈ | ၇၉၂ | ၇၉၂ | | |
| ၃၀ | ကျူတောချောင်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၈၆ | ၂၆၄ | ၂၆၄ | | |
| ၃၁ | ဆားတိုင်မွတ်ကျေးရွာအုပ်စု | ၉၀၀ | ၅၇၄ | ၃၂၆ | ၃၂၆ | | |
| ၃၂ | သရက်တောကျေးရွာအုပ်စု | ၁၀၅၀ | ၈၃၀ | ၂၂၀ | ၂၂၀ | | |
| ၃၃ | သမင်ခြံကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၅၂ | ၂၉၈ | ၂၉၈ | | |
| ၃၄ | တာတိုက်ကျေးရွာအုပ်စု | ၉၀၀ | ၆၃၉ | ၂၆၁ | ၂၆၃ | | ၂ |
| ၃၅ | လက်ခိုက်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၉၁၅ | ၆၃၅ | ၆၃၅ | | |
| ၃၆ | ဇရပ်ကုန်းကျေးရွာအုပ်စု | ၇၅၁ | ၅၈၁ | ၁၇၀ | ၁၇၀ | | |
| ၃၇ | ပိန်းနဲကုန်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၇၆ | ၅၇၄ | ၅၇၄ | | |
| ၃၈ | လာဝတီကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၅၈ | ၅၄၂ | ၄၉၂ | ၅၀ | |
| ၃၉ | ဆပုဂံကျေးရွာအုပ်စု | ၁၉၀၂ | ၁၂၇၂ | ၆၃၀ | ၅၇၈ | ၅၂ | |
| ၄၀ | တောင်ချောင်ကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၈၁ | ၄၁၉ | ၄၁၉ | | |
| ၄၁ | မြောက်ချောင်ကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၉၁ | ၆၅၉ | ၆၅၉ | | |
| ၄၂ | ထန်းပင်ချောင်ကျေးရွာအုပ်စု | ၆၅၀ | ၄၃၄ | ၂၁၆ | ၂၁၆ | | |
| ၄၃ | ငှက်အော်စမ်းကျေးရွာအုပ်စု | ၁၂၀၀ | ၅၄၁ | ၆၅၉ | ၂၁၀ | ၄၄၉ | |
| ၄၄ | တကူပုံကျေးရွာအုပ်စု | ၁၅၀၀ | ၁၁၇၈ | ၃၂၂ | ၃၂၂ | | |
| ၄၅ | နတ်ရေတွင်းကျေးရွာအုပ်စု | ၁၄၀၀ | ၈၇၈ | ၅၂၂ | ၅၂၂ | | |
| ၄၆ | ရှာဘွားကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၀၇ | ၉၉၃ | ၉၉၈ | | ၅ |
| ၄၇ | ကညင်ငူကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၅၁ | ၃၄၉ | ၂၉၉ | ၅၀ | |
| ၄၈ | တလုတ်ထော်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၅၁ | ၆၄၉ | ၆၄၉ | | |
| ၄၉ | ခလောင်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၂၂ | ၅၇၈ | ၅၇၈ | | |
| ၅၀ | ရေကျော်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၀၂၆ | ၇၂၄ | ၇၇၄ | | ၅၀ |
| ၅၁ | ပျဉ်းကတိုးကျေးရွာအုပ်စု | ၁၃၀၀ | ၉၅၈ | ၃၄၂ | ၃၄၂ | | |
| ၅၂ | ညောင်ကုန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၉၅ | ၄၀၅ | ၃၅၉ | ၄၆ | |
| ၅၃ | မဆယ်ဆိပ်ကျေးရွာအုပ်စု | ၄၅၀၀ | ၃၄၅၄ | ၁၀၄၆ | ၉၉၆ | ၅၀ | |
| ၅၄ | ဝါးသိခ်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၅၇၉ | ၅၂၁ | ၅၂၁ | | |
| ၅၅ | မှော်တောကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၈၂ | ၅၆၈ | ၆၀၇ | | ၃၉ |
| ၅၆ | ပုပ္ပါးကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၅၆ | ၄၄၄ | ၃၉၄ | ၅၀ | |
| ၅၇ | ကျိုက်ထော်(မြောက်) ကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၉၇ | ၁၀၅၃ | ၁၂၀၃ | | ၁၅၀ |
| ၅၈ | ကျိုက်ထော်(တောင်) ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၅၉ | ၅၄၁ | ၅၄၂ | | ၁ |
| ၅၉ | အောက်ကျောင်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၁၃ | ၇၃၇ | ၆၈၇ | ၅၀ | |
| ၆၀ | သမဲ့ကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၂ | ၃၃၈ | ၂၈၈ | ၅၀ | |
| ၆၁ | ကျုံလတာကျေးရွာအုပ်စု | ၈၅၀ | ၅၈၅ | ၂၆၅ | ၂၆၃ | ၂ | |
| ၆၂ | စမ်းကောက်ကျေးရွာအုပ်စု | ၁၄၀၀ | ၉၃၀ | ၄၇၀ | ၄၇၀ | | |
| | မဲရုံ+ရပ်ကျေး စုစုပေါင်း | ၁၀၈၀၇၅ | ၇၇၇၂၂ | ၃၀၃၅၃ | ၂၉၁၃၃ | ၁၇၆၉ | ၅၄၉ |
| | မြို့နယ်ကြိုတင်ဆန္ဒမဲ | ၈၂၅ | ၅၄၆ | ၂၇၉ | ၃၂၆ | | ၄၇ |
| | မြို့နယ်လက်ကျန် | ၅၉၂၂ | | ၅၉၂၂ | ၅၈၀၀ | ၁၂၂ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |

**ဒလမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၄၇ ခု၊ မဲရုံပေါင်း ၁၈၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၆၀၉၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၅၂၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၄၅၆၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၀၃၅၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၆၄၅၀ | ၉၀၇၁၅ | ၄၅၇၃၅ | ၄၁၅၂၀ | ၄၄၅၂ | ၂၃၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၉၉ | ၈၁၁ | ၈၈ | ၈၈ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၇၄၄ | | ၈၇၄၄ | ၈၇၄၄ | | |
| | စုစုပေါင်း | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |


စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ

၁၆။ ဒလမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ ခုရှိ မဲရုံ ၁၈၂ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၄၅၂ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပေးထားခြင်းထက် ၂၃၇ ပိုမိုနေကြောင်း တွေ့ရှိရပါသည်။ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သမတကမ်းခြေရပ်ကွက် | ၆ | ၃၉၅၀ | ၂၇၃၂ | ၁၂၁၈ | ၁၂၁၇ | ၁ | |
| ၂ | အုံ့ကြီးအရှေ့ရပ်ကွက် | ၆ | ၄၇၀၀ | ၃၁၆၉ | ၁၅၃၁ | ၁၃၈၁ | ၁၅၀ | |
| ၃ | ဖနံပါတ်ရပ်ကွက် | ၂ | ၂၂၀၀ | ၁၅၉၈ | ၆၀၂ | ၃၅၂ | ၂၅၀ | |
| ၄ | ၁၁/၁၄ ရပ်ကွက် | ၆ | ၅၀၀၀ | ၃၂၃၆ | ၁၇၆၄ | ၁၇၆၆ | | ၂ |
| ၅ | ညောင်ကုန်းရပ်ကွက် | ၆ | ၄၅၀၀ | ၃၁၄၅ | ၁၃၅၅ | ၁၃၀၅ | ၅၀ | |
| ၆ | မြို့မ(၁)ရပ်ကွက် | ၂ | ၉၅၀ | ၇၄၇ | ၂၀၃ | ၂၀၂ | ၁ | |
| ၇ | မြို့မ(၂)ရပ်ကွက် | ၂ | ၁၄၅၀ | ၉၅၉ | ၄၉၁ | ၃၉၁ | ၁၀၀ | |
| ၈ | မြို့မ(၃)ရပ်ကွက် | ၁ | ၅၀၀ | ၃၄၄ | ၁၅၆ | ၁၅၆ | | |
| ၉ | မြို့မ(၄)ရပ်ကွက် | ၅ | ၃၈၀၀ | ၂၅၉၃ | ၁၂၀၇ | ၁၂၁၇ | | ၁၀ |
| ၁၀ | အောင်မင်္ဂလာရပ်ကွက် | ၄ | ၂၃၀၀ | ၁၇၁၄ | ၅၈၆ | ၅၇၅ | ၁၁ | |
| ၁၁ | ဗိုလ်ရန်ပြေရပ်ကွက် | ၄ | ၃၁၀၀ | ၂၀၉၄ | ၁၀၀၆ | ၁၀၀၇ | | ၁ |
| ၁၂ | အုံ့ကြီးအနောက်ရပ်ကွက် | ၆ | ၄၄၅၀ | ၃၀၁၆ | ၁၄၃၄ | ၁၃၈၅ | ၄၉ | |
| ၁၃ | ကမာကသွယ်ရပ်ကွက် | ၅ | ၃၃၅၀ | ၂၃၁၉ | ၁၀၃၁ | ၁၀၃၁ | | |
| ၁၄ | စက်မြေရပ်ကွက် | ၄ | ၂၉၀၀ | ၁၇၈၈ | ၁၁၁၂ | ၉၆၂ | ၁၅၀ | |
| ၁၅ | ကမာကဆစ်ရပ်ကွက် | ၁၀ | ၉၅၀၀ | ၅၅၀၅ | ၃၉၉၅ | ၃၉၄၄ | ၅၁ | |
| ၁၆ | မှော်စက်ရပ်ကွက် | ၆ | ၅၄၀၀ | ၂၈၂၃ | ၂၅၇၇ | ၁၉၂၇ | ၆၅၀ | |
| ၁၇ | ဝန်ထမ်းအိမ်ရာရပ်ကွက် | ၄ | ၂၉၅၀ | ၁၄၁၅ | ၁၅၃၅ | ၁၁၃၆ | ၃၉၉ | |
| ၁၈ | ဗညားဒလရပ်ကွက် | ၄ | ၂၉၀၀ | ၁၉၀၀ | ၁၀၀၀ | ၁၀၅၀ | | ၅၀ |
| ၁၉ | ရာဇသင်္ကြံန်ရပ်ကွက် | ၇ | ၅၅၅၀ | ၃၀၇၇ | ၂၄၇၃ | ၂၄၂၃ | ၅၀ | |
| ၂၀ | ဆာပါချောင်ရပ်ကွက် | ၄ | ၃၁၀၀ | ၂၂၆၈ | ၈၃၂ | ၈၃၁ | ၁ | |
| ၂၁ | ကျန်စစ်သားရပ်ကွက် | ၁၃ | ၁၁၃၅၀ | ၇၃၇၁ | ၃၉၇၉ | ၃၇၈၉ | ၁၉၀ | |
| ၂၂ | တပင်ရွှေထီးရပ်ကွက် | ၉ | ၅၃၅၀ | ၃၅၇၀ | ၁၇၈၀ | ၁၆၈၂ | ၉၈ | |
| ၂၃ | ဘုရင့်နောင်ရပ်ကွက် | ၄ | ၂၈၀၀ | ၁၄၉၀ | ၁၃၁၀ | ၉၁၀ | ၄၀၀ | |
| ၂၄ | တာကြီးရပ်ကွက် | ၄ | ၃၁၀၀ | ၂၂၂၆ | ၈၇၄ | ၇၇၄ | ၁၀၀ | |
| ၂၅ | သပြေကုန်းကျေးရွာအုပ်စု | ၃ | ၄၄၀၀ | ၂၂၅၅ | ၂၁၄၅ | ၉၉၅ | ၁၁၅၀ | |
| ၂၆ | ညောင်ငုတ္တိုကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၇၈ | ၂၂၂ | ၂၂၂ | | |
| ၂၇ | ရဲချောင်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၀၃၈ | ၂၆၂ | ၂၆၂ | | |
| ၂၈ | ရဲချောင်းဝကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၆၉ | ၈၁ | ၈၁ | | |
| ၂၉ | ထူးကြီးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၆၈၈ | ၄၁၂ | ၄၂၄ | | ၁၂ |
| ၃၀ | ထော်အောက်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၁၀ | ၃၉၀ | ၃၉၂ | | ၂ |
| ၃၁ | ပျော်ဘွယ်ကြီးကျေးရွာအုပ်စု | ၆ | ၄၄၀၀ | ၃၄၇၂ | ၉၂၈ | ၉၂၇ | ၁ | |
| ၃၂ | ရွှေလှေချောင်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၃၁ | ၃၁၉ | ၃၆၉ | | ၅၀ |
| ၃၃ | သမ္မာန်ချောင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၆၀၅ | ၃၄၅ | ၃၄၅ | | |
| ၃၄ | သရောတန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၉၇ | ၃၀၃ | ၃၁၃ | | ၁၀ |
| ၃၅ | ရခိုင်ချောင်(တ) ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၀ | ၃၄၀ | ၂၉၀ | ၅၀ | |
| ၃၆ | ရခိုင်ချောင်(မ) ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၀၇ | ၄၄၃ | ၄၉၃ | | ၅၀ |
| ၃၇ | တုံးတင်ဂံ(တ) ကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၈၉၁ | ၅၀၉ | ၄၅၉ | ၅၀ | |
| ၃၈ | တုံးတင်ဂံ(မ)ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၅၄ | ၁၄၆ | ၁၄၆ | | |
| ၃၉ | ညောင်ချောင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၇၃ | ၂၂၇ | ၁၇၇ | ၅၀ | |
| ၄၀ | ခနုတ်စံပြကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၃၄ | ၃၆၆ | ၄၁၆ | | ၅၀ |
| ၄၁ | ဘိုးဖြူချောင်းကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၀၀ | ၃၀၀ | ၃၀၀ | | |
| ၄၂ | ညောင်ပင်ကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၇၇၀ | ၂၈၀ | ၂၃၀ | ၅၀ | |
| ၄၃ | ကွဲလူးအိုင်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၇၆ | ၄၇၄ | ၃၇၆ | ၉၈ | |
| ၄၄ | ခနောင်ရှမ်းစုကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၈၄ | ၁၆၆ | ၁၆၆ | | |
| ၄၅ | ခနောင်ရွာမကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၆၆ | ၈၈၄ | ၆၈၄ | ၂၀၀ | |
| ၄၆ | ခနောင်အထက် ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၇၀ | ၁၈၀ | ၈၀ | ၁၀၀ | |
| ၄၇ | တံတားချောင်းကျေးရွာအုပ်စု | ၅ | ၅၄၅၀ | ၃၄၈၈ | ၁၉၆၂ | ၁၉၆၀ | ၂ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၁၈၂ | ၁၃၆၄၅၀ | ၉၀၇၁၅ | ၄၅၇၃၅ | ၄၁၅၂၀ | ၄၄၅၂ | ၂၃၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၉၉ | ၈၁၁ | ၈၈ | ၈၈ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၈၇၄၄ | | ၈၇၄၄ | ၈၇၄၄ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ် ၂၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အစားသန်သော ဖိုးပု အကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးပုပါဝင်သော အလကားဘီလူး" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံအကြောင်းကို ကလေးတို့ ဗဟုသုတရစေရန် တင်ဆက်ထားသည့် "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ" သုတဆောင်းပါး၊ မိုဘိုင်းဖုန်းကို အလွန်အကျွံ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးများ အကြောင်းကို တင်ဆက်ထားသည့် "ရွှေသွေးတို့ မိုဘိုင်းဖုန်း သုံးစွဲမှုအန္တရာယ်" သုတဆောင်းပါး၊ သူငယ်ချင်းအပေါ် အလိုက်သိတတ်သော ရန်ပိုင်စိုး အကြောင်းကို တင်ဆက်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ အကြောက်တရားမထားသင့်သော အရာများအပေါ်တွင် ကြောက်စိတ်မွေးမြူ မထားသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ကြောက်စရာအကောင်းဆုံး ရန်သူ" ဝတ္ထုကကဏ္ဍ၊ မိမိနှင့် မလိုက်ဖက်သော အပေါင်းအသင်းကို ပေါင်းသင်းဆက်ဆံမိရာမှ ဒုက္ခရောက်ရပုံ အကြောင်းကို တင်ဆက်ထားသည့် "အိုးနှစ်လုံး" ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊




ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# အန္တရာယ်ကို သိမြင် ဆင်ခြင်နိုင်ကြစေ

ဦးဘိုးစ (လယ်ဝေး)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၅-၃-၂၀၂၁ ရက်နေ့မှာ "နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်" ဆိုပြီး အသိပေးထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ တကယ်တော့ သူတို့ဘာသာ သူတို့ ကိုယ့်သဘောနဲ့ကိုယ် တရားမဝင်ဖွဲ့စည်းဆောင်ရွက်နေတဲ့ "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)" ဆိုတာ ဥပဒေနဲ့ ညီညွတ်ခြင်းမရှိသည်သာမက ကြီးလေးတဲ့ ရာဇဝတ်မှုကို ကျူးလွန်ရာရောက်နေပါတယ်။ ဒါကြောင့် အဲဒီတရားမဝင်ကော်မတီနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုကြဖို့နဲ့ ပါဝင်ဆောင်ရွက်ပါက ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူတွေသိရှိသတိထားမိအောင် အသိပေးထုတ်ပြန်တာ ဖြစ်ပါတယ်။ အကယ်၍ CRPH က အမည်စာရင်းထည့် တာဝန်ပေးအပ်မှုတွေကို မိမိကလက်မခံဘဲ ပါဝင်ပတ်သက်လုပ်ဆောင်လိုခြင်း မရှိသူတွေအနေနဲ့ သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်အကြောင်းကြားထားနိုင်ကြောင်းနဲ့ ထိုကဲ့သို့အကြောင်းကြားလာသူတွေကို မိသားစုနဲ့အတူ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေး လိုအပ်တာတွေကို ကူညီဆောင်ရွက်စေမည် ဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ထားပါတယ်။

အဲဒီလို သတိပေးထုတ်ပြန်ခဲ့ပေမယ့် CRPH က လိုက်နာခြင်းမရှိဘဲ ခေတ္တဒုတိယသမ္မတ ခန့်အပ်ခြင်း၊ အစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကုလသမဂ္ဂဆိုင်ရာ အထူးသံတမန်ဆိုပြီး ခန့်အပ်ခြင်း စတဲ့ တရားဥပဒေနဲ့မညီ ဖောက်ဖျက်မှုတွေကို ပိုမိုလုပ်ဆောင်လာတာ တွေ့ရပါတယ်။ တကယ်တော့ ဒါဟာ စင်ပြိုင်အစိုးရဖွဲ့ပြီး နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ကျူးလွန်နေတာပါ။ နိုင်ငံပျက်စီးရာ ပျက်စီးကြောင်း ဆူပူအကြမ်းဖက်မှုတွေလုပ်ဖို့ မီးလောင်ရာလေပင့် သွေးထိုးလှုံ့ဆော်မှုတွေပဲ ဖြစ်ပါတယ်။ အပြစ်မဲ့ပြည်သူတွေကို အမြင်မှား၊ အတွေးမှားနဲ့ ဆင်းရဲဒုက္ခ မရောက်ရောက်အောင် တွန်းပို့နေတာပဲ ဖြစ်ပါတယ်။ မဟုတ်မမှန်၊ မလုပ်သင့် မလုပ်ထိုက်တဲ့ ကြေညာချက်အမျိုးမျိုးနဲ့ နိုင်ငံနဲ့ ပြည်သူလူထုကို ဒုက္ခရောက်အောင် ဥပဒေမဲ့ လုပ်နေကြပါတယ်။ အပြစ်မဲ့ပြည်သူတွေကို လမ်းပေါ် ဆွဲတင်ပြီး လုံခြုံရေးဆောင်ရွက်သူတွေနဲ့ ထိပ်တိုက်တွေ့ ဒုက္ခရောက်အောင် လုပ်နေပါတယ်။ နိုင်ငံအတွက်လည်း အန္တရာယ်ကြီးလွန်းလှပါတယ်။

ခုတော့ နိုင်ငံတော်အစိုးရက CRPH ရဲ့ ထိပ်ပိုင်းတချို့ကို အမှုဖွင့်အရေးယူဖို့ လုပ်နေရပါပြီ။ ဒါပေမယ့် လူတွေကတော့ တိမ်းရှောင်ထွက်ပြေးနေဆဲမို့ ဖမ်းမိခြင်းမရှိလောက်သေးဘူးလို့ ထင်ပါတယ်။ ပြဿနာက အဲဒါပါပဲ။ လူကိုဖမ်းဆီးထိန်းသိမ်းနိုင်ခြင်း မရှိသေးသမျှ နောက်ကွယ်ကနေ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေ လက်ရှိအစိုးရရော ပြည်သူလူထုကိုပါ ဒုက္ခဆက်ပေးနေဦးမှာပါ။

**ဒီနေ့ ငြိမ်းချမ်းစွာလို့ ခေါင်းစဉ်တပ်ပြီး ဆူပူအကြမ်းဖက်ကာ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်နေကြတဲ့ ကျောင်းသားလူငယ်အချို့အပါအဝင် ပြည်သူအချို့အနေနဲ့လည်း အများအမှန်၊ အကြောင်းအကျိုး ခွဲခြားသိမြင်ကြဖို့ လိုနေပြီလို့ အသိပေးအကြံပြုချင်ပါတယ်။ အဖြစ်မှန်ကို သိရှိပြီးမှ ဆင်ခြင်သုံးသပ်လို့ရတဲ့ စိတ်ခံစားမှုနဲ့ လုပ်တာမျိုး ဖြစ်သင့်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ယုံကြည်စိတ်ချရတဲ့ ခေါင်းဆောင်မှုမဟုတ်သူတွေရဲ့ လုပ်ကြံဖန်တီး ဇာတ်နာအောင်ခင်းပေးနေတဲ့ လမ်းပေါ်မှာ မဆင်ခြင်မစဉ်းစားဘဲ မျက်စိပိတ် နားပိတ်ပြီး ဆက်လျှောက်နေကြမယ် ဆိုရင်တော့ . . .**

ဒီနေ့ငြိမ်းချမ်းစွာလို့ ခေါင်းစဉ်တပ်ပြီး ဆူပူအကြမ်းဖက်ကာ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်နေကြတဲ့ ကျောင်းသားလူငယ်အချို့ အပါအဝင် ပြည်သူအချို့အနေနဲ့လည်း အများအမှန်၊ အကြောင်းအကျိုး ခွဲခြားသိမြင်ကြဖို့ လိုနေပြီလို့ အသိပေးအကြံပြုချင်ပါတယ်။ အဖြစ်မှန်ကို သိရှိပြီးမှ ဆင်ခြင်သုံးသပ်လို့ရတဲ့ စိတ်ခံစားမှုနဲ့ လုပ်တာမျိုး ဖြစ်သင့်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ယုံကြည်စိတ်ချရတဲ့ ခေါင်းဆောင်မှုမဟုတ်သူတွေရဲ့ လုပ်ကြံဖန်တီး ဇာတ်နာအောင် ခင်းပေးနေတဲ့ လမ်းပေါ်မှာ မဆင်ခြင်မစဉ်းစားဘဲ မျက်စိပိတ် နားပိတ်ပြီး ဆက်လျှောက်နေကြမယ်ဆိုရင်တော့ ဒုက္ခရောက်ကြပါလိမ့်မယ်။ ပထမဆုံး ထိခိုက်နစ်နာမှာက မိမိတို့ကိုယ်တိုင်ပါပဲ။ နောက်ဆက်တွဲကတော့ နိုင်ငံတော်အကျိုး ပျက်စီးဆုတ်ယုတ်စေမှာပါပဲ။ ဘယ်လိုပဲတွက်တွက် ရလဒ်မကောင်းနိုင်ပါဘူး။ ကောင်းကျိုးတစ်ခုမျှ မရှိပါဘူး။ ဆိုးကျိုးတွေပဲ ရကြမှာပါ။

ဒါကြောင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှု ကျူးလွန်နေတဲ့ CRPH ဆိုတဲ့ တရားမဝင်အဖွဲ့အစည်းကို ရပ်တန့်ပျောက်ကွယ်သွားအောင် ကျူးပင်ခုတ် ကျူငုတ်မကျန် ရှင်းပစ်ဖို့ တာဝန်ရှိသူတွေကို တိုက်တွန်းမေတ္တာရပ်ခံအပ်ပါတယ်။ အလားတူ ပြည်သူတွေအနေနဲ့လည်း ဒီကောလာဟလနဲ့ ဖြားယောင်းသွေးဆောင်မှုတွေကို မှိုင်းမိယုံကြည်နေခြင်းမျိုးမဖြစ်စေဖို့နဲ့ မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ပြီး နိုင်ငံတော်နဲ့ပြည်သူ ကောင်းရာကောင်းကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေကို ထိရောက်စွာအသုံးချရေး သုတေသနပြုမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် တောင်သူများ အကျိုးရှိစေမည့် ရေအသုံးချရေးဆိုင်ရာ သုတေသနလုပ်ငန်းများဖော်ဆောင်နိုင်ရန်နှင့် ရရှိလာသော သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဝေပေးနိုင်ရန် ရည်မှန်းချက်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးရေကို အကျိုးရှိစွာ ချွေတာသုံးစွဲရေး နည်းပညာများ ဖွံ့ဖြိုးလာစေရန်၊ သီးနှံနှင့် ရေဆက်စပ်မှုကို လေ့လာရန်၊ သင့်လျော်ကောင်းမွန်သော မိုးရေထိန်းသိမ်းသိုလှောင်သည့် နည်းစနစ်များ ဖွံ့ဖြိုးလာစေရန်၊ မျိုးမွေးမြူသူများအတွက် ရေငတ်ဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ရှာဖွေဖော်ထုတ်ရန်၊ စပါးစိုက်ပျိုးထုတ်လုပ်ရာ၌ လမိုင်းထားရှိမှု နည်းပညာသုတေသနနှင့် စိုက်ပျိုးမှုပြန့်ပွားလာစေရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးကဏ္ဍတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် နည်းစနစ်ဆောင်ရွက်ရန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များကို တိုင်းတာစစ်ဆေးရန်၊ စိုက်ပျိုးရေ၊ သီးနှံမျိုးစေ့နှင့် မြေသြဇာအရည်အသွေး ဓာတ်ခွဲစမ်းသပ်ရန်နှင့် မြေဆီဓာတ်ခွဲသေတ္တာများ ထုတ်လုပ်ဖြန့်ဖြူးရန်စသည့် အဓိကလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ - ၂၀၂၁ ခုနှစ် မိုးနှောင်းရာသီနှင့် မိုးကြိုရာသီ သုတေသနလုပ်ငန်းများအဖြစ် စပါးအပြီးတွင် ပြောင်းသီးနှံ အဓိကစိုက်ပျိုးကြသည့် တောင်သူများအတွက် ဦးတည်ကာ စပါးအပြီးတွင် မြေတွင်းရေအကျန်ဖြင့် ပြောင်းသီးနှံစိုက်ပျိုးခြင်းနှင့် ဖြည့်စွက်ရေပေးသွင်း၍ စိုက်ပျိုးခြင်းကို လေ့လာခြင်း သုတေသနကိုလည်းကောင်း၊ တောင်သူအများစု အသုံးပြုသော ပုလဲမြေသြဇာ၊ အခြားပစ္စည်းများဖြင့် ကာဗာပြုလုပ်ထားသော နိုက်ထရိုဂျင်မြေသြဇာများနှင့် ယူရီးယား အလုံးကြီးမြေသြဇာများ၏ ပြောင်းသီးနှံတွင် အကျိုးထိရောက်မှုကို စမ်းသပ်ခြင်း သုတေသနကိုလည်းကောင်း၊ စပါးသီးနှံကို မိခင်ပင်စိုက်ပျိုးပြီး သားဆက် ၅-၇ ဆက်အထိ လမိုင်းထား ဆောင်ရွက်သည့် သားတက်ဆင့်ပွားနည်းပညာကို မိခင်ပင်ကို ရိတ်သိမ်းခြွေလှေ့စက် အသုံးပြု၍ စပါး ဒုတိယသားဆက် (လမိုင်းအပင်) အောင်မြင်မှု ရှိ၊ မရှိ စမ်းသပ်ခြင်း သုတေသနကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနဆောင်ရွက်ထားရှိမှု အခြေအနေများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုခဲ့ရာ သုတေသနတာဝန်ခံများအား သုတေသနလုပ်ငန်းများကို သိပ္ပံနည်းကျဆောင်ရွက်ရန်၊ စမ်းသပ်မှုများအား မျက်ခြည်မပြတ် လေ့လာသုတေသနပြုရန်နှင့် သုတေသနဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်၊ သုတေသနရလဒ်များသည် တောင်သူအတွက်ဖြစ်၍ အမြဲမပြတ် ကြိုးစားဆောင်ရွက်ကြရန်၊ တောင်သူများ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများကို လေ့လာ၍ သုတေသနပြုလုပ်ကြရန်နှင့် နိုင်ငံတော်မှ အားထားရသည့် သုတေသနပညာရှင်များ ဖြစ်လာစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ် သွားကြရေးကိုလည်း အားပေးတိုက်တွန်းပြောကြားခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ(စိုက်ပျိုးရေး)**



## ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၂ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၂ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# မှော်ဘီမြို့နယ်အနီး ရန်ကုန်-ပြည် ရထားလမ်းပိုင်းနှင့် သဃ်န်းကျွန်းမြို့နယ်အနီး ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းတို့၌ မသမာသူ အကြမ်းဖက်သမားများက သံလမ်းများ ဖြုတ်ထားမှုဖြစ်ပွား

**နေပြည်တော် မတ် ၁၉**

မှော်ဘီမြို့နယ်အနီး ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှင့် သဃ်န်းကျွန်းမြို့နယ်အနီး ရန်ကုန်- မန္တလေးရထားလမ်းပိုင်းတို့၌ မသမာသူ အကြမ်းဖက်သမားများက သံလမ်းများ ဖြုတ်ထားမှု ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများက အချိန်မီပြုပြင်ခဲ့ကြောင်း သိရသည်။

မှော်ဘီမြို့နယ်အတွင်း ရန်ကုန်-ပြည်ရထားလမ်းပိုင်း လှော်ကားဘူတာနှင့် မှော်ဘီဘူတာကြား မိုင်တိုင် ၁၈/၁၄-၁၅ အတွင်းရှိ ၃၉ ပေအရှည် သံလမ်းတစ်ချောင်းကို မတ် ၁၄ ရက်က မသမာသူများကဖြုတ်၍ ဖယ်ရှားထားကြောင်း သိရှိရသဖြင့် အငယ်တန်းအင်ဂျင်နီယာ(၃) သံလမ်းနှင့် ဝန်ထမ်းအင်အား ခြောက်ဦးတို့ဖြင့် သွားရောက်ပြုပြင်ခဲ့ရာ နံနက် ၁၀ နာရီတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း။

ထို့နည်းတူ သဃ်န်းကျွန်းမြို့နယ်အတွင်း ရန်ကုန်- မန္တလေး ရထားလမ်းပိုင်းရှိ ရထားသံလမ်းကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် မသမာသူ အကြမ်းဖက်သမားများက ဖြုတ်ယူမှုဖြစ်ပွားခဲ့ကြောင်း။

အဆိုပါဖြစ်စဉ်တွင် မတ် ၁၇ ရက် နံနက်ပိုင်းက Honda Fit အနက်ရောင် ယာဉ်အမှတ် YGN 2F-3959 ဖြင့် သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက်ဘက်မှ စီးနင်းလာသော မသမာသူလူ ငါးဦးနှင့် (ခ)ရပ်ကွက် ဇဝနဘက်ခြမ်းမှ ခြေကျင်လျှောက်လာသော မသမာသူလူ ငါးဦး စုစုပေါင်း ၁၀ ဦးတို့သည် သဃ်န်းကျွန်းမြို့နယ် အဝေရာလမ်း ရထားလမ်းဆုံ Level Crossing အနီးတွင်တွေ့ဆုံပြီး အဆိုပါနေရာအနီးရှိ ရန်ကုန်-မန္တလေး ရထားသံလမ်းကို ဖြုတ်သွားခဲ့ကြောင်း။

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ မွန်းလွဲ ၃ နာရီတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ရထားရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးရထားလမ်း နှင်းဆီကုန်း- သဃ်န်းကျွန်းဘူတာကြား မိုင်တိုင်အမှတ်(၄/၂၀)နေရာတွင် အဆန်ရထားလမ်း ၃၉ ပေအရှည် ရထားသံလမ်းတစ်ဆက်ဖြုတ်ထားခြင်း၊ အစုန်ရထားလမ်း ၃၉ ပေအရှည် ရထားသံလမ်းတစ်ဆက် ကွန်ကရစ်ဇလီဖားတုံးမှ သံလမ်းထိန်းကလစ်ဖြုတ်ထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရကြောင်း။

ဖော်ပြပါ ရထားလမ်းပျက်စီးမှုများကို သဃ်န်းကျွန်းမြို့နယ် မိုင်တိုင်အမှတ် (၄/၃-၄)တွင် မြန်မာ့မီးရထားမှ တိုင်းတာဝန်ခံဦးစီး၍ အငယ်တန်းအင်ဂျင်နီယာ (၁)နှင့် သံလမ်းပြုပြင်ရေးလုပ်သား ၁၅



ဦးတို့က ပြုပြင်ဆောင်ရွက်ခဲ့ရာ မတ် ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြုပြင်ပြီးစီးခဲ့ကြောင်း၊ ရထားလမ်း၊ သံလမ်းပျက်စီးမှုနှင့် ပတ်သက်၍ မတ် ၁၇ ရက်တွင် သဃ်န်းကျွန်းရဲစခန်း၌ (ပ) (၁/၂၀၂၂) ရထားပို့ဆောင်ရေးဥပဒေပုဒ်မ (၈၄) ဖြင့် အမှုဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တာချီလိတ်မြို့နယ်၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုမည့် လက်နက်ကိရိယာများကို လက်ဝယ်ထားရှိသူများ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ယနေ့ မွန်းတည့် ၁၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုံးထွန်ရပ်ကွက် ကျောက်တောင်ဝမ်မိုင်ရွာနေ အောင်နိုင်ဦး (ခ) အောင်နိုင် (၂၄)နှစ် (ဘ) ဦးဘစိန်၏ နေအိမ်တွင် ဆူပူအကြမ်းဖက်မှုများ၌ အသုံးပြုမည့် လက်နက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ပြုလုပ်ထားရှိကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ရှာဖွေရာတွင် နေအိမ်အတွင်း အောင်နိုင်ဦး (ခ)အောင်နိုင်၊ သီဟဖြိုး၊ စိုင်းထွန်းအောင်၊ ပိန်သေး (ခ)ဇာနည်ကိုကို၊ ငြိမ်းချမ်းနှင့် စိုင်းမဟာကျော်စွာ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဒေသန္တရလက်ပစ်ဗုံး ၅၃ လုံး၊ ဒိုင်းကြီး ၁၄ ခု၊ ဒိုင်းသေး ၁၂ ခု၊ ဟဲလ်မက် ၁၃ လုံး၊ သံချွန် ၁၀ ချောင်း၊ ဓားရှည် တစ်ချောင်း၊ ဓားမြှောင် နှစ်ချောင်း၊ ဓာတ်ငွေ့ကာ မျက်နှာဖုံး အခု၂၀၊ ရိုးရိုးမျက်နှာဖုံး ၄၆ ခု၊ ကျဉ်စက် သုံးခု၊ လေးခွ သုံးလက်၊ ရောင်ပြန်အကျႌ ၁၁ ထည်၊ ကားဘီးပေါက်စေရန် အတွက် ပြုလုပ်ထားသော သံချွန်တပ်ဖော့ပြား ၁၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြလူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိ၍ ဆူပူအကြမ်းဖက်သူ အမျိုးသား တစ်ဦး သေဆုံး

**နေပြည်တော် မတ် ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြလူစုလူဝေးကို ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိ၍ ဆူပူအကြမ်းဖက်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကယားပြည်နယ် လွိုင်ကော်မြို့ ထေးတမရပ်ကွက် ညဈေးအနီးလမ်းမပေါ်တွင် လူစုလူဝေးအင်အား ၅၀ ခန့်သည် ဆူပူဆန္ဒပြနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် ခြောက်လှန့်ပစ်ခတ်ထိန်းသိမ်းခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ၎င်းတို့ပြုလုပ်ထားရှိသည့် အတားအဆီးများကို ဖယ်ရှားရှင်းလင်းခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီးတွင် ဆူပူဆန္ဒပြသူလူစုလူဝေးအင်အား ၇၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အထက်ဖော်ပြပါ နေရာတစ်ဝိုက်တွင်ရှိသော အတားအဆီးများကို ဆက်လက်ဖယ်ရှားရှင်းလင်းနေစဉ် မီးရထားသံလမ်းအနီး၌ လူစုကွဲသွားခဲ့သည့် ဆန္ဒပြသူ အင်အား ၁၃၀ ခန့် ထပ်မံစုစည်းရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုတ်၊ ခဲ၊ လေးခွများ၊ လက်လုပ်မျက်ရည်ယိုဗုံးများဖြင့် အဆက်မပြတ်ပစ်ခတ်လာသဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ယင်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်ဆန္ဒပြသူ အမျိုးသား တစ်ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကာ မွန်းလွဲပိုင်းတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ဆူပူအကြမ်းဖက် ဆန္ဒပြလူစုလူဝေးထံမှ သံဒိုင်းများ၊ ဖိုက်ဘာဒိုင်းများ၊ လေးမြှောင့်သံချွန်များ၊ လက်လုပ်မျက်ရည်ယိုဗုံးများနှင့် ဓာတ်ဆီပုလင်းများစသည့် အကြမ်းဖက်ရာတွင် အသုံးပြုသော ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်အတွင်းရှိ စက်ရုံများမှ ပစ္စည်းလုယူသူနှင့် စက်ရုံကိုမီးရှို့ရန် ဆောင်ရွက်သူများအား ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်မှ လျှပ်စစ်ပစ္စည်းစက်ရုံတစ်ရုံအတွင်းရှိ ပစ္စည်းများ လုယူခဲ့သူများကို မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲပိုင်းတွင် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန် ဗိုလ်တိုက်ချွန်းလမ်း ဟုန်ပေါင်းလျှပ်စစ်ပစ္စည်းစက်ရုံအတွင်းရှိ ပစ္စည်းများကို အတင်းအဓမ္မ လုယူလျက်ရှိကြောင်း သတင်းရရှိသဖြင့် နယ်မြေခံတပ်မှ တပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးခဲ့ရာ စက်ရုံအနီးရှိ ပစ္စည်းများယူနေသည့် ဦးအောင်(ခ)ဆာမိ၊ ဦးအောင်သက်ပိုင်(ခ)ပီချေး၊ ဦးဝင်းကိုကိုတို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်မှုဇုန်အတွင်း လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်လျက်ရှိစဉ် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၂) ဖွားရှင်လမ်းရှိ ဆိုလာမိုဒါ အထည်စက်ရုံအတွင်း၌ စက်ရုံအားမီးရှို့ရန် ဆောင်ရွက်လျက်ရှိသူ ဦးလင်းထက်ပိုင်နှင့် ဦးလှဝင်းတို့ နှစ်ဦးအား ဒီဇယ် နှစ်လီတာခန့်ပါရှိသည့်ပုံးများနှင့်အတူ အချိန်မီ လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်သူအချို့သည် စက်မှုဇုန်များအတွင်းရှိ စက်ရုံများကို မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်လျက်ရှိသည့်အပြင် စက်ရုံများအတွင်းရှိ ပစ္စည်းများကိုလည်း အတင်းအဓမ္မ ယူဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်းနှင့် ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပါဝင်ပတ်သက်သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာရှိ ရွှေပြည်ရဲကင်းစခန်းအား ဆူပူအကြမ်းဖက်သူလူတစ်စုက မီးပုလင်းဖြင့် လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာရှိ ရွှေပြည်ရဲကင်းစခန်းရှေ့သို့ ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ သုံးဦးမှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး အော်ဟစ်ဆဲဆိုခြင်း၊ ရဲကင်းအတွင်းသို့ ဓာတ်ဆီပုလင်းအား မီးရှို့ကာ ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် စခန်းအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

ထိုသို့ ခြောက်လှန့်ပစ်ခတ်ခဲ့မှုကြောင့် ဆူပူအကြမ်းဖက်သူများ ထွက်ပြေးသွားပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာအနီးတစ်ဝိုက်တွင် အရိုးခုနစ်လက်မ၊ အသွား ၂၂ လက်မခန့်ရှိ ဓားတစ်ချောင်း၊ အရိုးခြောက်လက်မ၊ အသွား ၁၄ လက်မခန့်ရှိ ဓားတစ်ချောင်းနှင့် အဝတ်စဖြင့် မီးစာပြုလုပ်ထားသည့် ဓာတ်ဆီပုလင်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ စဉ့်ကူးမြို့နယ် ကျွန်းစည်ကျေးရွာနေ ရဲဝင်းအောင်(ဘ)ဦးမြလေး၊ အကြီးလေး(ဘ)ဦးရွှင်၊ နောက်ပစ်(ဘ) ဦးလှစိန်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာ၌ ရွာသူ ရွာသားများနှင့် လာရောက်ဆူပူအကြမ်းဖက်သူလူတစ်စု ခိုက်ရန်ဖြစ်ပွား

**နေပြည်တော် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာသို့ ဆူပူအကြမ်းဖက်လူတစ်စုက တုတ်၊ ဓားများ ကိုင်ဆောင်ပြီး ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး ကျေးရွာအတွင်း လှည့်လည်အော်ဟစ်ဆဲဆိုရာမှ ရွာသူ ရွာသားများနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တည်ငြိမ်ဦး အသက် ၂၀ နှစ်၊ ကြာအင်းအနောက် ကျေးရွာနေသူ အပါအဝင် အမျိုးသား ကိုးဦးသည် တုတ်၊ ဓားများ ကိုင်ဆောင်၍ ဆိုင်ကယ် ငါးစီးဖြင့် ကြာအင်းအရှေ့ကျေးရွာသို့ ယမန်နေ့ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိလာပြီး ကျေးရွာအတွင်း လှည့်လည်အော်ဟစ်ဆဲဆိုခဲ့ကြောင်း၊ ထိုသို့ အော်ဟစ်ဆဲဆိုသဖြင့် ကျေးရွာမှဦးမင်းအောင်(ဘ)ဦးမြအေးမှ ဆူပူအော်ဟစ်ဆဲဆိုခြင်းမပြုလုပ်ရန် တားမြစ်ခဲ့ရာ ၎င်းအား တည်ငြိမ်ဦးအပါအဝင် အကြမ်းဖက်လူတစ်စုက တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက်၊ ထိုးနှက်ခဲ့သည့်အတွက် ဦးမင်းအောင်တွင် ဓားဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း။

ထိုသို့ ထိုးနှက်ခံရမှုအပေါ် ကျေးရွာသား ၁၅၀ ခန့်က မကျေနပ်သဖြင့် လိုက်လံဖမ်းဆီး ဝိုင်းဝန်းရိုက်နှက်ခုတ်သတ်ခဲ့ရာ တည်ငြိမ်ဦး ပါဝင်သည့် အကြမ်းဖက်လူတစ်စုအဖွဲ့မှ ရှစ်ဦးမှာ နေရာ၌ပင် သေဆုံးသွားခဲ့ပြီး စိုးထိုက်(ဘ) ဦးသိန်းထွန်းမှာ (စိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါသေဆုံးသူ ရှစ်ဦးကို ဖောင်ကြီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းနှင့် ဒဏ်ရာရရှိသူကို လှည်းကူး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မသမာသူလူအချို့အနေဖြင့် နိုင်ငံရေးကို အသုံးချပြီး ရိုးသားအေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူများအား သွေးခွဲရန်တိုက်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် အချင်းချင်းစိတ်ဝမ်းကွဲကာ ဆူပူအကြမ်းဖက်မှုများ၊ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားမှုများမှတစ်ဆင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလာသည်ကို တွေ့ရသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် မသမာသူလူတစ်စု၏ သွေးထိုးလှုံ့ဆော်မှုများအား နားမယောင်မိစေဘဲ သတိပြုမှုနိုင်ကြပါရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ် အနောက်စုရပ်ကွက်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် ဒေသန္တရလက်လုပ်မီးခိုးမိုင်းများ ပြုလုပ်နေသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု အနောက်စုရပ်ကွက်နေ ချောကိုကိုထွန်း အသက်(၂၆) နှစ်၊ မဝင်းဝင်းမော် အသက်(၃၀)နှစ်တို့သည် ၎င်းတို့၏နေအိမ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်အတွက် ဒေသန္တရလက်လုပ်မီးခိုးမိုင်းများ ပြုလုပ်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၅ ရက် ည ၇ နာရီခန့်တွင် သွားရောက် စစ်ဆေးရှာဖွေခြင်းများ ပြုလုပ်ရာ မဝင်းဝင်းမော်နှင့်အတူ ယမ်းစိမ်းတစ်ပိဿာ၊ ရောင်စုံဖယောင်းခဲတံ ၄၈ ချောင်း၊ မီးခိုးမိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် မတ်ခွက်နှစ်ခွက်၊ ခဲပြားစက္ကူတစ်လိတ်၊ ၂ ဒသမ ၅ လက်မခန့်ရှိ ဝါးလုံးထိပ်တွင် သံများ ကန့်လန့်ဖြတ်ရိုက်ထားသည့် သံဆူးတုတ် ၁၂ ချောင်း၊ သံတုတ်သုံးချောင်းနှင့် မီးခိုးမိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ



နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ချောကိုကိုထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ မဝင်းဝင်းမော်နှင့် မီးခိုးမိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လက်ပံတန်းမြို့မရဲစခန်းသို့ အပ်နှံကာ ရာဇသတ်ကြီးပုဒ်မ - ၅၀၅(က) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော ချောကိုကိုထွန်းအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကပူးပေါင်း၍ လိုက်လံရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# CDM ဦးဆောင်လှုပ်ရှားမှု၌ပါဝင်ခဲ့သော ရွှေဝါရောင်သံဃာ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် အားပေးကူညီခဲ့သူ ဦးတင်မိုးတို့ကို ဖမ်းဆီးစစ်ဆေး

**နေပြည်တော် မတ် ၁၉**

၂၀၀၇ ခုနှစ် သံဃာအရေးအခင်းတွင် ပါဝင်လှုပ်ရှားခဲ့မှုဖြင့် အကျဉ်းကျခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာချိန်မှစ၍ ရွှေဝါရောင်သံဃာ့ကွန်ရက်(ရန်ကုန်)တွင် ဦးဆောင်သံဃာတစ်ပါးအဖြစ် ပါဝင်လှုပ်ရှားလျက်ရှိသော ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် အစ္စလာမ်ဘာသာဝင် ဦးတင်မိုးတို့သည် ရွှေဝါရောင်သံဃာ့ကွန်ရက်(မန္တလေး)၊ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦးတို့နှင့် ချိတ်ဆက်ကာ CDM လှုပ်ရှားမှုများတွင် သံဃာတော်များ ပါဝင်လာစေရန် ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ စည်းရုံးလှုံ့ဆော်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် ဦးတင်မိုးတို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်စဉ်ကာလအတွင်း မတ် ၆ ရက်မှစ၍ သံဃာထုဖြင့် ကံဆောင်သပိတ်ဆင်နွှဲရန် မင်းကိုနိုင်နှင့်ဂျင်မီတို့က ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးခင်အောင်ရွှေ (အစ္စလာမ်ဘာသာဝင်)နှင့် ရွှေဝါရောင်သံဃာများဖြစ်ကြသည့် ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်၊ ဦးသြဘာသ(ခ) ဦးဇင်းနဂါး၊ ဦးပဏ္ဍာဝံသ(ခ)ဦးဇင်းပြည်ကျော်တို့အား ချိတ်ဆက်စေကာ ငွေကြေးအထောက်အပံ့ရရှိရေး၊ ရန်ကုန်နှင့်မန္တလေးမှ သံဃာတော်များစုပေါင်းကာ သံဃာတပ်ပေါင်းစုအဖြစ် ကံဆောင်သပိတ်ဆင်နွှဲရေးတို့ကို ညှိနှိုင်းလှုပ်ရှားခဲ့ကြကြောင်း သိရသည်။ သို့ဖြစ်၍ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် အားပေးကူညီသူ ဦးတင်မိုးတို့ကို မတ် ၁၃ ရက်တွင် အိမ်အမှတ်(၆)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ ငြိမ်းချမ်းရေးအိမ်ဆောက်ပစ္စည်းဆိုင် ဖွင့်လှစ်ထားသည့် ဦးတင်မိုး၏နေအိမ်၌ ၎င်းတို့နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားခံနှစ်ဦးဖြစ်သော ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်နှင့် ဦးတင်မိုးတို့ကို စစ်ဆေးမေးမြန်းချက်နှင့် ဝန်ခံထွက်ဆိုချက်များအရ ၎င်းတို့သည် ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၆ ရက်အထိ CDM လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့သည် ရန်ကုန်မြို့ရှိ ဆူးလေဘုရား၊ ငါးထပ်ကြီးဘုရား၊ တရုတ်သံရုံး၊ အမေရိကန်သံရုံး၊ အင်ဒိုနီးရှားသံရုံး၊ ရုရှားသံရုံး၊ ထိုင်းသံရုံး၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် မြေနီကုန်းတံတားအောက်တို့တွင် လှည့်လည်ဆန္ဒပြလှုပ်ရှားခဲ့ကြကြောင်း။


ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်


ဦးတင်မိုး

ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြေနီကုန်းတံတားအောက်၌ ဆန္ဒပြလှုပ်ရှားနေစဉ် ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦးခေါင်းဆောင် ကျော်ကိုကိုနှင့်တွေ့ဆုံခဲ့ပြီး General Strike Committee (GSC) ဖွဲ့စည်းလှုပ်ရှားနိုင်ရေး၊ ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်အား GSC သပိတ်ကော်မတီ၏နာယကအဖြစ် ဆောင်ရွက်ပေးရေး ကျော်ကိုကိုက ကမ်းလှမ်းတောင်းဆိုခဲ့ကြောင်း။

အဆိုပါ General Strike Committee အား ရွှေဝါရောင်သံဃာ့ကွန်ရက်၊ ၈၈ မျိုးဆက်ဘဂ်ါလီလူငယ်ကွန်ရက်၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာမွတ်စလင်အင်အားစုအဖွဲ့တို့အပါအဝင် အဖွဲ့ပေါင်း ၂၃ ဖွဲ့ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းကြောင်းကြေညာချက်ကိုလည်း Online မှတစ်ဆင့် ဖြန့်ဝေခဲ့ကြောင်း။

ထို့နောက် မတ် ၆ ရက်တွင် မင်းကိုနိုင်နှင့် ဂျင်မီတို့က တာဝန်ပေးစေခိုင်းခဲ့သဖြင့် ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ဘဏ္ဍာရေးမှူး ဦးခင်အောင်ရွှေက ဦးစန္ဒာသီရိ(ခ)ဦးဇင်းပုရစ်၊ ဦးသြဘာသ(ခ) ဦးဇင်းနဂါး၊ ဦးပဏ္ဍာဝံသ(ခ)ဦးဇင်းပြည်ကျော်တို့အား ဆက်သွယ်၍ သံဃာများအနေဖြင့် ကံဆောင်သပိတ်ဆင်နွှဲစေလိုသည်ဟု ပြောကြားခဲ့ရာ ကံဆောင်သပိတ်အား လာမည့်တပေါင်းလပြည့်နေ့တွင် စတင်နိုင်ရန်အတွက် ဦးသြဘာသ(ခ)ဦးဇင်းနဂါးသည် မန္တလေးသံဃာများ ပူးပေါင်းပါဝင်ရန် တာဝန်ယူခဲ့ပြီး ဦးစန္ဒာသီရိအနေဖြင့် မဟာဂန္ဓာရုံစာသင်တိုက် (မရမ်းကုန်း)၊ နေနတ်သားစာသင်တိုက်(ကြည့်မြင်တိုင်)၊ အောင်မင်္ဂလာစာသင်တိုက်(အလုံ) စသည့်ကျောင်းတိုက်များမှ သံဃာများ ပူးပေါင်းပါဝင်လာရေး စည်းရုံးရန် တာဝန်ယူခဲ့ကြောင်း၊ ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ဘဏ္ဍာရေးမှူး ဦးခင်အောင်ရွှေက ၎င်း၏ မြန်မာမွတ်စလင်အသိုက်အဝန်း (Myanmar Muslim Community)ရှိ လှူဒါန်းလိုသူများထံမှ ငွေကြေးကောက်ခံ၍ လှူဒါန်းနိုင်ရေး တာဝန်ယူခဲ့ကြောင်း တရားခံ နှစ်ဦး၏ ဝန်ခံပြောဆိုချက်များအရ သိရသည်။

သို့ဖြစ်ပါ၍ အဆိုပါ တရားခံ နှစ်ဦးနှင့် ဆက်စပ်တရားခံများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ကာ ဖမ်းဆီးရမိရေး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးနိုင်ရန်၊ တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်နှင့် လက်ခံသူများကိုလည်း ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နေ ဦးသက်နိုင်ထွေးအား ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများကို CDM တွင်ပါဝင်လာစေရေး ပျဉ်းမနားမြို့နေ ဦးသက်နိုင်ထွေးက သွေးထိုးလှုံ့ဆော်နေကြောင်း သတင်းအရ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၉ ရက် နံနက် ၂ နာရီခွဲခန့်တွင် အမှတ် (၉၃၂)၊ ၁၇ လမ်း၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ ပျဉ်းမနားမြို့ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦးသက်နိုင်ထွေး၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများကို တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေး ရည်ရွယ်၍ ဖွဲ့စည်းထားသော CDM Supporting Team ၏ ဦးဆောင်သူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေ၏ စေခိုင်းမှုကြောင့် ဦးသက်နိုင်ထွေးသည် နိုင်ငံ့ဝန်ထမ်းများ CDM လုပ်ဆောင်မှုများတွင် ပါဝင်လာစေရေး ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးနိုင်ရန်အတွက် ပျဉ်းမနားမြို့နေ ဦးညီညီစံနှင့်ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးသူများထံ ချိတ်ဆက်ကာ ငွေကြေးကောက်ခံမှုများပြုလုပ်ခဲ့ရာ စုစုပေါင်းငွေကျပ် ၄၅ သိန်းခန့် ကောက်ခံရရှိခဲ့ပြီး ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးသက်ထွေးထံသို့ အပ်နှံခဲ့ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ CDM Supporting Team ကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေက ဦးဆောင်၍ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးကျော်ထွေး၊ ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးသက်ထွေး၊ ပျဉ်းမနားမြို့ NLD ပါတီတွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ဦး၊ နေပြည်တော် NLD ပါတီ ခရိုင်လူငယ်တာဝန်ခံ ဦးဖြိုးကျော်ထက်နှင့် ဦးမျိုးကိုဇင်မြင့်တို့ဖြင့် ဖွဲ့စည်းထားကြောင်း။




အထက်ပါ CDM Supporting Team ထံသို့ ဂျပန်နိုင်ငံရောက် မြန်မာများမှ ငွေကျပ်သိန်း ၃၀၀ ခန့်၊ ထိုင်းနိုင်ငံရောက် မြန်မာများမှငွေကျပ်သိန်း ၁၅၀ ခန့် လွှဲပြောင်း ပေးပို့ခဲ့သည်ဟုသိရှိရပြီး ယင်းငွေများကို ဦးမောင်မောင်ဆွေနှင့် ဦးဝင်းနိုင်ဦးတို့က ရန်ကုန်မြို့သို့ သွားရောက်ယူဆောင်ခဲ့ကြောင်း၊ ပြည်တွင်း/ပြည်ပမှ စုစုပေါင်းကောက်ခံရရှိငွေကျပ်သိန်း ၅၀၀ ခန့်ရရှိခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်း ၇၀၆ ဦးအား တစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၂၃ သိန်းခန့်ဖြန့်ဝေပေးခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်စေရေး ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ CDM တွင် ပါဝင်လုပ်ဆောင်လာပြီး နေရပ်ပြန်နိုင်ရန်နှင့် ပုန်းရှောင်နိုင်ရန်အတွက် ပျဉ်းမနားမြို့နေ ဦးဇော်မင်းဦး(ခ) ဗလကြီး၊ ဒေါက်တာဝေယံထွန်း၊ ဦးဝလာနှင့် ဦးစည်သူ(ခ)ဘစည်တို့က ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ CDM ပြုလုပ်သည့်ဝန်ထမ်းများ၏ စာရင်းဇယားများပြုစုရန်နှင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်နိုင်ရန် ဇေယျာသီရိမြို့နယ်နေ ဦးခွန်ဖုန်း၊ ပျဉ်းမနားမြို့နေ ဦးသန်းထွန်းဦးနှင့် ဦးညီထွေးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအား CDM တွင် ပါဝင်လာပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့သူ ဦးသက်နိုင်ထွေးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးမောင်မောင်ဆွေအပါအဝင် အောက်ပါအဖွဲ့ဝင် ၁၄ ဦးမှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း။

(၁) ဦးမောင်မောင်ဆွေ(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၂) ဦးကျော်ထွေး(ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၃) ဦးသက်ထွေး(ဇေယျာသီရိမြို့နယ် NLD ပါတီဥက္ကဋ္ဌ)။
(၄) ဦးဝင်းနိုင်ဦး(ပျဉ်းမနားမြို့ NLD ပါတီတွဲဖက်အတွင်းရေးမှူး)။


ဦးသက်နိုင်ထွေး

(၅) ဦးဖြိုးကျော်ထက်(နေပြည်တော် NLD ပါတီ၊ ခရိုင်လူငယ်တာဝန်ခံ)။
(၆) ဦးမျိုးကိုဇင်မြင့်(နေပြည်တော် NLD ပါတီ ခရိုင်လူငယ်တာဝန်ခံ)။
(၇) ဦးညီညီစံ(ပျဉ်းမနားမြို့)။
(၈) ဇော်မင်းဦး(ခ)ဗလကြီး (ပျဉ်းမနားမြို့)။
(၉) ဒေါက်တာဝေယံထွန်း(ပျဉ်းမနားမြို့)။
(၁၀) ဦးဝလာ(ပျဉ်းမနားမြို့)။
(၁၁) ဦးစည်သူ(ခ)ဘစည် (ပျဉ်းမနားမြို့)။
(၁၂) ဦးခွန်ဖုန်း(ဇေယျာသီရိမြို့နယ်)။
(၁၃) ဦးသန်းထွန်းဦး (ပျဉ်းမနားမြို့)။
(၁၄) ဦးညီထွေး (ပျဉ်းမနားမြို့)။

သို့ဖြစ်ပါ၍ အထက်ပါ ဆက်စပ်တရားခံ ၁၄ ဦးကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ရန်၊ တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စွမ်းရည်မြှင့်မွမ်းမံသင်တန်းတက်ရောက်နေသော ကျောင်းအုပ်ဆရာ ဆရာမများအား တွေ့ဆုံအားပေး



**ဘားအံ မတ် ၁၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အဖွဲ့ဝင်(၅) ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဣန္ဒနီလာဆောင်တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းနှင့် အလယ်တန်း မြို့နယ်အဆင့် စွမ်းရည်မြှင့် မွမ်းမံသင်တန်းသို့ တက်ရောက်လျက်ရှိသော ကျောင်းအုပ် ဆရာ၊ ဆရာမများအား မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။

ယင်းသို့သွားရောက်တွေ့ဆုံရာတွင် ကရင်ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးငွေစိုးနှင့် တာဝန်ရှိသူများက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးစောမြင့်ဦးက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုကြောင်း၊ ဆရာတပည့်သံယောဇဉ်၊ လုပ်ဖော်ကိုင်ဖက် သံယောဇဉ်ဖြင့် CDM တွင်ပါဝင်ခဲ့သည့် ဆရာ၊ ဆရာမများကို ကျောင်းအုပ်ကြီးများက မိမိတို့မိသားစုသဖွယ်စည်းရုံး၍ ၎င်းတို့ကို ကျောင်းပြန်တက်စေလိုကြောင်း၊ မည်သည့်အပြစ်ပေးအရေးယူခြင်းမျှ ပြုလုပ်မည်မဟုတ် ကြောင်း၊ CDM တွင်ပါဝင်ရန် ခြိမ်းခြောက်ပြောဆိုခြင်း၊ အကျပ်ကိုင်ခံရခြင်းများရှိပါကလည်း နှုတ်ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မိမိတို့ထံ တိုင်ကြားနိုင်ကြောင်း၊ အခက်အခဲများရှိပါက ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ တိုက်ရိုက်သော် လည်းကောင်း၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာပညာရေးမှူးများထံသို့လည်းကောင်း တင်ပြနိုင်ပြီး အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားများပြောကြားခဲ့ပြီး သင်တန်းတက်ရောက်နေသည့် ကျောင်းအုပ်ကြီးများအား Note Book (မှတ်စုစာအုပ်) များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဘားအံမြို့နယ်တွင် အခြေခံပညာကျောင်းအုပ်ကြီးများ (အထက်တန်း/အလယ်တန်း) မြို့နယ်အဆင့် စွမ်းရည်မြှင့် မွမ်းမံသင်တန်းကို မတ် ၁၇ ရက်မှ ၁၉ ရက်ထိ သုံးရက်ကြာဖွင့်လှစ်လျက်ရှိပြီး ကျောင်းအုပ်ဆရာ၊ ဆရာမ ၇၀ ဦးခန့် သင်တန်းတက်ရောက်လျက်ရှိကြောင်း၊ အလားတူ လှိုင်းဘွဲ၊ သံတောင်ကြီး၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်တို့တွင်လည်း သင်တန်းများဖွင့်လှစ်လျက်ရှိကာ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းအုပ် ဆရာ၊ ဆရာမ စုစုပေါင်း ၂၂၉ ဦးခန့် သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-စောမျိုးမင်းသိန်း၊**
**ဓာတ်ပုံ-ကိုညီ**

## ကျောက်တံခါးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျောက်တံခါး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျောက်တံခါးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်သည် မတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အလယ်ကျွန်းကျေးရွာ၊ သဲကောကျေးရွာတို့တွင် ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဝင်များအားလည်း အချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် တင်ဒါရကုမ္ပဏီတို့မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန RC နှစ်ထပ်ရုံးအဆောက်အအုံတည်ဆောက်နေမှုနှင့် မြောက်စုကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး RC နှစ်ထပ်ရုံးအဆောက်အအုံ ဆောင်ရွက်နေမှုကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်၊ မြောက်စုကျေးရွာကုန်ထုတ်လမ်း၊ ဂဝံခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း ပြီးစီးဆောင်ရွက်နိုင်ရေးနှင့် လမ်းအရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။ **တင်စိုး(ပဲခူး)**





## ဝန်ထမ်းများအား စားသောက်ကုန်များထောက်ပံ့

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီအုပ်ချုပ်ရေး ယန္တရား၏ ပင်မကြောရိုးထောက်တိုင်အဖြစ် သက်ဆိုင်ရာဌာနများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိုင်ငံတော်ကို သစ္စာရှိရှိဖြင့် အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိစေရန် ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်း ၈၃ ဦးအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကုလားပဲနှင့် ငါးသေတ္တာများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေ ဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားပြီး ဝန်ထမ်း ၄၆ ဦးအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥနှင့် ကြက်သွန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥတ္တရခရိုင်**
**(ပြန်/ဆက်)**

## မောင်တောမြို့၌ ခရိုင်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မောင်တော မတ် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်အပြတ် ဆက်လက်ဆောင်ရွက်ရန်၊ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး အစီအစဉ်များ၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေး ကြပ်မတ်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ စနစ်တကျ ပူးပေါင်းဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယခုလက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေများအား ပျက်ကွက်ပါက အရေးယူဆောင်ရွက်နိုင်မှုအခြေအနေအပေါ် ခရိုင်ဥပဒေအရာရှိက သုံးသပ်ဆွေးနွေးတင်ပြပြီး မြို့နယ် ကိုဗစ်-၁၉ ကော်မတီ ဥက္ကဋ္ဌများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

**သက်လွင်စိုး**
**(ခရိုင် ပြန်/ဆက်)**

## မဟာမကုဋ္ဌရံသီ မြတ်မော်တင်ဆံတော်ရှင်စေတီသို့ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



**ပုသိမ် မတ် ၁၉**
ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများကို ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားခဲ့ရာမှ ကိုဗစ် -၁၉ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ဝတ်ပြု၊ ကြည်ညိုကာ တရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြန်လည်ဖွင့်လှစ်ပေးပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းပင်လယ်ကမ်းခြေရှိ သရဏတောင်(ခေါ်)မြတ်မော်တင် တောင်ပေါ်တွင် တည်ထားကိုးကွယ်သည့် မဟာမကုဋ္ဌရံသီ မြတ်မော်တင်ဆံတော်ရှင်စေတီကိုလည်း ပြည်သူများ လာရောက်ဖူးမြော်လျက်ရှိသည်။

ယခုအခါ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်နိုင်ရန် ဗုဒ္ဓပူဇနိယပွဲတော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ တပေါင်းလဆန်း ၁ ရက်မှ လပြည့်နေ့အထိ ကျင်းပလျက်ရှိသည်။

တပေါင်းလပြည့်နေ့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့်အစဉ်အလာအတိုင်း ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆရာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်များ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်**

## မယ်စဲ့တွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး

**မယ်စဲ့ မတ် ၁၉**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဒေသခံပြည်သူများ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်နှင့်ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ အနာဂတ်သည် လူငယ်များ၏လက်ထဲတွင် ရှိသည့်အတွက် မိမိတို့ပတ်ဝန်းကျင်ရှိ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးကို ရှောင်ရှားစေလိုကြောင်းနှင့် နောင်တစ်ချိန်တွင် အနာဂတ်၏ သားကောင်းရတနာများဖြစ်စေရန် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘုန်းနိုင်က မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောပြီး မြို့နယ်ဥပဒေအရာရှိ ဦးမျိုးဇော်ဟိန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် လူငယ်ပြုပြင်ပျိုးထောင်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့က တက်ရောက်လာကြသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကျွန်းလှတွင် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

**ကျွန်းလှ မတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခြင်းကို မတ် ၁၈ ရက် ညနေ ၃ နာရီက မြို့နယ်စုပေါင်းရုံးဝင်း၌ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးငြိမ်းသတ်နည်း လက်တွေ့ပြသခဲ့ပြီး ဝန်ထမ်းများက လက်တွေ့ မီးငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါမီးငြိမ်းသတ်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## မြစ်ကြီးနား၌ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**မြစ်ကြီးနား မတ် ၁၉**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားခရိုင်အတွင်း နေရပ်စွန့်ခွာစခန်းအသီးသီးတွင် ရောက်ရှိခိုလှုံနေသော စစ်ဘေးရှောင်မိသားစုများ နေထိုင်ရန် တန်ဖိုးနည်းအိမ်ရာများကို မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာတွင် တည်ဆောက်လျက်ရှိရာ လက်ရှိကာလတွင် တည်ဆောက်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်းက ပြောကြားသည်။

"စစ်ဘေးရှောင်အိမ်ထောင်စု ၁၆ စုအတွက် နေအိမ် ၁၆ လုံးကို ငွေပျော်စံပြကျေးရွာမှာ တည်ဆောက်နေတာပါ။ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ လှူဒါန်းငွေနဲ့ တည်ဆောက်နေတာပါ။ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ သွပ်မိုးပျဉ်ကာ၊ ပျဉ်ခင်း နေအိမ်တွေဖြစ်ပါတယ်။ တန်ဖိုးနည်းနေအိမ်တစ်လုံးရဲ့ ကုန်ကျငွေက ရေအိမ်အပါအဝင် ၃၈ သိန်းကုန်ကျမှုရှိပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါ တန်ဖိုးနည်းနေအိမ်များကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်တည်ဆောက်လျက်ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပါက ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသို့ လွှဲပြောင်းပေးအပ်၍ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲမှုဖြင့် နေရပ်စွန့်ခွာပြည်သူများအား နေရာချထားပေးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးထံမှ သိရသည်။

**မိုးဃ်းကျ (မြစ်ကြီးနား)**



## မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် လှည်းယဉ်ကြော့များကို ယနေ့တိုင်အသုံးပြုနေ

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ တောရွာများတွင် အသုံးပြုသော နွားလှည်းများမှာ လှည်းယဉ်၊ ခြံအိမ်လှည်း၊ ပေါင်းမိုးလှည်း၊ လှည်းမြီးတို၊ ရေစည်လှည်း၊ ဘုံလှျိုလှည်း၊ မယားကန်လှည်း ဟူ၍ နွားလှည်းခုနစ်မျိုးရှိသည့်အနက် လှည်းယဉ် (ခေါ်)နွားလှည်းယဉ်သည်လည်း တစ်မျိုးအပါဝင်ဖြစ်သည်။ နွားလှည်းယဉ်ဆိုသည်မှာ ခြောက်စတောင်ပွတ်လုံးရုံတိုင်ကဲ့သို့ လှည်းအိမ်ကို အလှအပများဖြင့် ပြင်ဆင်မွမ်းမံထားသော အလှစီးလှည်းတစ်မျိုးဖြစ်သည်။



### လှည်းယဉ်ကြော့

နွားလှည်းယဉ် ဆင်စွယ်ညွတ် ဇင်ယော်တောင် မွန်းတည့်ကောက်ဟူ၍ သုံးမျိုးသုံးစားရှိသေးသည်။ ထိုလှည်းယဉ်ကို အလှူမင်္ဂလာပွဲလမ်းသဘင်များတွင် အသုံးများပြီး ပွဲများရှိ၍ ဘုန်းတော်ကြီးများပင့်ဆောင်ရာတွင်လည်း နွားလှည်းယဉ်ကို အသုံးပြုကြသည်။ တချို့ကျေးရွာများက မိမိတို့ကိုးကွယ်ဆည်းကပ်သည့်ဆရာတော်၊ သံဃာတော်များ သွားလာရေး အဆင်ပြေစေရန် လှည်းယဉ်ကြော့ကို လှူဒါန်းကြသေးသည်။

နွားလှည်းယဉ်သည် အလှစီးသက်သက်ဖြစ်ပြီး လူငါးဦးသာစီးနိုင်သည်။ရှေးအခါက ရှင်လောင်းလှည့်သည့်အခါ မောင်ရှင်လောင်းများကို နွားလှည်းယဉ်ပေါ်တင်ပြီး လှည့်ကြရာ ကြည်နူးဖွယ်ဖြစ်ရသည်။ နွားလှည်းယဉ်ကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသဖြင့် ခေတ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုကြသော်လည်း နှောင်းခေတ်ကာလတွင် တောဓလေ့သဘာဝနှင့် လိုက်ရောညီထွေမှုရှိစေရန် ပြုပြင်တည်ဆောက် အသုံးပြုလာကြသည်။

### ထိန်းသိမ်းစောင့်ရှောက်

ယခုခေတ်တွင် ပြည်ပမှ နည်းပညာအတတ်ပညာများဖြင့် မော်တော်ကား၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ ဝင်ရောက်ထိုးဖောက်နေရာယူကြသော်လည်း ကျေးလက်ဒေသရိုးရာသုံးနွားလှည်းယဉ်များကို ဆက်လက်တွင်ကျယ်စွာ လုပ်ကိုင်အသုံးပြုနေကြသည့်အတွက် အားရစရာတစ်ခုဖြစ်လာရသည်။ ထိုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုမြန်မာ့အမွေအနှစ်အမှတ်တရများကို ယနေ့အထိတွေ့မြင်နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်မှာ ဂုဏ်ယူစရာကောင်းလှပါသည်။

ရှေးယခင်ကတည်းက ခိုင်မာစွာတည်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ ရိုးရာဓလေ့များကို ဖော်ဆောင်ပေးသော လှည်းယဉ်ကြော့ ( ခေါ် ) နွားလှည်းယဉ်များ တိမ်ငုပ်ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ဇေယျာထက်**
**(မင်းဘူး)**

# မင်းဘူး (စကု) မြို့နယ် ကျောက်တန်းကျေးရွာတွင် ပန်းများလှိုင်လှိုင်ပေါ်ပြီး ရောင်းအားကောင်း၍ မေမြို့ပန်းစိုက်သူများ အဆင်ပြေ

**မင်းဘူး မတ် ၁၉**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာတွင် မေမြို့ပန်းစိုက်တောင်သူများသည် ပန်းများလှိုင်လှိုင်ပေါ်ပြီး ရောင်းအားကောင်းသဖြင့် အဆင်ပြေကြောင်း ကျောက်တန်းကျေးရွာ ပန်းစိုက်တောင်သူများထံမှ သိရသည်။

ပန်းများမှာ စားသောက်ကုန်ပစ္စည်း မဟုတ်သော်လည်း မြန်မာလူမျိုးတို့အတွက် ဘုရားကပ်လှူ၊ အလှူ၊ မင်္ဂလာ၊ ပွဲလမ်းသဘင်များအပြင် လူနေအိမ်များ၊ ပွဲရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်တို့၏ ဧည့်ခန်းများတွင် လှပခံ့ညားစေရန် အလှပန်းအိုးများတွင် စိုက်ထိုးထားကြသော အသုံးအဆောင်ပစ္စည်းတစ်မျိုးဖြစ်သည်။

ပန်းများမှာ သူ့အမျိုးနှင့်သူ ပန်းအမျိုးပေါင်းများစွာရှိသော်လည်း မေမြို့ပန်းကို ငါးလခန့် အချိန်ယူစိုက်ပျိုးရပြီး ထွန်ယက်ခ၊ ဘောင်ဆွဲခ၊ ပျိုးပင်များ ပြန်လည်စိုက်ပျိုးခများ အပါအဝင် တစ်ဧကကျပ် ၃၀၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျကြောင်း သိရသည်။

ပန်းများကို ရေဖျန်းခြင်းမဟုတ်ဘဲ ရေသွင်းခြင်းစနစ်ဖြင့်စိုက်ပျိုးပြီး မြေကြီးအစိုအခြောက်အပေါ်မူတည်၍ ငါးရက်တစ်ကြိမ်၊ ခုနစ်ရက်တစ်ကြိမ် စသည်ဖြင့် ရေသွင်းပေးရသည်။

ပိုးသတ်ဆေးများကို ပိုးကျမှဖျန်းပြီး အပင်ကောင်းဆေးများလည်း စိုက်ပျိုးမည့်အချိန်တွင် နွားချေး၊ မြေဆွေးများ ခံထားသည့်အတွက် လိုအပ်မှသာပက်ဖျန်းပေးရကြောင်း၊ ပန်းများပေါ်သည့်အချိန်တွင် တစ်ပြိုင်တည်း လှိုင်လှိုင်ပေါ်သည့်အတွက် နေ့စဉ်ရက်ဆက် ရောင်းချနေရပြီး မေမြို့ပန်းတစ်ပင် ကျပ် ၈၀ သုံးပင်



စည်းတစ်စည်းလျှင် ငွေကျပ် ၂၀၀ ဖြင့် လှိုင်လှိုင်ရောင်းချနေရ၍ စိုက်ပျိုးသူများ အဆင်ပြေကြောင်း မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာ မေမြို့ပန်းစိုက်တောင်သူ ဒေါ်မြကြည်ထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

# ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန်များ စတင်နုတ်သိမ်း

**ကျောက်ပန်းတောင်း မတ် ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများမှ ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန် စိုက်ပျိုးတောင်သူများ စတင်နုတ်သိမ်းနေကြပြီဖြစ်ကြောင်း မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးနန်းတင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်စိုက်ပျိုးတောင်သူ များပြားပြီး ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာ ၂၀ ကျော်သည် ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန်များစိုက်ပျိုးကြသည်။

ဆောင်းကြက်သွန် စတင်စိုက်ပျိုးရန် ကြက်သွန်မျိုးစေ့အား သီတင်းကျွတ်လတွင် စတင်ပျိုးထောင်ကြပြီး ပျိုးသက် ၄၅ ရက်အကြာတွင် ပျိုးပင်များအား စိုက်မည့်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ ယမန်နှစ်က ဆောင်းကြက်သွန် စတင်နုတ်သိမ်းရောင်းချချိန် တစ်ပိဿာ ငွေကျပ် ၁၆၀၀ ရောင်းချရပြီး ယခုနှစ် ဆောင်းကြက်သွန်နုတ်သိမ်းချိန်တွင် တစ်ပိဿာ ငွေကျပ် ၂၈၀ သာ ရောင်းချရခြင်းကြောင့် ဆောင်းကြက်သွန်စိုက်ပျိုးတောင်သူများ စတင်နုတ်သိမ်းရောင်းချချိန်တွင်ပင် အရှုံးနှင့် ရင်ဆိုင်နေရကြောင်း လဲ့ဂွကျေးရွာ ဆောင်းကြက်သွန်နုတ်သိမ်းရောင်းချနေသည့် တောင်သူ ဒေါ်ဌေးကြည်က ပြောကြားသည်။



ဆောင်းကြက်သွန်များအား တပေါင်းလ၊ တန်ခူးလတို့တွင် စတင်နုတ်သိမ်းကြပြီး ကြက်သွန်မိတ်ဖြတ်၍ လှောင်စင်များပေါ်တွင် လှောင်ထားကြကာ ဈေးကောင်းချိန်ရောက်လျှင် ပြန်လည်ထုတ်ရောင်းချကြကြောင်း၊ မလှောင်ထားနိုင်သည့် ကြက်သွန်စိုက်တောင်သူများမှာ ချက်ချင်းရောင်းချပြီး စရိတ်စက ပြန်လည်ရရှိရန် ရောင်းချရခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေရကြောင်း သိရသည်။

ဆောင်းကြက်သွန်ခေါ် လှောက်ကြက်သွန် စိုက်ပျိုးရန်စရိတ်စကအလွန်များပြားကြောင်း၊ နွားချေး ပုဇဉ်းခေါင်းထော်လာဂျီတစ်စီး ကျပ် ၃၅၀၀၀၊ ထွန်စက်ထွန်ခ တစ်နာရီ ကျပ် ၂၂၀၀၀၊ အမျိုးသားတစ်ဦးလုပ်အားခ ကျပ် ၈၀၀၀၊ အမျိုးသမီးကောက်စိုက်သူတစ်ဦး လုပ်အားခ ကျပ် ၅၀၀၀၊ စက်သုံးဆီဖိုး၊ နှမ်းဖတ်ဖိုး၊ ပဲဖတ်ဖိုး၊ ရွက်ဖျန်းဆေးဖိုး၊ ကြက်သွန်နုတ်ခ၊ ကြက်သွန်စိုက်ခင်းမှ လှောင်စင်အထိ သယ်ခများ ကုန်ကျစရိတ်များကြောင်း၊ ကြက်သွန်တစ်ဧကစိုက်ပျိုးလျှင် ကျပ်သိန်း ၂၀ မှ ၂၂ သိန်းထိ ခန့်မှန်းကုန်ကျကြောင်းသိရကာ ယခုနှစ် ဆောင်းကြက်သွန် စတင်နုတ်သိမ်းရောင်းချချိန်မှာပင် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများမှ ကြက်သွန်စိုက်ပျိုးတောင်သူများ အရှုံးနှင့် စတင်ရင်ဆိုင်နေရကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံတွင် ကုလားပဲမျိုးများ သုတေသနပြုလုပ်

**ကျောက်ဆည် မတ် ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံတွင် ကုလားပဲမျိုးများ သုတေသနပြုလုပ်နေသည့်အပြင် ဒေသအတွက် လိုအပ်လျက်ရှိသော ကုလားပဲမျိုးများ နှစ်စဉ် စိုက်ပျိုးဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံအနေဖြင့် နှစ်စဉ် မိုးနှောင်းရာသီတွင် ကုလားပဲသီးနှံများကို သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ကုလားပဲသီးနှံများ သုတေသနပြုလုပ်ရာတွင် သက်လျင်၊ အစေ့ကြီး၊ အမြစ်ရောဂါဒဏ်ခံနိုင်သော ကုလားပဲမျိုးများ ရှာဖွေခြင်းကို အဓိကထားလုပ်ဆောင်လျက်ရှိကာ မျိုးကူးစက်ခြင်း၊ သားဆက်အဆင့်ဆင့်ရွေးချယ်ခြင်း၊ အဆင့်ဆင့် အထွက်ယှဉ်ပြိုင်ခြင်း၊ အလားအလာကောင်းသော ကုလားပဲသီးနှံများအား နှစ်စဉ် မျိုးစေ့ပွားများထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သီးလုံးဖောက်ပိုးဒဏ် ခံနိုင်သည့် ကုလားပဲမျိုးများရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ဒေသအတွက် မျိုးလိုအပ်လျက်ရှိသော အထွက်ကောင်း၍ ပိုမွှားကင်းစင်သော ကုလားပဲမျိုးများဖြစ်သည့် ရေဆင်း (၆)၊ ရေဆင်း (၁၂) အနီကုလားပဲမျိုးများ၊ ရေဆင်း (၃)၊ ရေဆင်း (၈)၊ ရေဆင်း (၁၁)၊ ရေဆင်း (၁၃) အဖြူကုလားပဲများကို နှစ်စဉ် ဖြန့်ဖြူးလျက်ရှိကြောင်း ခြံတာဝန်ခံ ဦးတင့်လွင်က ပြောကြားသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ယခုနှစ် မိုးနှောင်းရာသီတွင် ကုလားပဲစိုက်ဧက ၂၇၅၇၁ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်မြို့နယ် ယောချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ ပိဿာချိန် ၅၀၀၀၀ ခန့်ဝင်ရောက်

**ပခုက္ကူ မတ် ၁၉**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ နေ့စဉ် ပိဿာချိန် ၅၀၀၀၀ ခန့် ဝင်ရောက်လာကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုထံမှ သိရသည်။

ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းတစ်လျှောက်စိုက်ပျိုးသည့် အာလူးများ လှိုင်လှိုင်ပေါ်ချိန် ပခုက္ကူဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိကာ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ဖြင့် ရောင်းချရကြောင်း ပေါက်မြို့နယ်မှ အာလူးစိုက်တောင်သူ ဦးစိုးလှိုင်က ပြောကြားသည်။

အာလူးစိုက်ပျိုးချိန်တွင် အထွက်နှုန်းကောင်းရန် ကိုင်းကျွန်းမြေထွန်ရေးညက်စွာထွန်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးကြသည်။ အပင်ဖြစ်ထွန်းချိန် ဥဥနှုန်းကောင်းရန်နှင့် ဥကြီးရန်အတွက် ရွက်ဖျန်းဆေးကို စနစ်တကျပက်ဖျန်းပေးရကြောင်း၊ ရေသွင်းစိုက်ပျိုးနည်းဖြင့်စိုက်ပျိုးပြီး အာလူးစိုက်တောင်သူအများစုမှာ အာလူးအထွက်နှုန်း အဆင်ပြေကြပြီး တောင်သူများမျှော်လင့်သည့် ဈေးနှုန်းရရှိခြင်းကြောင့် အဆင်ပြေကြောင်း ဦးစိုးလှိုင်က ပြောကြားသည်။

ပခုက္ကူဈေးကွက်တွင် အာလူးအချိန်မြောက်မြားစွာဝင်လျက်ရှိပြီး တစ်ပိဿာဈေးနှုန်း ကျပ် ၉၀၀ ရောင်းချရခြင်းကြောင့် ယမန်နှစ်က အာလူးပေါ်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၆၀၀ သာရောင်းချရပြီး တစ်ပိဿာ ငွေကျပ် ၃၀၀ ပိုမိုရောင်းချနေရကြောင်း အာလူးစိုက်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ကြောင်းလည်း ပေါက်မြို့နယ် အာလူးစိုက်တောင်သူ ဦးစိုးလှိုင်က ရှင်းပြသည်။

**ကိုထိန် (KPD)**

■





## တတိယမြောက်ရင်သွေးလေးရရှိပြီဖြစ်ကြောင်း ရှင်ယန်ဂျွန်း ပြောကြား

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ရှင်ယန်ဂျွန်းက ဇနီးဖြစ်သူဟာ တတိယမြောက်ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း ပရိသတ်တွေကို လတ်တလောမှာ ထုတ်ဖော်အသိပေးခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တတိယမြောက် ရင်သွေးလေးရရှိပြီဖြစ်ကြောင်းကို ရှင်ယန်ဂျွန်းက မတ် ၁၉ ရက်မှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြရာမှာလည်း ရှင်ယန်ဂျွန်းက သူတို့မိသားစုဟာ လက်ရှိမှာ ခက်ခဲတဲ့အချိန်တွေကို ကျော်ဖြတ်နေရကြောင်း၊ ဒီလို ခက်ခဲတဲ့အချိန်မှာပင် ရင်သွေးလေးရရှိခဲ့တာကြောင့် သူတို့အတွက် ဘုရားက ကောင်းချီးပေးမှုတစ်ခုအဖြစ် မှတ်ယူကာ ဝမ်းသာမိကြောင်း ထည့်သွင်းရေးသားဖော်ပြထားပါတယ်။ ဒါ့အပြင် မင်းသားက ပရိသတ်တွေအနေနဲ့ သူ့ရဲ့ဇနီးသည် ချောချောမွေ့မွေ့ မီးဖွားနိုင်ဖို့နဲ့ ရင်သွေးလေးရဲ့ ကျန်းမာရေးအတွက် ဆုတောင်းပေးဖို့ကိုလည်း တောင်းဆိုထားတာတွေ့ရပါတယ်။

ရှင်ယန်ဂျွန်းနဲ့ သူ့ရဲ့ ဇနီးဖြစ်သူတို့ဟာ ၂၀၁၃ ခုနှစ်အတွင်း လက်ထပ်ခဲ့ကြပြီး ပထမဆုံး ရင်သွေးလေးဖြစ်တဲ့ သားလေးကို ၂၀၁၆ ခုနှစ်အတွင်း မွေးဖွားခဲ့ပါတယ်။ အဲဒီနောက် ဒုတိယမြောက်သားလေးကို ၂၀၁၈ ခုနှစ်အတွင်း မွေးဖွားခဲ့ပြီး လတ်တလောမှာတော့ တတိယမြောက် ရင်သွေးလေးရရှိခဲ့တာလည်း ဖြစ်ပါတယ်။

## လက်ထပ်တော့မယ့် ရှင်ဂိုအွန်းနဲ့ ယွန်ဂျွန်ဟွာ

တောင်ကိုရီးယား ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရှင်ဂိုအွန်းနဲ့ ယွန်ဂျွန်ဟွာတို့ဟာ လာမယ့် မေလအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို လာမယ့် မေ ၁၉ ရက်မှာ ဆိုးလ်မှာပင် ပြုလုပ်သွားမှာဖြစ်ပါတယ်။ မင်္ဂလာပွဲ အခမ်းအနားကို ဧည့်ပရိသတ် အနည်းငယ်နဲ့သာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို လူအနည်းငယ်နဲ့သာ မင်္ဂလာအခမ်းအနားကျင်းပရန် စီစဉ်ရခြင်းမှာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေကြောင့် ဖြစ်ကြောင်းလည်း သိရပါတယ်။



ရှင်ဂိုအွန်းနဲ့ ယွန်ဂျွန်ဟွာတို့ဟာ MBC ရုပ်သံလိုင်းကနေ ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင် Bad Love မှာ အတူတွဲဖက် သရုပ်ဆောင်ကြရင်း တွေ့ဆုံခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဇာတ်လမ်းတွဲ ရုပ်ရှင်ထုတ်လွှင့်မှုအပြီး ၂၀၂၀ ပြည့်နှစ်ဝန်းကျင်မှာ ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတာလည်း ဖြစ်ပါတယ်။

ရှင်ဂိုအွန်းဟာ ၂၀၁၁ ခုနှစ်အတွင်း တေးသံရှင်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို စတင်လုပ်ဆောင်ခဲ့ကာ နောက်ပိုင်းမှာ ဇာတ်လမ်းတွဲရုပ်ရှင်တွေ ရိုက်ကူးခဲ့တာပါ။ ယွန်ဂျွန်ဟွာကတော့ သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို စတင်ခဲ့သူ ဖြစ်ကြောင်း သိရပါတယ်။

## ကြည့်ရှုသူ သန်း ၄၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ TWICE ရဲ့ FANCY

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ TWICE ရဲ့ တေးဗီဒီယို FANCY ဟာ လတ်တလောမှာ ကြည့်ရှုသူ သန်း ၄၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တေးဗီဒီယိုဟာ အဖွဲ့ရဲ့ ထုတ်လွှင့်ခဲ့သမျှသော တေးဗီဒီယိုတွေအနက် သန်း ၄၀၀ ပြည့်ခဲ့တဲ့ ငါးခုမြောက်တေးဗီဒီယိုဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၉ ရက်မှာ အဆိုပါ တေးဗီဒီယိုကို ကြည့်ရှုသူအရေအတွက် သန်း ၄၀၀ ကျော်လွန်သွားခဲ့တာပါ။ စတင်ထုတ်လွှင့်ပြီးနောက် တစ်နှစ် ၁၀ လနဲ့ ၂၅ ရက်မှာ ယခုလို ကြည့်ရှုသူ သန်း ၄၀၀ ကျော်လွန်ခဲ့တာလည်း ဖြစ်ပါတယ်။





## စစ်မှုထမ်းဆောင်ပြီးနောက် ဇာတ်လမ်းတွဲသစ် ရိုက်ကူးဖို့ရာ ဆွေးနွေးနေတဲ့ ပါ့ခ်ဟွန်ဆစ်

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ ပါ့ခ်ဟွန်ဆစ်ဟာ မကြာသေးမီက စစ်မှုထမ်းဆောင်မှုပြီးဆုံးခဲ့တာပါ။ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံးအနေနဲ့ ဇာတ်လမ်းတွဲသစ်ကို လက်ခံရိုက်ကူးပေးဖို့ရာ ရှိနေပြီး လက်ရှိမှာတော့ ဆွေးနွေးနေဆဲ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဟွန်ဆစ်ရဲ့ အေဂျင်စီက မင်းသားအနေနဲ့ ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားဖို့ရှိနေကြောင်း မတ် ၁၉ ရက်က ထုတ်ဖော်ပြောကြားခဲ့တာပါ။ အဆိုပါ ဇာတ်လမ်းတွဲဟာ နန်းတွင်းရုပ်ရှင်အမျိုးအစားဖြစ်ပြီး ပါ့ခ်ဟွန်ဆစ်ကတော့ မင်းသား လီဝမ်အဖြစ် ပါဝင်သွားဖို့ရာ လက်ရှိမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပါ့ခ်ဟွန်ဆစ်ဟာ စစ်မှုထမ်းဆောင်ပြီးနောက်မှာ ဇာတ်လမ်းတွဲများစွာမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခံထားရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ပါဝင်သွားမယ့် ဇာတ်လမ်းတွဲကို အတည်ပြုခဲ့ခြင်း မရှိသေးတာကြောင့် ပါ့ခ်ဟွန်ဆစ်အနေနဲ့ ဘယ်လိုဇာတ်ကောင်ပုံစံနဲ့ ပရိသတ်ရှေ့ အရောက်ပြန်လာမလဲဆိုတာကိုတော့ ပရိသတ်တွေက စိတ်ဝင်တစားစောင့်ကြည့်နေကြောင်းလည်း သိရပါတယ်။

## တေးယွန်နဲ့ ဂျန်ဆိုမင်တို့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တွဲဖက်ပါဝင်ဖို့ရာ ဆွေးနွေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ 2PMရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နောက်ပိုင်းမှာ သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ တေးယွန်က ရှေးခေတ်ကို နောက်ခံထားမယ့် ဇာတ်လမ်းတွဲ ရုပ်ရှင်သစ်တစ်ကားမှာ မင်းသမီး ဂျန်ဆိုမင်နဲ့အတူ တွဲဖက်ပါဝင်သွားဖို့ ကမ်းလှမ်းခံထားရပြီး လတ်တလောမှာတော့ အဆိုပါ ဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးဖို့ရာ ဆွေးနွေးနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



Tale of the Secret Royal Inspector and Jo Yi လို့ ယာယီအမည်ပေးထားတဲ့ အဆိုပါ ဇာတ်လမ်းတွဲမှာ တေးယွန်ပါဝင်သွားမယ့် သတင်းနဲ့ပတ်သက်ပြီး အေဂျင်စီက အတည်ပြုခဲ့ကာ လက်ရှိမှာ ဆွေးနွေးနေကြောင်း ပြောကြားခဲ့တာပါ။ ဒါပေမယ့် အေဂျင်စီရဲ့ ပြောကြားချက်အရ အဆိုပါ ဇာတ်လမ်းတွဲဟာ လက်ရှိမှာ တေးယွန်ကို ကမ်းလှမ်းထားတဲ့ ဇာတ်လမ်းတွေ များစွာထဲက တစ်ခုသာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်မှာ မင်းသမီး ဂျန်ဆိုမင်ဟာ တေးယွန်နဲ့အပြိုင် အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရပြီး လက်ရှိမှာတော့ ဆွေးနွေးနေဆဲ အခြေအနေမှာသာ ရှိနေသေးတာလည်း ဖြစ်ပါတယ်။

အေးပြည့်-စုစည်းသည်






## ဒိုင်နမိုဇာဂရက်အသင်းကို ရှုံးနိမ့်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲမှ စပါးအသင်း ထွက်ခဲ့ရ

ပရီမီယာလိဂ်ကလပ် စပါးအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့် မတ် ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာတော့ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ကာ ယူရိုပါလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒိုင်နမိုဇာဂရက်အသင်းနဲ့ စပါးအသင်းတို့ရဲ့ ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဒိုင်နမိုဇာဂရက်အသင်းအတွက် သွင်းဂိုးတွေကို အော်ဆစ်က ပွဲကစားချိန် ၆၂၊ ၈၂ နဲ့ ၁၀၆ မိနစ်တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒိုင်နမိုဇာဂရက်အသင်းအတွက် သွင်းဂိုးသုံးဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အော်ဆစ်ဟာ စပါးအသင်းနဲ့ ပွဲစဉ်မှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဒိုင်နမိုဇာဂရက်အသင်းနဲ့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဟက်ထရစ်သွင်းဂိုးနှစ်ကြိမ်မြောက်သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမား တစ်ဦးဖြစ်လာခဲ့ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီကလည်း ဒိုင်နမိုဇာဂရက်အသင်းက အတ္တလန္တာအသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ကလပ် အသင်းတစ်သင်းဖြစ်တဲ့ အာဆင်နယ်အသင်းကတော့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ အိုလံပီယာကို့စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ပထမအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ အိုလံပီယာကို့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပပြိုင်ပွဲငါးရာသီမှာ လေးကြိမ်မြောက် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းနဲ့ အေစီမီလန်အသင်းတို့ရဲ့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာတော့ မန်ယူအသင်းက ကွင်းလယ်ကစားသမား ပေါ့ဘာရဲ့ ပွဲကစားချိန် ၄၈ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ယူရိုပါလိဂ်ကွာတား ဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေ မဲခွဲအပြီးမှာ ဂရန်နာဒါအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး အခြားသော ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာတော့ အာဆင်နယ်အသင်းက ဆလာဗီယာပရက်အသင်းနဲ့လည်းကောင်း၊ အေဂျက်အသင်းက ရိုးမားအသင်းနဲ့လည်းကောင်း၊ ဒိုင်နမိုဇာဂရက်အသင်းက ဗီလာရီးယဲလ်အသင်းနဲ့လည်းကောင်း အသီးသီး ထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။

### ○ ချန်ပီယံလိဂ်မှ

လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ ၂၀၁၈ ခုနှစ်အတွင်းကလည်း ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဲဒီနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ဆုဖလားကို ၁၃ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

■



## ဂျက်ဂရီလစ်ရှ်ကို ခေါ်ယူရန် မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ အပြိုင်ကြိုးပမ်းနေ

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းဟာ အက်စ်တွန်ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းနဲ့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အမှတ်ပေးဇယားထိပ်ဆုံးက အသင်းတွေရဲ့ ပစ်မှတ်ထားမှုကို ခံခဲ့ရတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားဂျက်ဂရီယယ်လစ်ရှ်ဟာ လက်ရှိအချိန်မှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားတာဖြစ်ပြီး ဂျက်ဂရီယယ်လစ်ရှ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် သန်း ၁၀၀ အထိ အက်စ်တွန်ဗီလာအသင်းက သတ်မှတ်ထားတာဖြစ်ပါတယ်။

## လီဗာပူးအသင်းနဲ့ စပါးအသင်းတို့က ရှော်လ်ကေးတိုက်စစ်မှူး ဟော့ပီကို ခေါ်ယူရန် စိတ်ဝင်စားနေ

ပရီမီယာလိဂ် ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းရဲ့ တိုက်စစ်မှူး မက်သရူးဟော့ပီကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။



အသက် ၂၀ အရွယ်ရှိ အမေရိကန်ကြယ်ပွင့် မက်သရူးဟော့ပီဟာ အခုနှစ်ဘောလုံးရာသီမှာ ရှော်လ်ကေးအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၁၅ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးငါးဂိုး အထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်ကလပ် အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်း၊ မန်ယူအသင်း၊ မန်စီးတီးအသင်းနဲ စပါးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး 90 minute အားကစားသတင်းဝက်ဘ်ဆိုက်ရဲ့ ဖော်ပြချက်မှာတော့ လီဗာပူးအသင်းနဲ့ စပါးအသင်းတို့က တိုက်စစ်မှူး မက်သရူးဟော့ပီကို အခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

ရှော်လ်ကေးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရလဒ်ပိုင်းဆိုးရွားမှုတွေ ဖြစ်ပေါ်ခဲ့တာကြောင့် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၂၅ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် ၁၀ မှတ်သာ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေတာဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူး မက်သရူးဟော့ပီဟာ ရှော်လ်ကေးအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေပြီး လိုက်ဇစ်အသင်းဆီကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေရှိနေတယ်လို့လည်း သတင်းတွေထွက်ပေါ်လျက်ရှိတာ ဖြစ်ပါတယ်။

ငွေကြယ်- ရေးသားသည်

# ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ဧပြီလ (၃၀)ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ကြေညာချက်အမှတ် ( ၅ /၂၀၂၁ )
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ် လ ၁၉ ရက်)

၁။ နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား ၁-၄-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့ အထိ ကင်းလွတ်ခွင့် ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ COVID-19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေးထိခိုက်ခဲ့မှုများ ဆက်လက်ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်တင်ပို့မှုအပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



ကြေးမုံ ယနေ့ ဖတ်စရာ


**ဆီးချိုရောဂါ ကြိုတင်ကာကွယ်ပါ**
စာမျက်နှာ » ၁၁

**ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် ဖိလစ်ပိုင်အတည်ပြု**
စာမျက်နှာ » ၁၂

**AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ ဘေးကင်းလုံခြုံမှု ရှိကြောင်း အီးယူဆေးဝါးအေဂျင်စီ ပြောကြား**
စာမျက်နှာ » ၁၃

**အန္တရာယ်ကို သိမြင် ဆင်ခြင်နိုင်ကြစေ**
စာမျက်နှာ » ၂၁


## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် လီဗာပူးနဲ့ ရီးယဲလ်မက်ဒရစ်တို့ ထိပ်တိုက်တွေ့ဆုံနေ




ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို မတ် ၁၉ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ထိပ်တိုက် တွေ့ဆုံလျက်ရှိပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ ပေါ်တိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

### ယှဉ်ပြိုင်ကစား

လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးအသင်းကတော့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာလည်း ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဲဒီနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက ပီအက်စ်ဂျီအသင်းကို ကင်စလေကိုးမန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

အခုမဲခွဲဆုံးဖြတ်ခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေကို ဧပြီ ၆၊ ၇၊ ၁၃ နဲ့ ၁၄ ရက်တို့မှာ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၂၇ ရက်နဲ့ ၂၈ ရက်တို့မှာ ကျင်းပမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၄ ရက်နဲ့ ၅ ရက်တို့မှာ ကျင်းပသွားဖို့ ရှိနေတာဖြစ်ပါတယ်။

**စာမျက်နှာ ၃၀ ကော်လံ ၁ သို့** ○